www.burmeseclassic.com

# အသင်

## ကောင်းကင်ဘုံ သို့ တမ်းချင်းတစ်ပုဒ်



BURMESE CLASSIC .com

L.လင်း

www.burmeseclassic.com

www.burmeseclassic.com

# အသင်

# ကောင်းကင်ဘုံသို့
# တမ်းချင်းတစ်ပုဒ်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၁

"မောင် ...

ကျွန်မစိတ်တွေက ထိန်းချုပ်ခံရလွန်းလို့ ပေါက်ကွဲတော့မတတ်ပါပဲ။ မောင်ချစ်တဲ့ကောင်မလေးနဲ့ မောင်မဆုံစည်းစေဖို့ ကြိုးစားနေရတာလောက် ပင်ပန်းတာမျိုး မရှိတော့ပါ

မေတ္တာဖြင့်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ရက်စက်တယ်လို့ ဆိုချင်ဆို။ မောင့်ကို ကျွန်မ ပိုင်ဆိုင်ခွင့်မရသလို မောင်လည်း သူ့ကို မပိုင်ဆိုင်စေရဘူး။ ဒါ ကျွန်မရဲ့ကျိန်ဆိုမှုပဲ"

ရေးလက်စဒိုင်ယာရီ စာအုပ်ပေါ်သို့ သို့မမျက်နှာ မှောက်ချလိုက်သည်။ စိတ်ကို ဖြေလျှော့လိုက်ပြီး လွတ်လပ်ခွင့် ပေးလိုက်သည်နှင့် တစ်ပြိုင်နက်တည်း စာရွက်သားဖြူဖြူပေါ်မှာ မျက်ရည်စ,တွေ ပျံ့ကျဲသွားသည်။

မဖြစ်နိုင်မှန်းသိရက်နဲ့ မျှော်လင့်နေမိတာ သူမ အမှားလား။ မှားနေမှန်းသိရက်နဲ့ နောက်မဆုတ်နိုင်ခဲ့တာလည်း ဝဋ်ကြွေးတစ်ခုပဲလား။ တကယ်လို့များ ဒါဟာ ဝဋ်ကြွေးတစ်ခုဆို အဲဒီဝဋ်ကြွေးကို အကြေဆပ်ဖို့ သူမ အစွမ်းကုန်ကြိုးစားသွားမှာပါ။





၂

"စိတ်ပျက်လိုက်တာ တကယ်ပဲ"

ကန်တော်ကြီးစောင်းက နှစ်ယောက်ထိုင်ခုံလေးပေါ် ဆောင့်အောင့်ထိုင်ချရင်း မင်းနီရည် မကျေမနပ် ရေရွတ်လိုက်သည်။

"ဘာဖြစ်တာလဲ မင်းနီရည်ရဲ့၊ နှုတ်ခမ်းက ထော်ရတဲ့ကြားထဲ စူထားလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



မင်နီရဲ့ ခါးအထိ ဖြောင့်စင်းသော ဆံပင်လေးက တာရာ့ကို လှည့်အကြည့်မှာ ဖျတ်ခနဲ ခါသွားသည်။

“စံပြထင်ပေါ့ … နောက်က တကောက်ကောက်လိုက်လာတယ်”

တာရာ့မျက်နှာ ပန်းရောင်ပြေးပြေးမှ အနီရောင်ဘက် ယှက်သမ်းသွားသည်။ ပြီးမှ သက်ပြင်းသဲ့သဲ့ချလိုက်ကာ …

“မင်နီက ကို့စကားမှ နားမထောင်တာ၊ အတူတူသွားကြမယ်လို့ ပြောထားတဲ့ဟာ”

“မဖြစ်လို့ပေါ့ ကိုရယ်၊ အိမ်က မင်နီ ရည်းစားထားတာ သိရင်သတ်မှာ၊ အခုတောင် မနည်း လှည့်ပတ်ထွက်လာရတာ”

“မင်နီနဲ့ ကို၊ ကြိုက်နေတာ သူ မသိလို့လား”

“တစ်ကျောင်းလုံး သိကြတဲ့ဟာ၊ သူ မသိဘဲ ဘယ်ရှိပါ့မလဲ၊ ခက်တာက သူက ဘာဆိုဘာမှ မပြောဘဲ ဒီအတိုင်း လိုက်နေတာ၊ ရန်တွေ့ရလည်း အခက်ပဲ”





သူက ထုံးစံအတိုင်း ပိုးသားလို ပြောင်လက်နူးညံ့သော မင်နီ့ ဆံပင်လေးတွေကို ခပ်ဖွဖွ ပွတ်သပ်နေမိသည်။

“အဓိက,က မင်နီပဲလေ၊ သူ ဘယ်လိုပဲကြိုးစားကြိုးစား မင်နီ့ပေါ်မှာပဲ မူတည်တယ်၊ မင်နီသာ ကို့ကို သစ္စာရှိနေဖို့လိုတာပါ”

“ကြည့် … လုပ်ပြီ၊ မင်နီရည် ဆိုတဲ့မိန်းမချစ်တာ “တာရာထွေး”ဆိုတဲ့ ,ရှင့်တစ်ယောက်တည်းကိုပါ”

တာရာက ကျေနပ်ပြုံးလေး ပြုံးလိုက်ပြီး မင်နီ့ကို ရင်ခွင်ထဲ ဆွဲသွင်းဖက်ထားလိုက်သည်။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



❋ ၂ ❋

မောင်နဲ့ပထမဆုံးတွေ့ဆုံခဲ့တဲ့ နေ့လေးကို မှတ်မိပါသေးတယ်။ ချမ်းချမ်းအေးအေး ဒီဇင်ဘာမနက်ခင်းတစ်ခုမှာပေါ့။ ဂျာကင်အင်္ကျီခေါင်းစွပ်အနက်လေးဝတ်ပြီး နှင်းမှုန်ဖွဲဖွဲမှာ ခပ်မတ်မတ် ကိုယ်နေဟန်နဲ့ အိတ်ကပ်တစ်ဖက်ဆီထဲ လက်ထည့်ပြီးလမ်းလျှောက်လာတဲ့ မောင့်ဒီဇိုင်းလေးက တော်တော်မိုက်တယ်။





ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်ဝင်းထဲ ကားပါကင်ထိုးပြီး ကားပေါ်က ဆင်းဆင်းချင်း မောင့်ကိုလှမ်းမြင်လိုက်တာလေ။ ကျွန်မဘေးက မောင် ဖြတ်သွားတော့ မောင့်ဆီက ရနံ့တစ်ခုက ကျွန်မနှလုံးသားထဲ ထင်ကျန်ခဲ့တယ်။ မောင့်ရဲ့ ကိုယ်သင်းနံ့လေးပေါ့။

မလုပ်သင့်ဘူးဆိုတာ သိပေမယ့် မောင့်နောက်ကနေ စိတ်ညှို့ခံထားရသူတစ်ယောက်လို ကျွန်မ တောက်လျှောက်လိုက်ခဲ့မိတယ်။ သုံးထပ်ဆောင်ဘက်ကို မောင် ဦးတည်သွားတာတွေ့မှ ကျွန်မအသိဝင်ပြီး ပြန်လှည့်နိုင်ခဲ့တယ်လေ။ အပြစ်ရှိသူတစ်ယောက်လို ခံစားရပြီး၊ မလုံမလဲ ဖြစ်မိတာတော့ အမှန်ပါပဲမောင်။

မောင်ရှိတတ်တဲ့ နေရာတိုင်းမှာ အရိပ်လိုရှိနေတာ၊ ကျွန်မ ပျော်တယ်။ ညီညာဖြူဖွေးတဲ့ သွားလေးတွေပေါ်အောင် မောင် ပြုံးလိုက်တိုင်း ကျွန်မရင်တွေ တဒုန်းဒုန်းနဲ့ ခုန်လို့ပေါ့။ မောင့်အကြောင်းတွေးမိတဲ့ညဆို အိပ်မပျော်တတ်ခဲ့ဘူး။ မောင်က



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်မ ခံစားချက်တွေကိုသိရင် "ပိုလွန်းတယ်"လို့ပဲ ဆိုမလား။

မောင့်လိပ်စာကို တိတ်တဆိတ် စုံစမ်းပြီး စာတွေရေးပို့နေတာ ကျွန်မပါ။ မောင်ဖတ်မယ်လို့ ကျွန်မ ယုံကြည်တယ်လေ။ စာတွေအားလုံးကို အင်္ဂလိပ်လိုရေးပို့ပေမယ့် ကျွန်မမေဂျာက အင်္ဂလိပ်မဟုတ်ခဲ့ဘူး။

စာတွေများများ လက်ခံရလေလေ မောင်က ပတ်ဝန်းကျင်က ကောင်မလေးတွေကို သံသယစိတ်နဲ့ ကြည့်လေလေပဲ မဟုတ်လား။

မောင့်ဆီ စာတွေရေးနေတဲ့ အချိန်ဟာ ကျွန်မအတွက် ကြည်နူးစရာအကောင်းဆုံး အချိန်ပါပဲ။

ဘာပဲဖြစ်ဖြစ် မောင့်အတွေးကမ္ဘာထဲကို "Heaven" ဆိုတဲ့ ကောင်မလေးတစ်ယောက် ထည့်ပေးနိုင်ခဲ့တဲ့အတွက် ကျေနပ်မိတယ်။ မောင့်ကို စောစောစီးစီး တွေ့ခဲ့ရရင် သိပ်ကောင်းမှာပဲ။ ကုန်လွန်သွားတဲ့ အချိန်တွေကို နှမြောနေမိတယ်။





စာသင်ရက်တွေ ပြီးဆုံးသွားမှာ အကြောက်ဆုံးသူဟာ ကျွန်မပဲ ဖြစ်မှာပါ။ မောင့်မျက်နှာကို မနက်မိုးလင်းလို့ ကျောင်းရောက်တိုင်း အရင်ဆုံးမြင်ချင်မိတယ်။ တကယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၄

စံပြထင် ရေပိုက်ခေါင်းက ကျဆင်းလာသောရေတို့ကို လက်ခုပ်နှင့် ခံယူကာ ပူစပ်ပူလောင် ဖြစ်နေသော မျက်နှာကို စိတ်ရှိလက်ရှိ သစ်နေမိသည်။ မျက်နှာက အေးသွားသော်လည်း ရင်ထဲက အပူမီးက လျော့ပါးမသွားဘဲ ပိုလို့တိုးလာသလိုပင်။





"ငါ့မှာ ရည်းစားရှိနေတယ် ဆိုတာ နင် သိသိနဲ့ ဘာလို့ နောက်ကနေ တကောက်ကောက် လိုက်နေတာပဲ။ နင့်မှာ ကြိုက်စရာ မိန်းကလေး ဒီလောက်ရှားလား"

လူကြားထဲမှာ မင်နို့စကားတွေက သူ့အရှက်သိက္ခာ ဘာတစ်ခုမှ မကျန်အောင် ချိုးဖဲ့ပစ်လိုက်သည်။ သူ ခပ်ဆွေးဆွေးလေး ပြုံးမိသည်။ ဟုတ်တယ် သိပ်ရှားတာပေါ့။ ငယ်ငယ်လေးတည်းက နင့်ကို ငါ တိတ်တခိုးချစ်ခဲ့ရတာလေ။

အမှတ်တမဲ့ သူ့ဘေးက ဘေစင်မှာ လက်ဆေးနေတဲ့လူဆီ အကြည့်ရောက်သွားသည်။ နားလည်ရခက်တဲ့ မျက်ဝန်းတွေနဲ့ ပြန်ကြည့်ပြီး လှောင်ရိပ်စွက်တဲ့အပြုံးတွေနဲ့ လှမ်းပြုံးပြနေတဲ့ ထိုကောင့်ကို သူ ဆွဲထိုးပစ်ချင်မိသည်။

ယောကျ်ားတန်မဲ့ သွယ်ပျောင်း၍ ဖြူနုသောလက်ချောင်းရှည်ရှည်တို့က သူ့ရဲ့လူနေမှုအဆင့်အတန်းကို ဖော်ပြနေသလိုပင်။ ယောကျ်ားချင်း ချီးကျူးရလောက်အောင် ချောမွေ့သော သူ့မျက်နှာ ကိုယ်ဟန်အနေအထားနဲ့ ပြည့်စုံကြွယ်ဝမှုတို့ကို "စံပြထင်"ဆိုသည့်ကောင်က ဘယ်မှာယှဉ်နိုင်ပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



"U.F.L မှာ မိန်းကလေးတွေ အများကြီးပါ၊ အားလုံးလည်း သူ့ဟာနဲ့သူ လှကြတာချည်းမဲ၊ နံပါတ်တပ်ထားပြီးသား မိန်းကလေးအတွက် ခင်ဗျား ဘာလို့ အချိန်ကုန်ခံချင်ရတာလဲ"

လက်ကရေစက်လေးတွေ ခါချပြီး ခပ်ထောင်ထောင် ဆံပင်တွေကိုသပ်ရင်းက သူ ဆိုသည်။

"မင်းမှာ ငါ့ကို ဒီလိုအမိန့်ပေးပိုင်ခွင့် မရှိဘူး၊ မင်နီရည်ကို မင်းယူထားတာ မဟုတ်ဘူး၊ လွတ်လပ်တဲ့ မိန်းကလေးတိုင်းကို လွတ်လပ်တဲ့ယောကျ်ားလေးတိုင်း မျှော်လင့်ခွင့်ရှိတယ်"

တာရာက ခပ်မာမာ ပြောလိုက်သော စံပြထင်ကို တစ်ချက်ကြည့်ပြီး မခိုးမခန့် ပြုံးလိုက်ကာ ...

"ဟုတ်ပြီလေ၊ ကိုယ်က မင်းကို စေတနာနဲ့ ပြောတာပါ၊ မင်းလက်မလျှော့နိုင်ဘူးဆိုတော့လည်း မင်းသဘောပဲပေါ့၊ ဒါပေမဲ့ မင်နီက ကိုယ့်အပေါ် ဘယ်တော့မှ သစ္စာဖောက်





မှာမဟုတ်ဘူးဆိုတာ အချိန်ကြာလာတာနဲ့အမျှ မင်းသဘောပေါက်လာမှာပါ၊ ကိုယ်နဲ့ပြိုင်ဘက်လုပ်ရဲတဲ့ မင်းရဲ့သတ္တိကိုတော့ ချီးကျူးပါတယ်"

"မင်းက ဘာကောင်မို့လို့လဲ"

သူ့မေးခွန်းကို တာရာက ပြန်မဖြေဘဲ နှုတ်ခမ်းကို အသာတွန့်ပြုံးရင်း ထွက်သွားသည်။

"တောက်"

သန့်စင်ခန်းထဲတွင် စံပြထင်ရဲ့ တောက်ခေါက်သံက ကျယ်လောင်စွာ မြည်ဟည်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



## ၁

ရှည်လျားသော ဆံပင်စင်းစင်းလေးတွေကို ဘီးကျဲကျဲနဲ့ဖြီးရင်း ကို့ကိုသတိရကာ မင်နီ ပြုံးမိသည်။ ကို့က ဒီဆံပင်လေးတွေ အရမ်းချစ်သည်ဟုဆိုသည်။ ကျောင်းက မိန်းကလေးတိုင်းစိတ်ကူးယဉ်ကြသည့် ထိုကောင်လေးက သာမန်ပါးဖောင်းဖောင်း၊





မျက်လုံးအစ်အစ်နှင့် နှုတ်ခမ်းထော်ထော် ကောင်မလေးကို ချစ်ခွင့်တောင်းသည်ဆိုတော့ သူမပါ နေရင်းထိုင်ရင်း ကျောင်းမှာ နာမည်ကြီးသွားခဲ့သည်လေ။

မနာလိုကြသည့် ကောင်မလေးတွေက မကြားတကြား။

"မယ်ကုသနှင့် မင်းပပ"

ဟု နှုတ်ခမ်းရွဲ့စောင်း၍ အတင်းဆိုကြသည်။ သူမကတော့ မမှုပါ။ ဘယ်သူတွေ ဘာပြောပြော ကို့က သူမကိုချစ်သည်၊ ကြင်နာသည်၊ နားလည်သည်၊ အလိုလိုက်သည်။

"အခုတလော မင်နီ့ကို ကြည့်ရတာ တစ်မျိုးပဲ"

"အံမယ်လေး ... လန့်လိုက်တာ မေမေရယ်၊ အသံလေး ဘာလေး ပေးပါလား"

"အို ... တံခါးကြီးတွန်းဖွင့်ပြီး ဝင်လာတာကို မကြားရအောင် ညည်းက ဘာတွေတွေးနေလို့လဲ"

"ခြော် ... မတွေးပါဘူး၊ ရုတ်တရက်မို့ လန့်သွားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်နီ ... မေမေ့ကိုကြည့်စမ်း၊ ညည်း ရည်းစားတွေ ဘာတွေများ ရနေပြီလား၊ မထားရဘူးလို့ ပြောထားတယ်နော် မင်နီ၊ ဘယ်သူဘယ်ဝါပဲဖြစ်ဖြစ် မေမေတို့ သဘောကျတဲ့ သူနဲ့ပဲ ညည်း ပတ်သက်ရမယ်"

မင်နီရည် ခေါင်းငုံ့ထားလိုက်သည်။ မေမေ့ကို အပြစ်မဆိုချင်ပါ။ မေမေ့ခံစားချက်ကို မင်နီ သဘောပေါက်သည်။ နားလည်သည်။

မေမေနဲ့ ဖေဖေ့ရင်ထဲမှာ နက်ရှိုင်းတဲ့ဒဏ်ရာတစ်ခုရှိပြီး အဲဒီဒဏ်ရာကလည်း ဘယ်တော့မှ မပျောက်နိုင်သည့်ဒဏ်ရာ တစ်ခုပဲ မဟုတ်လား။

ဘာပဲဖြစ်ဖြစ် ကို့ကိုတော့ မေမေတို့ သဘောကျလိမ့်မည်ဟု သူမ တစ်ထစ်ချ ယုံကြည်သည်။ ကို့ကလည်း မမလွှာရဲ့အပြစ်ဆိုးကြောင့် မေမေတို့ သူမကို ရည်းစားမထားဖို့ ပိတ်ပင်တားမြစ်သည်ကို နားလည်သည်။ မိဘတွေကျေနပ်လက်ခံလာအောင် ကြိုးစားမည်ဟုဆိုသည်။





အခုတော့ အချိန်မကျသေးတာမို့ သူမနှင့် ကို့ကိစ္စကို တတ်နိုင်သမျှ သူမ ဖုံးဖိထားသည်။ တစ်ခုပဲ ကြောက်ရသည်။ စံပြထင် ဆိုသည့်ကောင် တစ်ရပ်ကွက်တည်း တစ်လမ်းတည်းနေတာမို့ သူမတို့အိမ်ရဲ့ကိစ္စတွေကို သူ သိထားသည်။

သူ ပြန်ချွန်လိုက်ရင် သူမတော့ ပြေးပေါက်မှားမှာ သေချာသလောက်ပင်။

"စံပြထင်လေးကတော့ မဆိုးဘူး၊ ငါတို့မျက်စိရှေ့မှာပဲ ကြီးလာပြီး ရိုးသားကြိုးစားတဲ့ကလေး၊ မိဘအသိုင်းအဝိုင်းကလည်း ရိုးသားအေးဆေးကြသူတွေ၊ အခုဆို ကျောင်းလည်းအတူတူတက်နေကြတာပဲ၊ သူနဲ့ဆိုရင်တော့ ညည်းကို ငါတို့သဘောတူတယ်"

"သူ့လို မဲမဲသဲသဲကို မင်နီက ကြိုက်စရာလား"

"ညိုညိုစိုစိုလေးပါ မင်နီရယ်၊ ဘာပဲဖြစ်ဖြစ် ညည်းအစ်မ လမ်းစဉ်မျိုးလိုက်ဖို့တော့ မစဉ်းစားနဲ့၊ သူ့လမ်းစဉ်လိုက်ရင် သူ့လိုပဲ အပြစ်ဆိုးနဲ့ ကြုံရမယ်"



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ကမ္ဘာဆီသို့ မင်းနို့အတွေးတွေ ဖြတ်ပြေးနေကြသည်။ ချစ်စရာကောင်းတဲ့ မမလှာရဲ့ရုပ်သွင်ကို မင်းနို့အတွေးမှာ ထင်ထင်ရှားရှား မြင်နေရသည်။

"ပွင့်လှာ ... ညည်း တော်တော်မိုက်မဲတဲ့ မိန်းမပဲ၊ အခု ဘယ်လိုလုပ်ကြမလဲ၊ ငါ ဘယ်လိုမျက်နှာမျိုးနဲ့ ညည်းအဖေကို အသိပေးရမလဲ၊ ညည်းကောင်က ဘယ်သူလဲ၊ ဘယ်ကလဲ၊ အခုချက်ချင်း လက်ထပ်ဖို့ပြောတော့ ပွင့်လှာ၊ ကြာရင် ခက်ကုန်တော့မယ်၊ အရှက်တရားမရှိတဲ့ မိန်းမမိုက်"

မမလှာ မျက်ရည်တွေက အဆက်မပြတ် တလိမ့်လိမ့်ကျနေသည်။ မင်းနိက မမလှာ ဖြစ်အင်ကိုကြည့်ကာ မမလှာနဲ့အတူ ရောငိုနေမိသည်။

"သူ့ကို ဆက်သွယ်လို့ မရဘူး မေမေ"

"ဟေ ... ဆက်သွယ်လို့မရဘူးဆိုတာ ဘာသဘောလဲ ပွင့်လှာ"





"သူ့ဖုန်းကို ခေါ်လို့မရဘူး မေမေ၊ အဲဒီဖုန်းကို သူ မကိုင်တော့ဘူးလို့ ဖြေတယ်"

"ဘာ"

မေမေ ယိုင်လဲတော့မလို ဖြစ်သွားတာကြောင့် မင်းနို မေမေ့ကို အပြေးလေး ထိန်းထားလိုက်ရသည်။

"ဘာ ... ဒီ ... ဒီလိုလုပ်လို့ မရဘူးလေ ပွင့်လှာ၊ ငါတို့မှာလည်း ငါတို့အသိုင်းအဝိုင်းဆိုတာ ရှိတယ်၊ ငါ ဒီရပ်ကွက် ဒီအသိုင်းအဝိုင်းမှာ ဘယ်လိုမျက်နှာပြရမလဲ၊ ငါရှက်တယ် ပွင့်လှာ၊ ပေးစမ်း အဲဒီကောင်ရဲ့လိပ်စာ၊ ငါကိုယ်တိုင်လိုက်မယ်၊ သူများသမီးပျိုကို ဒီလိုဖော်ကားလို့ ဘယ်ရပါ့မလဲ၊ ပေးစမ်း ... အခုပေး"

"မေမေ ... မေမေ ... လှာ သွားရှာကြည့်ပြီးပါပြီ၊ ဒါပေမဲ့ ... ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ၊ ပြောလေမြန်မြန်"

"လှာ သူ့အိမ်လိပ်စာကို သေသေချာချာမသိလို့ မရှာနိုင်ခဲ့ဘူး မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာပြောတယ်၊ တုံးလိုက်တဲ့မိန်းမ၊ အ,လိုက်တဲ့မိန်းမ၊ ငါ ရှက်တယ်၊ ငါ သိပ်ရှက်တယ်၊ ညည်းကို ငါ လုံးဝခွင့်မလွှတ်ဘူး၊ ခွင့်မလွှတ်ဘူး"

မေမေက ဝုန်းခနဲ လဲပြိုသွားတာမို့ မင်းနီတို့တစ်အိမ်လုံး ပျာယာခတ်သွားကြသည်။ ထိုနေ့ညမှာပင် မမလှာက စာတစ်စောင်ထားခဲ့ကာ အိမ်က တိတ်တဆိတ် ထွက်သွားခဲ့သည်။ သူ ကောင်းကောင်း အသက်ရှင်နေပါ့မယ်လို့ စာထဲမှာ ကတိအထပ်ထပ် ပေးသွားသည်။

ပတ်ဝန်းကျင်ကိုတော့ မမလှာ အိမ်ကသဘောမတူတဲ့လူနောက် လိုက်ပြေးသွားလို့ ပစ်ထားတယ်လို့ သတင်းလွှင့်ခဲ့ပေမယ့် မမလှာ ထွက်သွားတဲ့ သုံးနှစ်လုံးလုံး မင်းနီတို့ ကျိတ်ပြီးရှာတုန်းပဲလေ။

မေမေနဲ့ ဖေဖေ့ရင်ထဲက သောက၊ မင်းနီ ကိုယ်တိုင်ပူလောင်ခဲ့ရတဲ့ ဒီအပူမီးတွေ အခုအချိန်ထိတောင် မငြိမ်းသေးပါဘူး။ တွေးလိုက်တိုင်း မျက်ရည်ကျနေတုန်းပါပဲ။ မမလှာရဲ့သူငယ်ချင်း





တွေဆီ ထိုလူယုတ်မာနဲ့ပတ်သက်ပြီး စုံစမ်းကြည့်တော့လည်း ဘာမှမသိရ။ မမလှာက ဘယ်သူငယ်ချင်းကိုမှ အသိမပေးဟုဆိုသည်။

ထိုလူနဲ့ စ,တွေ့ကြတော့လည်း အင်တာနက်ပေါ်မှာတဲ့။ သတင်းစာကနေ မမလှာကို အိမ်ကိုပြန်လာဖို့ ကြော်ငြာထည့်ဖို့တော့ မေမေရော ဖေဖေပါ ငြင်းဆန်ကြသည်။ မမလှာ ပြန်လာရင်တော့ ခွင့်လွှတ်လက်ခံကြမည်သာ။

မင်းနီ သက်ပြင်းရှည်ကြီး ချလိုက်သည်။ ကို့,ကို မင်းနီ လေ့လာပါပြီ။ ကို,က သဘောထားပြည့်ဝပြီး ငဲ့ညှာတတ်သူ၊ ပြီးတော့ ကို,က စည်းစောင့်တတ်တဲ့ ယောကျ်ားကောင်းတစ်ယောက်လေ။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၆

မမျှော်လင့်တဲ့တစ်နေ့မှာပဲ မောင် ချစ်နေတဲ့ ကောင်မလေးကို တွေ့လိုက်ရတယ်။ ဘယ်လောက်များ လှနေလို့လဲ မောင်ရယ်။ တစ်ကိုယ်လုံးကြည့်မှ ဆံပင်လေးတစ်ခုတည်းလှတာပါ။ ဘာကြောင့် မောင်က ဒီကောင်မလေးကို မျက်တောင်မခတ်





တမ်း ကြည့်နေရတာလဲ။ ကျွန်မ သိပ်ချစ်ရတဲ့ မောင့်ရင်ထဲက မိန်းကလေးက ဒီလိုမိန်းကလေးမျိုးလား။ ကျွန်မ သိပ်ဝမ်းနည်းတယ် မောင်။

ဒီလို ရွက်ကြမ်းရေကျို မိန်းကလေးမျိုးက ကျွန်မရဲ့ ပြိုင်ဘက်တဲ့လား။ ကျွန်မအသည်းအူတွေ ပြတ်ထွက်မတတ် နာကျင်ရပါတယ် မောင်။ သူ့ကိုကြည့်တဲ့ မောင့်အကြည့်တွေကို မနာလိုဘူး။ သူ့ရဲ့နောက်ကို လိုက်နေတဲ့ မောင့်ခြေလှမ်းတိုင်းကို ကျွန်မ မုန်းတယ်။

မျက်ရည်တွေက နေ့တိုင်း ကျွန်မအဖော် ဖြစ်လာခဲ့ရတယ်။ မောင့်ဆီရေးတဲ့ ကျွန်မရဲ့စာတိုင်းမှာ မျက်ရည်တွေ စွန်းထင်းနေတယ်ဆိုတာ မောင် မသိခဲ့လို့လား။ နာကျင်ပြီး အခံရခက်တဲ့ ဝေဒနာမျိုးတွေ ကျွန်မ မလိုချင်ပါဘူး။ ဒါပေမဲ့ နေ့တိုင်း ဒီဝေဒနာတွေနဲ့ပဲ နပန်းလုံးနေရတယ်။

အမှန်အတိုင်း ပြောရရင် "မင်နီရည်"လို့ခေါ်တဲ့ အဲဒီ ရုပ်ဆိုးဆိုးမိန်းမကို ကျွန်မ သတ်ချင်နေမိတယ်။ သူက ဘာ



www.burmeseclassic.com

www.burmeseclassic.com



အစွမ်းအစတွေရှိနေလို့ ကျွန်မချစ်တဲ့ မောင့်နှလုံးသားကို သိမ်းပိုက်နိုင်ရတာလဲ။ တစ်လောကလုံးမှာရှိတဲ့ အကောင်းဆုံးအရာတွေ သူ ပိုင်ဆိုင်ထားပါစေ ကျွန်မ မနာလိုမဖြစ်ပါဘူး။ ဒါပေမဲ့ မောင့်နှလုံးသားကို သူပိုင်ဆိုင်ထားတာတော့ ကျွန်မ မခံချင်ဘူး။





၇

If I were you, I would stop waiting for something impossible, and I would try to replace another one to relieve the heart lorn.

ကွန်ပျူတာနဲ့ရိုက်ထားသော အင်္ဂလိပ်ဝါကျကိုကြည့်ပြီး စံပြုထင် မပွင့်တပွင့် ပြုံးလိုက်သည်။ အောက်ကရေးထားတဲ့ နာမည်က Heaven ။



www.burmeseclassic.com

www.burmeseclassic.com



“ပြစမ်းပါဦး၊ ဒီတစ်ခါ ဘာတွေရေးထားတာလဲ”

“ဖတ်ကြည့်ပေါ့ကွာ”

“မင်းနေရာမှာ ငါသာဆိုရင် မဖြစ်နိုင်တဲ့ အရာတစ်ခုကို မျှော်လင့်စောင့်စားနေတာကို ရပ်တန့်လိုက်ပြီး အသည်းကွဲတာကို သက်သာစေဖို့ အခြားတစ်ယောက်ကို ကြိုးစားပြီး အစားထိုးမိလိမ့်မယ်တဲ့”

“Heaven ဆိုတာ ဘယ်သူလဲ ငါ တကယ်သိချင်တယ်။ သူ ဘာကြောင့် ငါ့အကြောင်းတွေကို ဒီလောက်တောင် သိနေရတာလဲ”

“သေချာတာကတော့ ငါတို့ကျောင်းကပဲ”

“ဒါတော့ မင်းပြောမှလား သက်ဝင်းရ၊ သူ ငါတို့အခန်းထဲကပဲလား မသိဘူး။ ဒါကြောင့် သိနေတာနေမှာ”

“ဘာလဲ ... Heaven ကို မင်း စိတ်ဝင်စားနေပြီလား”

“ဟုတ်ပါတယ်၊ ငါ စိတ်ဝင်စားတယ်၊ ဘာဘာညာညာ စိတ်မျိုးနဲ့ မဟုတ်ပါဘူး၊ One sided love (တဖက်သတ်





အချစ်)နဲ့ ချစ်တဲ့သူတွေကို ကိုယ်ချင်းစာမိလို့ပါ။ ငါ့ရင်ထဲမှာ မင်းနိုပဲရှိတာ မင်း သိပါတယ်။ အမြစ်တွယ်နေပြီကွ မရတော့ဘူး”

“Heaven ပြောတာ အမှန်ပဲလေကွာ၊ မင်း ဘာလို့မဖြစ်နိုင်တာကို မျှော်လင့်နေရတာလဲ။ တာရာထွေးဆိုတဲ့ကောင်တစ်ယောက်လုံး သူ့ဘေးနားမှာရှိနေမှတော့ မင်း ဘယ်လောက်ပဲ ကြိုးစားကြိုးစား မင်းနိုက မင်းကို မျက်လုံးထဲ ထည့်ပါ့မလား”

“ငါ သိပါတယ်၊ ဒါပေမဲ့ ငါ နောက်ဆုံးအချိန်အထိ မျှော်လင့်ချင်သေးတယ်”

သက်ဝင်းရဲ့ကရုဏာသွမ်းနေတဲ့ မျက်ဝန်းတစ်စုံရဲ့ အကြည့်ကို သူ ကပျာကရာ လွှဲဖယ်လိုက်သည်။ ယောကျ်ားတစ်ယောက်ရဲ့ ငုပ်လျှိုးနေတဲ့ မာနတစ်ခုကြောင့်ပေါ့။

“စံပြထင် ... ဟိုဘက်ဝိုင်းက ကောင်မလေးက မင်းကို ခဏ ခဏ ခိုးကြည့်နေသလိုပဲ”



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါကွာ၊ တွေ့ကရာ ကောင်မလေးတွေကို Heaven လို့ မထင်စမ်းပါနဲ့၊ သူသာ ငါ့ကို တကယ်စိတ်ဝင်စားရင် တစ်နေ့တော့ ကိုယ်ထင်ပြလာမှာပါ"

အမှတ်တမဲ့ မြင်ကွင်းထဲသို့ မင်းနီ ဝင်လာသည်။ အစိမ်းပုပ်ရောင် ရင်စေ့လက်ရှည်နှင့် အစိမ်းရောင်ဒူးနားချိတ် ထဘီကို သူမ ဝင်ဆင်ထားသည်။ ပိန်ပိန်ပါးပါး သူမလေး လမ်းလျှောက်လာဟန်က လေထဲမှာ လွင့်နေတဲ့ လှပတဲ့ အစိမ်းရောင် သစ်ခက်လေး တစ်ခုနှယ်။

ရှေးမနှောင်းမှာပင် မင်းနီ့အနားသို့ တာရာထွေး အပြေးရောက်လာသည်။ သူတို့စုံတွဲဆီမှ အကြည့်ကိုလွှဲဖယ်ရင်း သူ ရေနွေးငုံ့ဖို့ ကြိုးစားလိုက်သည်။

"မင်းကိုကြည့်ရတာ ပင်ပန်းလိုက်တာကွာ၊ အဲဒီလိုပဲ Heaven လည်း ပင်ပန်းနေမှာပဲ"

မဆီမဆိုင်ပြောလာသော သက်ဝင်းကို သူ ဘုကြည့်ကြည့်လိုက်သည်။





"သွားကြရအောင်ကွာ၊ ဟော့ ... ပိုက်ဆံရှင်းမယ်ဟေ့"

တကယ်တမ်းတော့ ပျော်ရွှင်ရယ်မောနေကြတဲ့ သူတို့အတွဲကို ထိုင်ကြည့်နိုင်လောက်တဲ့ နှလုံးသား သူ့မှာမရှိခဲ့ပါ။ တာရာထွေးရဲ့ ငေါ်တောတော စကားတွေ၊ လှောင်ရိပ်သမ်းတဲ့ မျက်ဝန်းတွေနဲ့လည်း သူ မဆုံချင်ပါ။ သူတို့ဝိုင်းအနားက လှည့်အထွက် မင်းနီ့ အသံကြောင့် သူ တုံ့ခနဲရပ်သွားသည်။

"စံပြထင် ... ခဏလောက် ဒီမှာထိုင်လို့ ရမလား"

ငြင်းရင်လည်း ရိုင်းရာကျမည်။ ထိုင်ပြန်တော့ရော သူ ခံနိုင်ရည်ရှိပါ့မလား။ နောက်ဆုံးတော့ စံပြထင် ဖြစ်ချင်ရာ ဖြစ်ဆိုသည့် သဘောမျိုးနှင့် သူတို့ဝိုင်းကခုံမှာ ဝင်ထိုင်လိုက်သည်။

"မနက်ကတည်းက နင့်ကို မေးချင်နေတာ၊ မနေ့က နင် မေမေနဲ့ လမ်းထိပ်မှာ ဘာတွေပြောနေကြတာလဲ"

"ဒီလိုပါပဲ"

တာရာထွေးရဲ့ စူးရှတဲ့အကြည့်ကို သူ လျစ်လျူရှုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ဘာပြောတာလဲ၊ နင်တို့ ဘာပြောကြတာလဲလို့ ငါ မေးနေတယ်လေ"

"မင်နီရည် ... သိပ်သိချင်ရင် နင့်အမေကို မေးကြည့်လေ၊ ငါ့ကို တရားခံစစ် လာစစ်မနေနဲ့၊ နင့်လေသံနဲ့ မျက်နှာထားကို ငါမကြိုက်ဘူး၊ နင် စိတ်ချပါ၊ နင်နဲ့ပတ်သက်တဲ့ ဘာ့အကြောင်းမှ ငါ မပြောဘူး"

ဝုန်းခနဲထသွားသော စံပြထင် နောက်ကျောကို ကြည့်ပြီး မင်နီရည် ဒေါပွကျန်ခဲ့သည်။

"သိပ်ရိုင်းစိုင်းတာပဲ"

"ဒီလိုမဟုတ်ဘူးလေ မင်နီ၊ မင်နီတို့နှစ်ယောက်တည်းဆိုရင်တော့ အကြောင်းလား၊ အခုက ကို့ရှိနေတယ်လေ၊ သူစိမ်းယောက်ျားတစ်ယောက်ရှေ့မှာ မင်နီ ဒီလိုလေသံနဲ့ ပြောတော့ သူ ဘယ်ခံချင်ပါ့မလဲ"

"ဟင်း ... ဒါနဲ့များ မင်နီ့အချစ်ကို သူက လိုချင်သေးသတဲ့"





"ဘယ်လောက် ချစ်ချစ်လေ၊ သူ့နေရာမှာ ကို့ဆိုရင်လည်း ဒီလိုပြောမိမှာပဲ"

"မဟုတ်ပါဘူး ကိုရယ်၊ မင်နီက အစိုးရိမ်လွန်သွားလို့ပါ"

"ကို့ သိပါတယ်"

မင်နီက ချစ်သူ့ချောကို လှပစွာ ပြုံးပြလိုက်သည်။ မင်နီရည်တို့ ဒီလိုချစ်သူမျိုးရတာ ဘယ်လောက်ကံကောင်းလိုက်လဲ။ စံပြထင် ဆိုတဲ့ကောင်က ကို့ရှေ့မှာ အထာလုပ်လိုက်တာ မသိတာကျလို့။ သူ့လိုလူမျိုးများ မင်နီတို့ အိပ်မက်ထဲတောင် ယောင်ယမ်းပြီး မမက်သေး။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



၈

မင်နီရည် ဆိုတဲ့မိန်းမမှာ ချစ်သူရှိမှန်း သိသိနဲ့ မောင် ဘာကြောင့် လက်မလျှော့သေးတာလဲ၊ အစစအရာရာ မောင့်ထက်သာတဲ့ တာရာထွေး ဆိုတဲ့လူနဲ့ မောင် ယှဉ်ကြည့်ချင် သေးလို့လား။ လမင်းကြီးနဲ့ ပိုးစုန်းကြူးလို အကွာကြီးပါပဲ





မောင်၊ မောင့်ကို နှိမ့်ချတာ မဟုတ်ပါဘူး။ အမှန်အတိုင်းပြော ပြတာပါ။

မိန်းမတွေရဲ့စိတ်ကို မောင် ဘယ်လောက်များသိ လို့လဲ။ သူတို့ တော်တော်များများက နှလုံးသားကို ရုပ်ရည် ချောမောမှု၊ ချမ်းသာကြွယ်ဝမှုဆိုတဲ့ ပေတံနှစ်မျိုးနဲ့ပဲ တိုင်းတာ တတ်ကြတာ။

စစ်မှန်တဲ့နှလုံးသား ဟုတ်,မဟုတ် သူတို့သိကြတာ မဟုတ်ဘူး။

အချိန်တန်လို့ အမှန်တရားပေါ်လာရင် ဒူးနဲ့မျက်ရည် သုတ်ပြီး နောင်တ,တရားတွေ ရင်မှာပိုက်ထားရသူတွေဟာ အဲဒီ လိုမိန်းမစားမျိုးတွေပေါ့။ အဲဒီအထဲမှာ မောင့်ရဲ့ မင်နီရည်လည်းပါ တယ်။ တာရာထွေး သူ့ကို ဘယ်နှရက်လောက် လိုက်ခဲ့ရလဲ မောင် လမ်းကြုံရင် မေးကြည့်ပါလား။

ဒီလို အစစအရာရာ ပြည့်စုံတဲ့ လူတစ်ယောက်က သူ့လို သာမန်ကာလျှံကာကို မြတ်မြတ်နိုးနိုး ချစ်သွားတာကို သူ



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းမှ သံသယမဖြစ်မိဘူးလား။ ဒါ ကျွန်မ သူ့ကိုမနာလိုလို့ ပြောတာ မဟုတ်ဘူးနော်။ သူ့ကို စဉ်းစားတတ်စေချင်တာပါ။

မင်နီရည် တစ်ယောက်ကိုပဲ မောင် တမ်းတမ်းစွဲ ဖြစ်နေတာ မကျေမနပ် ဖြစ်မိပေမယ့် မောင့်ရဲ့ခိုင်ကျည်တဲ့စိတ်ထားကို ကျွန်မလေးစားတယ်။ ဘာပဲဖြစ်ဖြစ် မောင် သူ့ကိုမရနိုင်ပါဘူး။

မောင့်အတွက် ကျွန်မနှလုံးသားတံခါးကို အသင့်ဖွင့်ပေးထားတာ မောင့်ကို သိစေချင်လိုက်တာ။ ကျွန်မ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ တစ်နေ့တော့ မောင့်ကို ဖွင့်ပြောမှာပါ။ Heaven ဆိုတဲ့ နာမည်လေးအတိုင်းပဲ မောင့်ကို သုခတွေပဲပေးမယ့်သူပါ မောင်။

တစ်ခါတလေတော့ မောင့်ရဲ့ဖွဲ့ကြီးမှုကြောင့် ကျွန်မ စိတ်ပျက်မိတယ်။ တကယ်လို့များ "မင်နီရည်"ဆိုတဲ့ မိန်းမတစ်ယောက် ကမ္ဘာပေါ်မှာမရှိတော့ရင် ဘယ်လိုဖြစ်မလဲ၊ ကျွန်မ အခုတလော ခဏခဏ စိတ်ကူးယဉ်မိတယ်။





အဲဒါဆို မောင် ကျွန်မဆီ ရောက်လာနိုင်မလား။ မသေချာသေးပါဘူး။ သေချာပြီလို့ ကျွန်မ ဆုံးဖြတ်နိုင်ခဲ့တဲ့တစ်နေ့ မောင်သာ ကျွန်မဆီ ရောက်လာခဲ့မယ်ဆို ကျွန်မ ဘာပဲလုပ်ရလုပ်ရ လုပ်မိမှာပါ။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၉

နောက်ဆုံးအတန်းချိန် မရှိတော့တာမို့ စံပြထင် သုံးထပ်ဆောင် ဒုတိယထပ်က library ဆီ တက်လာခဲ့သည်။ နောက်ဖြေရမည့် semister အတွက် လိုအပ်မည်ထင်ရသောစာအုပ်တွေကို library က ငှားရမည်လေ။ library ရှေ့ရောက်တော့ မတွေ့ချင်တဲ့လူနှင့် ဖက်ပင်းဆုံသည်။





"ခင်ဗျား စာအုပ်လာငှားတာလား စံပြထင်"

သူက တာရာထွေး အမေးကို မကြားဟန်ပြု၍ library ထဲ ဝင်လာသည်။ သနားစရာသတ္တဝါတစ်ကောင်ကိုကြည့်တဲ့ အကြည့်မျိုးနဲ့ ကြည့်တတ်တဲ့ ဒီကောင့်အကြည့်ကို သူ လုံးဝ မနှစ်မြို့မိပါ။

သူလိုချင်တဲ့စာအုပ်တွေရဲ့နံပါတ်ကို library ထဲမှာ ရှိတဲ့ကွန်ပျူတာကနေရှာပြီး စာအုပ်တွေငှားပြီး ပြန်ထွက်လာသည် အထိ တာရာထွေးက library ရှေ့တွင် ရှိနေသေးသည်။ ကော်ရစ်တာက ဝရန်တာမှာ မှီရပ်နေသော သူ့စတိုင်လ်က တကယ့်ကိုရီးယားမင်းသားလိုလိုပင်။

"မင်းကိုကြည့်ရတာ ကိုယ့်ကို တော်တော်လေး မကျေမချမ်းဖြစ်နေသလိုပဲ။ မိန်းမတစ်ယောက်အတွက် ရန်ပွဲတွေ စစ်ပွဲတွေ ဖြစ်ကြတာ ဟိုးကမ္ဘာဦးအစကတည်းကပဲ။ ကိုယ်ကတော့ မိန်းမတစ်ယောက်အတွက် ရန်ဖြစ်ရမှာကိုရှက်တယ်၊ မင်း သိပ်ပြီး မင်နိုရည်ကို တန်ဖိုးထားသလား၊ ဒါဆို ကိုယ် နောက်ဆုတ်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သည်းခံနိုင်မှု ဘောင်ကျော်သွားပြီမို့ စံပြထင် တာရာထွေးရဲ့ကော်လာနစ်ဖက်ကို ဆောင့်ဆွဲလိုက်သည်။

"ဟော့ကောင် ... တာရာထွေး၊ မင်းစကားတွေက ငါ့ကို စော်ကားလွန်းနေပြီ၊ ငါ့ကို ဒီလိုမဆက်ဆံနဲ့၊ ငါ မကြိုက်ဘူး"

"ဘာလဲ ... မင်း ကိုယ့်ကိုထိုးချင်လို့လား၊ သိပ်သတ္တိကောင်းနေရင်လည်း ထိုးလိုက်လေ၊ ဒါပေမဲ့ ဖြစ်လာတဲ့ အကျိုးဆက်ကိုတော့ မင်း မလွဲမသွေ ခံစားရမှာပဲ"

"ကဲကွာ ... ထိုးတယ်ကွာ"

"ခွပ်"

စံပြထင် ဒေါသကို အရှိန်မထိန်းနိုင်ခဲ့။ ဒီကောင် သိပ်ကျောလွန်းသည်။ စံပြထင် လက်သီးက တာရာထွေး၏ သန္တာရောင် နီမြန်းမြန် နှုတ်ခမ်းကို သွေးစွန်းစေခဲ့သည်။

"ပြော ... ဟော့ကောင်၊ မင်း ငါ့ကို ဘယ်အချိန်အထိ စော်ကားနေဦးမှာလဲ"





တာရာထွေးက နှုတ်ခမ်းပေါ်ကသွေးကို အသာအယာ သုတ်လိုက်ရင်း ...

"ကိုယ့်ချစ်သူနောက်ကို တခြားတစ်ယောက်က တကောက်ကောက် လိုက်နေတာ ကိုယ် မလိုလားဘူး၊ ဖြစ်နိုင်ရင် ခင်ဗျားကို မင်းနို့ရှေ့က အငွေ့လိုပျောက်ကွယ်သွားစေချင်တယ်၊ ဒါမှမဟုတ်လည်း သူများစိတ်ထဲမှာ အမြစ်တွယ်နေတဲ့ ကိုယ့်ချစ်သူကို ကိုယ့်ဘဝထဲက ထုတ်ပစ်ရလိမ့်မယ်။ နှစ်ခုစလုံး မဖြစ်နိုင်သေးသရွေ့တော့ မင်းကို ကိုယ် ဒီလိုစကားတွေနဲ့ ထိုးနှက်နေမိဦးမှာပဲ"

"မင်း ဘာဆိုလိုတာလဲ တာရာထွေး"

"မင်းရဲ့ဒီလက်သီးကြောင့် သူ မင်းကို အရင်ကထက် ပိုမုန်းသွားလိမ့်မယ်၊ အခုနေ ကိုယ်က သူ့ကိုစွန့်လွှတ်ခဲ့ရင်တောင် သူ မင်းဆီ ဘယ်လိုနည်းနဲ့မှ စိတ်လည်လာမှာမဟုတ်ဘူး၊ ဒီတော့ မင်း ဒီလောက်နဲ့ပဲ ကျေနပ်လိုက်ပါ၊ မင်းနို့နားကို ထပ်မလာပါနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



တာရာထွေးက အင်္ကျီကော်လာကို ပြန်ဆွဲဆန့်ပြီး လှည့်ထွက်သွားသည်။

စံပြထင် လွယ်ထားတဲ့ ကျောပိုးအိတ်ကိုချွတ်၍ ကော်ရစ်တာပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ မင်နို့ကို ချစ်မိသောအချစ်က သူ့ရဲ့အရှက်၊ သိက္ခာ၊ မာနတို့ကို တစ်ပြားသားမှ မကျန်အောင် ခွာချသွားသည်။ အခုတော့ သူလျှောက်တဲ့လမ်းက ဆုံးသွားပြီပဲ။ ရှေ့ဆက်စရာ လမ်းကြိုလမ်းကြားတောင် ရှိမနေတော့။

"ငါ လက်လျှော့လိုက်ပါပြီ မင်နို့ရည်"

သူ နာကျင်တိုးတိတ်စွာ ရေရွတ်လိုက်သည်။





၁၀

"စံပြထင်"

ကန်တင်းထဲက သူအတွက် အတင်းမာဆုံး မျက်နှာထားနဲ့ မင်နို့ရည်က သူ့ရှေ့သို့ ဘွားခနဲ ရောက်လာသည်။

"နင် သိပ်အောက်တန်းကျတဲ့ကောင်၊ သိပ်သဘောထားသေးသိမ်တဲ့ လူရမ်းကား၊ နင် ကို့ကို ဘယ်လိုလုပ်လိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"Sorry ပဲဟာ၊ ငါ မှားသွားတယ် မင်နို၊ ဒီအတွက် နင်ကြိုက်တဲ့အပြစ်ကိုပေးပါ၊ ငါ ခံပါ့မယ်"

"နင် သေချာလား"

ဒေါသမီးရောင် တလက်လက်ထ,နေသော မင်နို့မျက်ဝန်းတွေက သူမ၏အာသီသကို ဖော်ပြနေသလိုပင်။ ဒီကန်တင်းမှာ ကျောင်းသားပေါင်းစုံရှိသည်။ ဒါပေမဲ့ သူ ဒီလိုငြိမ်ခံပေးမှ မင်နို စိတ်ပြေနိုင်မည် ဆိုလျှင် သူ အရှက်ကွဲခံဖို့ အဆင်သင့်ပင်။

"ကဲဟာ"

မင်နို့လက်က သူ့ပါးဆီ ဦးတည်လာတာမို့ သူ မျက်လုံးစုံမှိတ်ပေးထားလိုက်သည်။

"ဒါ ဘာလုပ်တာလဲ"

မင်နို့ရဲ့ရိုက်ချက်က သူ့ပါးပေါ် ရောက်မလာခဲ့။

မင်နို့လက်ကို ကန်တင်းဝ,နားကစားပွဲမှ ကောင်မလေးတစ်ယောက်ကထ,ပြီး လှမ်းဆွဲထား၏။





"ရှင်တို့ရဲ့ပြဿနာကိုတော့ ကျွန်မ မသိဘူး။ ယောက်ျားတစ်ယောက်ကို မိန်းမတစ်ယောက်က လူပုံအလယ်မှာ ပါးရိုက်တာ ဂုဏ်ယူစရာကောင်းတဲ့ကိစ္စ မဟုတ်ဘူးထင်တယ်၊ ကိုယ်တက်နေတဲ့ကျောင်းမှာ နိုင်ငံခြားသားတွေရှိနေတာကို မမေ့ပါနဲ့ မင်နိုရည်၊ ကျောင်းရဲ့ဂုဏ်သိက္ခာ၊ လူမျိုးရဲ့ဂုဏ်သိက္ခာကိုထိန်းပါ၊ ပြီးမှ တော်ရာမှာသွားပြီး စာရင်းရှင်းကြပါ"

တည်တည်ငြိမ်ငြိမ်ပြောပြီး ထိုကောင်မလေးက မင်နို့လက်ကို လွှတ်ပေးလိုက်ကာ သူမ့စားပွဲမှာ ဘာမှမဖြစ်သလိုပြန်ထိုင်နေ၏။

မင်နိုရည်က မကျေနပ်သော်လည်း ထိုမိန်းမစကားတွေက အမှန်တွေမို့ စိတ်ကိုချိုးနှိမ်လိုက်သည့်ပုံနှင့် လှည့်ထွက်သွားသည်။ ထိုကောင်မလေး၏ ပြောင်မြောက်သောစကားတို့ကိုကြားရသူတိုင်းက ကျိတ်ပြီးထောပနာပြုနေကြမည်သာ။ ရုတ်တရက်အလင်းတန်းတစ်ခု သူ့အတွေးမှာဖြာသွားသည်။ Heaven ... သူ Heaven များလား။



www.burmeseclassic.com

www.burmeseclassic.com



ကောက်ထားတဲ့ဆံပင်တွေ ပြန်ညှပ်ထားတဲ့ ခပ်လန်းလန်းဆံပင်စတိုင်လ်လေးနှင့် မျက်နှာသွယ်သွယ်၊ ဝင်းဝါသော အသားအရည်ကို ပိုင်ဆိုင်ထားသူလေးသည် သေချာပေါက်ပင် Heaven ဖြစ်ရမည်။

"ကျွန်တော် ထိုင်ပါရစေနော်"

သူ့ကိုကြည့်လာသော သူမ၏ တောက်ပသော မျက်လုံးရှည်ရှည်တွေကလည်း သူမ၏ထူးခြားမှုကို လှစ်ဟပြနေသလိုပင်။

"ထိုင်လေ ... ရှင့်မှာ ထိုင်ခွင့်ရှိတာပဲ"

"အင်း ... ကျွန်တော် ဘာပြောရမှန်းတောင် မသိဘူး"

"ရှင်မပြောနိုင်ရင် ကျွန်မ ပြောမယ်၊ ယောကျ်ားတစ်ယောက်ရဲ့ပါးဟာ မိန်းမတစ်ယောက် ရိုက်ချင်တိုင်းရိုက်ဖို့ ခွင့်ပြုမိန့်ရထားတာ မဟုတ်ဘူး။ ထစ်ခနဲဆို ပါးရိုက်ချင်တတ်တဲ့ မိန်းမစားမျိုးတွေကို ကျွန်မ ကြည့်မရဘူး"

ထိုကောင်မလေးဆီမှာ သူများနဲ့မတူတဲ့ အတွေးအခေါ် အယူအဆတွေ တစ်လှေကြီးရှိပုံရ၏။





"တကယ်လို့များ ခင်ဗျားကို ယောကျ်ားတစ်ယောက်က ခွင့်မလွှတ်နိုင်တဲ့အပြစ်မျိုး လုပ်ခဲ့မယ်ဆိုရင် ခင်ဗျား ဘယ်လိုတုံ့ပြန်မလဲ၊ ကျွန်တော် သိချင်တယ်"

ထိုကောင်မလေးက ခေါင်းကိုမော့ပြီး ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"ကျွန်မက လက်ကိုတော့ အသုံးပြုမှာ မဟုတ်ဘူး၊ စိတ်ဒဏ်ရာတစ်ခုတော့ ပေးဖြစ်လိမ့်မယ် ထင်တယ်"

"မင်းနိုင်ရည် ခွင့်မလွှတ်နိုင်တဲ့ အပြုအမူမျိုး ကျွန်တော် လုပ်ထားခဲ့တယ်"

"ဒါပေမဲ့ သူ ရှင့်ကို အပြစ်ပေးစရာ မလိုတော့ဘူးလေ။ ရှင်က ရှုံးနိမ့်ပြီးသား လူတစ်ယောက်ပဲ"

ထိုကောင်မလေးနှင့် သူ အကြည့်ချင်း စက္ကန့်ပိုင်းလောက် ဆုံသွားသည်။

"ခင်ဗျား ကျွန်တော့်အကြောင်းတွေ တော်တော်သိနေပုံရတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ထင်လို့ပါ၊ ရှင့်အကြောင်းကိုသိတာ ကျွန်မတစ်ယောက်တည်းမှ မဟုတ်ဘဲ၊ Y.U.F.L က ကျဉ်းကျဉ်းလေးပါ။ နာမည်ကြီးလူတွေနဲ့ ပတ်သက်နေတဲ့ ရှင့်ကို သတိထားမိသူတိုင်း သိကြတယ်"

သူ ရှက်ရယ် ရယ်လိုက်သည်။ ပတ်ဝန်းကျင်က သူ့ကို ဒီလောက် သတိထားမိနေကြမှန်း အခုမှ သိလိုက်ရသည်။

"ဒီတော့ ကျွန်တော့်နာမည်ကိုလည်း ခင်ဗျားသိနေမှာမို့ မိတ်မဆက်တော့ပါဘူး။ ဒါပေမဲ့ ခင်ဗျားရဲ့နာမည်ကို သိခွင့်ရမယ်ဆို သိချင်ပါတယ်"

ကျောင်းတက်ဘဲလ်မြည်သံ တရစပ် ပေါ်ထွက်လာသည်။ ပေါင်ပေါ်တွင် တင်ထားသော ဘေးအိတ်ကြီးကြီးကို သူမက ပခုံးထက်မှာလွယ်လိုက်ရင်း ...

"ကျွန်မနာမည် စနိုးစု"

ဟု ခပ်သွက်သွက်ပြောရင်း ထ,ထွက်သွားသည်။

❦ ✧ ❦





✻ ၁၁ ✻

"I am glad you get on the right way.
wake up from the worst dream;
See everything you used to neglect before.
You will find the world so beautiful, and
true love will unexpectedly knock at your life.

Heaven



www.burmeseclassic.com

www.burmeseclassic.com



"မင်း လမ်းမှန်ပေါ်ရောက်သွားတာ ငါဝမ်းသာပါတယ်။ အဆိုးဆုံးအိပ်မက်ကထလို့ အရင်က မင်းလျှစ်လျူရှုခဲ့ဖူးတဲ့ အရာရာတိုင်းကိုကြည့်ပါ။ လောကကြီးက ဘယ်လောက်လှလဲ၊ မင်းတွေ့လိမ့်မယ်။ ပြီးတော့ မမျှော်လင့်ဘဲ အချစ်စစ် အချစ်မှန်က မင်းဘဝကို လာတံခါးခေါက်လိမ့်မယ်"

"သေချာပါတယ်၊ စနီးစုက Heaven ပဲ"

သက်ဝင်းက Heaven ဆိုကာစာကိုဖတ်ပြီး အတည်ပြုလိုက်သည်။

"ငါလည်း သိပါတယ်၊ သူ ရှက်သွားမှာစိုးလို့ ဒီကိစ္စကို ငါ အစ,မဖော်ပါဘူး"

"ဒီတော့ မင်း ဘာဆက်လုပ်မှာလဲ စံပြထင်၊ မင်း သူ့ကို ပရိုပို့စ်လုပ်မှာလား"

"သူက အစစအရာရာ ပြည့်စုံတဲ့ မိန်းကလေးပါကွာ၊ ငါ့နှလုံးသားဒဏ်ရာအတွက် သူ့ကို အသုံးချသလိုဖြစ်မှာ





အစားထိုးဖြေသိမ့်တဲ့ပုံစံမျိုး ဖြစ်သွားမှာ ငါ အားနာနေမိတယ်"

"ဟေ့ကောင် ... အားနာတာတွေ ဘာညာလုပ်မနေနဲ့ကွာ၊ မင်းနဲ့ရည်ကို မင်း မနာကြည်းဘူးလား၊ ပြီးတော့ တာရာ ထွေးဆိုတဲ့ ကောင်ကိုရော၊ သူ့ထက်သာတဲ့ ရည်းစားမျိုးရအောင် တွဲပြနိုင်တယ်ဆိုတဲ့ အချိုးမျိုး ချိုးပြပါကွ။ စနီးစုကို ဘာအားနာစရာလို့လဲ၊ မင်း propose မလုပ်ရင်သာ သူ့ကိုနာကျင်အောင်လုပ်တာနဲ့တူမှာ"

"ဟုတ်ပြီလေ၊ ငါ ကြိုးစားကြည့်မယ်"

"ဒီလိုမှပေါ့ သူငယ်ချင်းရ"

သက်ဝင်းက သူ့ပခုံးကို အသာပုတ်ရင်း အားပေး၏၊ ဒီကောင်က Heaven ပို့တဲ့စာတွေဖတ်ပြီး သနားစိတ် ယိုဖိတ်နေတဲ့ကောင်လေ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ရှေ့မှာချထားသော ကော်ဖီခွက်ကို စံပြထင် ခပ်ငေးငေးလေး ကြည့်နေမိသည်။ Aroma coffee shop ထဲ ပျံ့လွင့်လာသည့် ဘန်နီဖြိုးရဲ့ Leave me alone သီချင်းလေးကို ခပ်တိုးတိုးလိုက်ဆိုရင်း ခုံပေါ်ကို လက်ချောင်းလေးနှင့် တခေါက်ခေါက်ခေါက်နေသော စနိုးက သူ့ဖြစ်အင်ကို သတိပြုမိပုံမရပါ။





"ဒီနေ့ ရှင် တစ်ခုခု ဖြစ်နေတယ်၊ ဟုတ်တယ်မလား ... စံပြ"

စနိုး စကားကြောင့် သူ ဆတ်ခနဲ တုန်သွားသည်။

"ဘာဖြစ်နေတာလဲ၊ ကျွန်မကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ မြိုစိစိလုပ်တာကို ကျွန်မ စိတ်အပျက်ဆုံးပဲ"

"ဟိုလေ စနိုး၊ ဘယ်လိုပြောရမလဲ၊ စနိုးကို ကျွန်တော် စိတ်ဝင်စားနေမိတယ်"

မထူးတော့ပြီမို့ သူ ရဲလိုက်ရသည်။

"မမြန်လွန်းဘူးလားရှင်၊ ကျွန်မရှေ့မှာ မိန်းမတစ်ယောက်ကို သေကောင်ပေါင်းလဲ အကြွေကြီးကြွေခဲ့ဖူးတဲ့ ယောကျ်ားတစ်ယောက်ဆိုတာ အခုအချိန်အထိ ကျွန်မ အမှတ်ရနေတုန်းပဲ"

"ကျွန်တော် ... ကျွန်တော် ..."

စနိုးစုရဲ့ မထိတထိစကားကြောင့် သူ့စကားတွေ အ,ထစ်နေသည်။ ချွေးတွေ ဘာတွေ ပြန်လာသည်အထိ ရှက်နေ



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ သူ့ကို မြှောက်ထိုးပင့်ကော် လုပ်ပေးသော သက်ဝင်းကို ထုချင်ထောင်းချင်သည့်စိတ်တွေကလည်း တဖွားဖွားဖြစ်လို့၊ စန်းစုက နားလည်ရခက်တဲ့ မိန်းကလေးဆိုတာ သူ အသိဆုံးပဲမဟုတ်လား။

"ကျွန်မတို့ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး နေကြတယ်၊ ကျောင်းမှာတွေ့ကြတယ်၊ အပြင်ကိစ္စရှိရင်လည်း ဒီလိုပဲ နှစ်ယောက်တွဲ ထွက်ကြတယ်၊ ဒီ့ထက်ပိုပြီး ရှင် ဘာလိုချင်လို့လဲ"

စန်းစုရဲ့အပွင့်လင်းဆုံး စကားကြောင့် သူ နေရာက ထပြေးချင်စိတ်ပင် ပေါက်မိသည်။ သူ့ဆီဖွဲ့ဖွဲ့နွဲ့နွဲ့ စာရေးတဲ့ Heaven ဆိုသည့် အချစ်ကြီးပုံရသည့် မိန်းကလေးက အပြင်မှာ ဒီလိုမိန်းမ,မဆန်တဲ့ မိန်းကလေးမျိုး ဖြစ်လိမ့်မယ်လို့ လုံးဝထင်မထားမိပါ။

"ရှင့်ကိုလည်း ကျွန်မ စိတ်ဝင်စားပါတယ်"

"ဗျာ"





ရုတ်တရက် ထပြောတဲ့ စန်း စကားကြောင့် သူ့နားကိုပင် မယုံနိုင်ဖြစ်သွားသည်။ ဘာပဲဖြစ်ဖြစ် သူ့ရင်ထဲမှာ ကြည်နူးမှုတစ်ခု ဖြစ်ထွန်းသွားတာ သူ ဝန်ခံပါသည်။

"အချစ်ဆိုတဲ့အရာက ထူးဆန်းတဲ့ မျက်လှည့်တစ်ခုလိုပါပဲ၊ ခံစားရတဲ့လူကို မျက်စိလည်စေတတ်တယ်။ တစ်ခါတလေ မြင်မြင်ချင်း အချစ်ကြီး ချစ်သွားစေတတ်သလို၊ တစ်ခါတလေတော့လည်း ရင်ထဲဝင်လို့ ဝင်လာမှန်းမသိအောင် သိမ်မွေ့လွန်းတယ် ...

ဒီတော့ ကျွန်မတို့ အတူလျှောက်ကြည့်ကြတာပေါ့၊ ဒါပေမဲ့ ဒါ အချစ်မဟုတ်ဘူးဆိုတာ ရှင့်ဘက်ကဖြစ်ဖြစ် ကျွန်မဘက်ကဖြစ်ဖြစ် သေချာသွားရင်တော့ ထွက်သွားခွင့်ပြုရမယ်၊ ရှင် သဘောတူလား"

သူ ပါးစပ်အဟောင်းသားနှင့် စန်း စကားတွေကို နားထောင်နေမိသည်။ သူမ၏ထူးခြားသော တောင်းဆိုမှုကို သူ ခေါင်းညိတ်သဘောတူလိုက်မိသည် ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

လှည်းတန်းက D.Mart စာရေးကိရိယာဆိုင် မှန်တံခါးကို ဆွဲဖွင့်ဝင်ဝင်ချင်း တစ်ယောက်နဲ့တစ်ယောက် တွတ်ထိုးရယ်မောကာ ဘောလ်ပင်ရွေးနေကြသော အတွဲတစ်တွဲကိုအတွေ့ မင်နိုရည် မျက်နှာမဲ့ခနဲ ဖြစ်သွားသည်။ စံပြထင်နှင့် စနိုးစုဆိုသည့် ကောင်မလေး ကြည့်ရတာ တော်တော် အဆင်ပြေနေပုံရသည်။





"ယောက်ျားတွေများ တော်တော် အပြောင်းအလဲမြန်တာပဲ"

မင်နိုရည်ရဲ့ ခပ်တိုးတိုးမှတ်ချက်ကြောင့် တာရာထွေး မျက်မှောင်ကြုတ်လိုက်ကာ ...

"ဘာလဲ ... မင်နို သဝန်တိုသွားတာလား"

"ဟွန်း ... ဝေးပါသေးတယ်"

"ဒါဆိုလည်း ကိုယ်ဝယ်စရာရှိတာပဲ အာရုံစိုက်လေ"

သူ စံပြထင်တို့အတွဲကို တစ်ချက်ကြည့်လိုက်သည်။

"ကို ... ဒီဖိုင်လ်လေး လှတယ်မဟုတ်လား"

မင်နိုရည်က တမင်တကာ စနိုးစုကိုတိုက်ပြီး ဖိုင်လ်တွေရှိရာ အရောက်သွားပြီး ဖိုင်လ်တစ်ခုကို ဆွဲထုတ်၍ တာရာထွေးကို လှမ်းပြလိုက်သည်။

တာရာထွေးကလည်း မင်နိုရည်ရှိရာ လျှောက်သွားရင်း တခြားဖိုင်လ်တစ်ခုကို ကောက်ယူကာ ...

"ဒါလေးက ပိုလှတာ မဟုတ်လား မင်နို"



www.burmeseclassic.com

www.burmeseclassic.com



"အို ... အံမယ်လေး၊ ဒုက္ခပဲ၊ ကို ... ကို, ဒီမှာလုပ်ပါဦး မင်နီဆံပင်နဲ့ ဆွဲကြိုးငြိသွားလို့၊ အား ... အား နာလိုက်တာ"

မင်နီရည်ရဲ့ ဆံနွယ်တစ်စက ဆွဲကြိုးချိတ်နဲ့ ငြိနေတာမို့ တာရာထွေးက ငုံ့၍ မင်နီဆံပင်တွေကို ချိတ်ကွင်းထဲမှ သေချာဆွဲထုတ်နေသည်။ သူတို့နှစ်ယောက်ရဲ့မျက်နှာက အနီးဆုံးအနေအထားတွင် ရှိနေပြီး မသိရင် ငုံ့ပဲ့နမ်းနေကြသလိုလို။

"ပြန်ရအောင် စံပြ"

မျက်နှာပျက်သွားသော စံပြကို စနိုး လောဆော်လိုက်သည်။

"ဟင် ... စနိုး ဘောလ်ပင် မဝယ်တော့ဘူးလား"

"ဟင့်အင်း ... တခြားဆိုင် သွားရအောင်"

စနိုးစုက စံပြထင်ရဲ့လက်ကိုဆွဲခေါ်ပြီး တံခါးကို တွန်းဖွင့်ပြီး ထွက်လာသည်။

"စနိုး ... ဘာဖြစ်နေတာလဲ"





လမ်းတစ်လျှောက် စကားတစ်ခွန်းမှ မပြောသော စနိုးကို သူ ဖွင့်မေးလိုက်သည်။

"သူ့အချိုးက ဘာအချိုးလဲ စံပြ၊ စံပြက မသိပေမယ့် ကျွန်မက မိန်းမချင်းဆိုတော့ ပိုသိတယ်၊ ဘေးနားမှာ ရည်းစားငုတ်တုတ်ထားပြီး စံပြကို ပြန်ချည်နှောင်ချင်နေတာ"

"ဘယ်သူကလဲ ... မင်နီရည်ကလား၊ ပေါက်ပေါက်ရှာရှာကွာ"

"တော်ပြီ စံပြ၊ ရှင် ပြန်တော့၊ ကျွန်မလည်း ပြန်တော့မယ်၊ ဒီကပဲ လမ်းခွဲရအောင်၊ အိမ်ကကားကို ဖုန်းဆက်ပြီးလာခေါ်ခိုင်းလိုက်တော့မယ်"

စနိုးမျက်ဝန်းအိမ်ထဲမှာ မျက်ရည်ကြည်လေးတွေ လည်နေသလိုပင်။ ဒါ ပထမဦးဆုံး "စနိုးစု"ဆိုတဲ့ ကောင်မလေးကို မိန်းမဆန်ဆန် အမူအရာ အပြောအဆိုမျိုးနဲ့ တွေ့ဖူးတာပဲ။ ဒါကမှ Heaven အစစ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသော စံပြ နောက်ကျောကိုကြည့်ပြီး စနိုး မျက်ဝန်းအိမ်မှ မျက်ရည်တစ်စက် လွင့်ကြွေသွားသည်။

"ခွင့်လွှတ်ပါ စံပြ"

သူမနှုတ်မှ ခပ်တိုးတိုး ဝါကျတစ်ကြောင်း တိုးထွက်လာသည်။

❦ ✧ ❦





## ၁၄

မင်းနီရည် တာရာထွေး ဖုန်းနံပါတ်ကို ခေါ်နေသည်။ ဖုန်းကမြည်ပြီးမှ ပြန်ပြန်ပြတ်ကျသွားတာမို့ စိတ်ပျက်နေသည့်ဟန် မျက်နှာရှုံ့မဲ့နေသည်။

"ခေါ်လို့မရဘူးလား မင်းနီ"



www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုန် အမေးကို သူမ ခေါင်းဆတ်ပြလိုက်သည်။

"သူ့ဖုန်း တစ်ခုခုများ ဖြစ်နေလို့လား"

"ငါ့စိတ်ထင်လို့လားတော့ မသိဘူး ဝတ်မှုန်၊ ကို့အခု တလော ပြောင်းလဲသွားသလိုပဲ၊ ဘယ်လိုပြောမလဲဟာ အရင်တုန်းကလို မဟုတ်တော့သလိုပဲ"

"နင် ထင်လို့ပါ မင်နီရာ၊ သူက နင့်ကို အရိပ်တကြည့်ကြည့်နဲ့ ချစ်နေတဲ့ဟာ"

"မဟုတ်ဘူး ဝတ်မှုန်၊ သူ ငါ့အနားမှာ ရှိနေပေမယ့် သူ့စိတ်တွေက ငါ့ဆီမှာ ရှိမနေသလိုပဲ၊ ခါတိုင်း ဒီလိုအချိန် သူ့ဆီ ငါဖုန်းဆက်နေကျလေ။ သူ တမင် ငါ့ကိုမပြောချင်လို့များလား"

"အဲဒါတော့ ငါလည်း မပြောတတ်ဘူးလေဟာ"

"ငါ message လည်း ပို့ပြီးပြီ၊ သူ မပြန်ဘူး"

"သူ နင့်ကို မကျေလည်တာတွေ ဘာတွေများရှိနေလို့လား"

"မရှိပါဘူး ... ငါ ထင်တာလေ"





ရင်ထဲမှာ စိုးရိမ်မှုတွေနဲ့ သောကပေါင်းစပ်ပြီး မွှေနှောက်နေသည်။

သူ အသစ်များ တွေ့နေလို့လား။ ဝမ်းနည်းမှုက ရင်ထဲဆောင့်တက်လာသည်။

"သိပ်လည်းစိတ်ပူမနေပါနဲ့ မင်နီရာ၊ မနက်ဖြန် ကျောင်းမှာတွေ့ကြမှာပဲ၊ အဲဒီတော့မှ မေးကြည့်ပေါ့"

"အေးပါ ... ငါပြန်ဦးမယ်ဟာ၊ စာအုပ်ငှားတဲ့အတွက် ကျေးဇူးပဲ"

လမ်းရောက်တော့ ကို့ကို ဖုန်းပြန်ခေါ်ကြည့်သည်။ ဒီတစ်ခါတော့ စက်ပိတ်ထားသည်ဟု ပြန်ဖြေသည်။ လူကခြေလှမ်းတွေတောင် မမှန်ချင်တော့။

မှတ်မှတ်ရရ ကို့ပြောင်းလဲသွားတယ်လို့ သူမ ခံစားမိတာ စံပြတို့အတွဲနဲ့ D-Mart မှာ တွေ့တဲ့နေ့ကတည်းက ကို့မျက်နှာက သုန်မှုန်ပြီး၊ သူမ ရေပက်မဝင်ပြောတဲ့ စကားတွေကို အင်း ... အဲတောင် ပြန်မလုပ်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်ပိုင်း ကို့အပြုအမူတွေက အေးစက်ပြီး၊ ကို့အပြောအဆိုတွေက အသက်မပါဘဲ ခြောက်ကပ်ကပ်နိုင်သည်။ ဘုရား ... ဘုရား ... မင်းနို ရင်ဘတ်ကို လက်ဖြင့်အသာဖိထားလိုက်သည်။ သို့သော် သံသယဆူးတစ်ခုက သူမနှလုံးသားထဲသို့ နက်ရှိုင်းစွာ စိုက်ဝင်သွားသည်။

"စနီးစု"ဆိုသည့် ချောမောပြီး ဆွဲဆောင်မှုရှိသော မိန်းမ၏အပြုံးလှလှကို သူမ ပြန်မြင်ယောင်မိသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိသည့် မျက်နှာထားနှင့် ရဲရင့်တဲ့ဒီဇိုင်းနဲ့ တစ်ယောက်တည်း သွားလာလှုပ်ရှားတတ်တဲ့ Chinese မေဂျာက စနီးစုကို မသိသူ မရှိသလောက်ပင်။

ကို့နဲ့စနီးစုတို့က တစ်ခန်းတည်းလေ။ စနီးစုက သူမကို ဘာကြောင့် ဘလိုင်းကြီး အမြင်ကတ်နေမှန်း အခုတော့ ရိပ်မိသလိုလို။

မင်းနို့ဆီက ထွက်သွားဖို့ မကြိုးစားပါနဲ့လား ကိုရယ်။ အင်းလေ ... မင်းနို့အတွေးတွေ များသွားလို့နေမှာပါ။





တကယ်သာ စနီးစုကို ကို့စိတ်ဝင်စားခဲ့ရင် မင်းနို့ဆီကို အရင် ရောက်လာမှာ မဟုတ်ပါဘူး။

မင်းနိုရည် ကြိုးစားပြီး သူမကို သောကပေးသော အတွေးဆိုးတို့ကို မောင်းထုတ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

ဟောင်းနေပေမယ့်လည်း အညိုရောင်သားရေဖုံး ဒိုင်ယာ့ရီစာအုပ်လေးကတော့ အခုအချိန်အထိ အကောင်းတိုင်းပါပဲ။ စာအုပ်ကိုဖွင့်ဖွင့်ချင်း နှင်းဆီပန်းခြောက်လေးတစ်ခုကို တွေ့ရတယ်လေ။ ဒီနှင်းဆီပန်းလေးက ရင်ခုန်တတ်စအရွယ်





စန်းစု ဆိုတဲ့ ကောင်မလေးတစ်ယောက်ရဲ့ ရင်ခုန်သံကို ကောင်းကောင်းလှုပ်နှိုးခဲ့တာပေါ့။

တာရာထွေး ဆိုတဲ့ အထက်တန်းကျောင်းသားလေးတစ်ယောက်ပေးခဲ့တဲ့ နှင်းဆီပန်းလေးပေါ့။

လွန်ခဲ့တဲ့ ငါးနှစ်တုန်းကတော့ ဒီနှင်းဆီပန်းလေးဟာ ရဲရဲနီပြီး တောက်ပနေခဲ့တာပါ။

"I am a king, and you are ,my queen !"

ဆိုတဲ့ ဆော့ပင်နဲ့ရေးထားတဲ့ စာတစ်ကြောင်းဟာ ကျွန်မကို ဘယ်လောက်တုန်လှုပ်စေခဲ့လဲ။ ကိုးတန်းစာသင်နှစ်ရဲ့ စုံညီပွဲတော်မှာ ဒီစာတန်းလေးနဲ့ နှင်းဆီတစ်ပွင့်ကို သူ့ဆီကရခဲ့တာလေ။

လှပတဲ့ ပန်းနုရောင်အိပ်မက်တွေကို သူ ပေးခဲ့တယ်။ သူက ကျွန်မရဲ့အိပ်မက်မင်းသားလေးပါပဲ။ သူပြုံးပြတဲ့ အပြုံးနုနုတွေကြားမှာ ကျွန်မ အကြီးအကျယ် သာယာခဲ့တာပေါ့။

"စန်း ... စန်း ... နင့်ကို တာရာ စာပေးခိုင်းလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့သူငယ်ချင်းတစ်ယောက်ပေးတဲ့စာကို လှမ်းယူလိုက်တဲ့ ကျွန်မလက် တုန်ယင်နေခဲ့တယ်။ ပရမ်းပတာခုန်နေတဲ့ နှလုံးခုန်သံနဲ့အတူ စာရွက်ကို ဖွင့်ဖတ်ခဲ့တယ်လေ။

"ဘိုင်အိုပြေပြီးတဲ့နေ့ နေ့လယ်နှစ်နာရီ ချွေတိဂုံဘုရားရဲ့ တောင်ဘက်မုခ်မှာ စောင့်နေမယ်"

ဆိုတဲ့ စာတစ်ကြောင်းတည်းရယ်ပါ။ မသွားသင့်ဘူးဆိုတာ သိပေမယ့် စိတ်တွေကို ချုပ်နိုင်မရခဲ့ဘူး။

အဲဒီကို အရောက်သွားဖို့ နည်းမျိုးစုံနဲ့ အိမ်ကို အကြောင်းပြသလို၊ အတူလိုက်ခဲ့ဖို့ သူငယ်ချင်း တစ်ယောက်စ နှစ်ယောက်စကိုလည်း စည်းရုံးခဲ့ရတယ်။

တကယ်တမ်းတော့ သူ ရောက်မလာခဲ့ပါဘူး။ လိုက်လာတဲ့ သူငယ်ချင်းတွေကို ပြန်လွှတ်ပြီး သူ့ကို ညနေငါးနာရီအထိ ဖွဲနပဲကြီးစွာနဲ့ စောင့်နေခဲ့မိတယ်။

စိတ်လှုပ်ရှား တိမ်းမူးလွယ်တဲ့ နှလုံးသားနုနုကို သူက အရောင်ဆိုးခဲ့တာလေ။





အပြန်လမ်းမှာ နုနယ်တဲ့ နှလုံးသားတစ်ခုက နာကြည်းမှုဆိုတဲ့ ဒဏ်ရာကြီးကြီးကြောင့် ကျောက်သားပကတိလို မာကျောသွားခဲ့တယ်။

နိုင်ငံခြားဘာသာတက္ကသိုလ်မှာ သူနဲ့ ကျွန်မ ပြန်ဆုံတွေ့အောင် ဖန်တီးခဲ့တဲ့ကံကြမ္မာဟာ ကျွန်မရဲ့နှလုံးသားမာကျောမှု အဆင့်ကို စမ်းသပ်လိုက်တာပဲ။

မိန်းကလေးတိုင်း သူ့ကို သမင့်လည်ပြန်လိုက်ကြည့်နေကြချိန်မှာ ကျွန်မမျက်လုံးတွေကို ကျွန်မ ထိန်းချုပ်နိုင်ခဲ့တယ်။ မျက်နှာချင်းဆိုင်တွေ့ရင်တောင် တစ်ခါမှမမြင်ဖူး မတွေ့ဖူးတဲ့ လူတစ်ယောက်ကို တွေ့ရသလို ကျွန်မ သူ့ကို လုပ်ပြနိုင်ခဲ့တယ်။

ဒါပေမဲ့ ကျွန်မ မညာပါဘူး။ သူ "မင်နီရည်"ဆိုတဲ့ ကောင်မလေးနဲ့ ကြိုက်သွားတာကို သိလိုက်ရတဲ့နေ့က တစ်ညလုံး ငိုခဲ့မိတယ်။ ရည်းစားတစ်ယောက် ထားလိုက်ရင် သူ့ကိုမေ့နိုင်လိမ့်မယ်လို့ ထင်ခဲ့ပေမယ့် တကယ်တမ်း လက်တွေ့တော့မမေ့နိုင်ခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလိုပဲအရှုံးသမား ယောကျ်ားတစ်ယောက်နဲ့ ရင်းရင်းနှီးနှီးနေခဲ့တယ်။

ဒါပေမဲ့ သေသေချာချာ သိလိုက်ရတာက အဲဒါ အချစ်မဟုတ်ဘူး။

ခန်းဆီးစအပြာအရှည်ကြီးကို စနိုးစု ဆွဲဖွင့်လိုက်သည်။ Aircon တပ်ထားတဲ့အခန်းထဲမှာ လှောင်နေသလို ခံစားရသည်။ အိမ်ရှေ့ခတ်တိုင် မာကျူရီမီးလုံးအလင်းနဲ့ နက်ပြာရောင် Surf ကားတစ်စီးကို မှန်ပြတင်းမှတစ်ဆင့် လှမ်းတွေ့လိုက်ရတာမို့ ရင်ထဲ ဒိတ်ခနဲခုန်သွားသည်။

ခန်းဆီးစကို ဆွဲပိတ်လိုက်သည်။

ကျွန်မ အိပ်မက်များ မက်နေတာလား။ ဒီကားက တာရာ့ကားလေ။

သူ ဒီအချိန်ကြီး ဒီမှာဘာလာလုပ်နေတာလဲ။ ရင်ခုန်သံတွေ၊ မခေါ်ဘဲနဲ့ ကျွန်မဆီ အလည်လာနေလိုက်တာ ဆူညံလို့နေတာပဲ။





ဖုန်းမြည်သံတစ်ချက်ကြောင့် စနိုးစု ဖုန်းကိုင်လိုက်သည်။

"စနိုးလား ... ကိုယ်ပါ"

ချိုရှရှ အသံလေးတစ်ခု။

"ဘယ်သူလဲရှင်၊ နာမည်ပြောမှ သိမှာပေါ့"

"တာရာထွေးပါ"

စနိုးစုရင်ထဲ ဒိန်းခနဲမြည်ဟည်းသွားသည်။

"ဘာကြောင့် ကျွန်မဆီ ဖုန်းဆက်ရတာလဲ"

"ဒီ့ထက်ပိုပြီး ဟန်မဆောင်နိုင်တော့လို့ပါ"

"ရှင်ပြောတာတွေ တစ်ခုမှ နားမလည်ဘူး"

"စနိုး နားလည်ပါတယ်၊ ကိုယ်တို့ ဒီအတိုင်းဆက်သွားကြမယ်ဆိုရင် နှစ်ယောက်စလုံး ပျော်ရမှာ မဟုတ်ဘူး၊ အမြဲတမ်း ကြေကွဲနေရမှာ"

"သွားစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



စနီးစု ဖုန်းချပစ်လိုက်သည်။ သူက အလိုက်တသိနှင့် ထပ်မခေါ်တော့ပါ။ ခန်းစီစ အပြာလေးကို သာသာလေးဟပြီး သူ့ကားကို ကျွန်မ ချောင်းကြည့်လိုက်သည်။ သူ့ကားက နေရာမှမရွေ့သေး။ တော်တော်လေးကြာမှ သူ့ကားလေးထွက်သွားသည်။ ကျွန်မ ဘာဆက်လုပ်ရမှာလဲ တာရာထွေး။

❦ ✧ ❦





## ၁၆

အင်းလျားရေပြင်ကျယ်မှာ ပျော်မြူးနေကြတဲ့ လှိုင်းကြက်ခွတ်လေးတွေကို မင်းနီ ငေးမောနေသည်။ သူမဘေးနားမှာ ထိုင်နေတဲ့ ကို့ရဲ့သက်ပြင်းချသံ အကြိမ်ပေါင်းက တော်တော်ကို များနေပြီ။ မင်းနီ့ရင်ထဲမှာ မေးခွန်းတွေကအပြည့်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အဖြေကို နားထောင်နိုင်စွမ်း မရှိတာမို့ ရေငုံနှုတ်ပိတ်နေလိုက်သည်။

"မင်နို ... ကို့ကို ဘာပြောချင်တာလဲ၊ ပြောစရာရှိတာ ပြောလေ"

"ကို, ပြောင်းလဲသွားတယ်နော်"

မင်နိုရည်က တာရာထွေး မျက်နှာကိုမကြည့်ဘဲ အားယူပြီး တစ်လုံးချင်း ပြောလိုက်သည်။

"ဟုတ်တယ် မင်နို၊ ကို, ပြောင်းလဲသွားတယ်"

"ဟင့်အင်း ကို,၊ ဒီလိုမဖြေပါနဲ့၊ မင်နို ကြားချင်တာ ဒီအဖြေမဟုတ်ဘူး၊ ကို,ငြင်းလိုက်ပါ၊ ငြင်းလိုက်ပါ ကို,၊ ကို,စာမေးပွဲနီးနေလို့ ပင်ပန်းနေလို့ပါဆိုပြီး အကြောင်းပြလိုက်ပါနော် ကို,"

မင်နိုရည်က တာရာထွေး လက်မောင်းကို ကိုင်လှုပ်နေသည်။ သူမမျက်ဝန်းမှာ မျက်ရည်တွေကစို့ပြီး အသံတွေကလည်း တုန်ခါနေသည်။





"ကို, မညာချင်တော့ဘူး မင်နို၊ ဘာကြောင့် ကို့ကို ညာနိုင်းနေရတာလဲ၊ မင်းအပေါ်မှာ ကို,ဘာစိတ်မှ မရှိတော့ဘူး မင်နို၊ မင်နို့ဘေးမှာ ကို,ဆက်ရှိနေရင် မင်နိုပဲခံစားရလိမ့်မယ်၊ ဘာလို့လဲဆိုတော့ ကို,က အရုပ်တစ်ရုပ်နဲ့တူသွားပြီလေ၊ အရုပ်မှာ စိတ်မှမရှိဘဲ၊ မင်နို ဒီအနေအထားမျိုး လက်ခံနိုင်လို့လား"

"ကို ..."

မင်နိုရည် နားနှစ်ဖက်ကိုပိတ်ပြီး ခံနိုင်ရည်မရှိစွာ အော်ပစ်လိုက်သည်။

"မင်နိုနဲ့ ကို,ပတ်သက်ခဲ့တဲ့ ကာလတစ်လျှောက် မင်နို နစ်နာအောင် ကို,ဘာတစ်ခုမှ မလုပ်ခဲ့ပါဘူး၊ မင်နို့ပေါ်မှာ ကို,အရိုးသားဆုံး ဆက်ဆံခဲ့တာပါ၊ ကို,အခုလို အမှန်အတိုင်း ဖွင့်ပြောတာလည်း မင်နို့အတွက်ပါပဲ"

"ဟုတ်ပါတယ်၊ ရှင် ရိုးသားပါတယ် တာရာထွေးရယ်။ ယောကျ်ားတစ်ယောက်ရဲ့ ခဏတာ စိတ်ခံစားမှုကို ထာဝရ ထင်ခဲ့တာ ကျွန်မအမှားပါ"



www.burmeseclassic.com

www.burmeseclassic.com



မင်နီ မနိုင်မနင်းကျလာတဲ့ မျက်ရည်တွေကို လက်ခုံဖြင့် ပွတ်ပွတ်ပစ်နေသည်။

တာရာ ကမ်းပေးတဲ့ လက်ကိုင်ပဝါကို သူမ ခေါင်းခါငြင်းလိုက်သည်။ ရှင်သာ တကယ်စေတနာရှိရင် လက်ကိုင်ပဝါမပေးဘဲ မင်နီ့ကို မျက်ရည်မကျအောင် ထားသင့်တာလေ။

"ကောင်းပါပြီ၊ မင်နီလည်း ရှင့်ကိုအတင်းဖက်တွယ်မထားတော့ပါဘူး။ ရှင်သွားပါတော့"

တာရာထွေးနေရာမှ ထရပ်လိုက်သည်။ နေလုံးနီနီကြီးက ကြည့်၍လှသော်လည်း တကယ်တွေးကြည့်တော့ ကမ္ဘာကြီးကို နှုတ်ဆက်ထွက်သွားတော့မည်မို့ ဝမ်းနည်းစရာပင်။

"တစ်ခုတော့ ပြောခဲ့ပါ။ ရှင် ဘယ်သူ့ကြောင့် ပြောင်းလဲသွားတာလဲ"

"စနီးစု"

"သိပါပြီ၊ ရှင် ထွက်သွားပါတော့"





မင်နီ တစ်ယောက်တည်း ခုံတန်းလေးမှာ ထိုင်ကျန်ခဲ့သည်။

"ကိုယ့်ကို သစ္စာရှိပါ"

လို့ အထပ်ထပ်ပြောခဲ့သူက သူမရဲ့သစ္စာတို့ကို တန်ဖိုးရော ထားခဲ့ပါရဲ့လား။ ဘာပဲဖြစ်ဖြစ်ပေါ့ ကို့နဲ့အတူပျော်ခဲ့ဖူးတဲ့ နေ့ရက်လေးတွေကို မင်နီ ထာဝရသိမ်းထားမှာပါ။ ကို့ကို ချစ်ခဲ့တာ မှန်းဖို့မဟုတ်ခဲ့ဘူးလေ။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



❋ ၁၇ ❋

ထမင်းစားဆင်း ဘဲလ်သံမြည်တာနှင့် စနိုးစ ခုံပေါ်က စာအုပ်တွေကို အိတ်ထဲစုထည့်လိုက်သည်။ ကန့်တင်းမှာ စံပြနဲ့ချိန်းထားသည်။ ဒီနေ့ သူ ထမင်းချိုင့်မမီလို့ စနိုးထမင်းချိုင့်နဲ့ ကပ်စားမလို့လေ။ စနိုး ထမင်းချိုင့်မထည့်တဲ့နေ့ဆိုလည်း သူ့ထမင်းချိုင့်နဲ့ ကပ်စားနေကြပဲ။





အခန်းထဲကအထွက် စနိုးရှေ့တွင် ညိုးရော်ရော် မျက်နှာထားနှင့် လာရပ်သူက တာရာ။ မျက်နှာကို အတတ်နိုင်ဆုံး တင်းထားပြီး သူ့ကို ဖြတ်ကျော်ဖို့ စနိုး ကြိုးစားလိုက်သည်။ သူကလည်း စနိုးလမ်းကြောင်းမှာ ထပ်ပိတ်ရပ်ပြန်သည်။

“ရှင် ဒါဘာလုပ်တာလဲ”

“စကားပြောချင်လို့ စကားနည်းနည်းလောက် ပြောပြီးရင် ဖယ်ပေးပါ့မယ်”

ဖြတ်သွားဖြတ်လာ ကျောင်းသားတွေက သူတို့နှစ်ယောက်ကို ကွက်ကြည့် ကွက်ကြည့် လုပ်နေတာမို့ စနိုးစရှက်သွားသည်။

“ရှင်နဲ့ ကျွန်မကြားမှာ ဘာစကားမှ ပြောစရာမရှိဘူးတာရာထွေး”

“ဒါက စနိုးဘက်ကလေ၊ ကိုယ့်ဘက်ကတော့ စနိုးကို ရှင်းပြစရာရှိတယ်၊ ပြောချင်နေခဲ့တာလည်း ကြာပါပြီ။ ဒါပေမဲ့ စနိုးက ပြောခွင့်မပေးခဲ့ဘူးလေ”



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲ ထမင်းစားနေသူ ခပ်ကျဲကျဲသာရှိနေသည်။ စန်းစုက ဘေးဘီဝဲယာ ကြည့်လိုက်ကာ ...

"ကောင်းပြီလေ၊ ဒီနေ့တော့ ရှင့်ကို ပြောခွင့်ပေးလိုက်မယ်"

စန်းစုက အခန်းထဲ ပြန်ဝင်ထိုင်သည်။ သူကလည်း ခုံတစ်လုံးဆွဲပြီး စန်းရှေ့မှာ ဝင်ထိုင်သည်။

"စန်းကို ကိုယ်ပေးခိုင်းတယ်ဆိုပြီး လာပေးတဲ့စာဟာ ကိုယ်ရေးတာ မဟုတ်ဘူး၊ နောက်မှ ကိုယ်သိလိုက်ရတာ"

"ဒီလိုပဲပြောမယ်ဆိုတာ သိပြီးသားပါ"

စန်းက နည်းနည်းလေးမှ အံ့သြဟန်မပြ။

"စန်း မယုံဘူးဆိုတာ သိပါတယ်၊ ဒါပေမဲ့ ကိုယ်ပြောတာ အမှန်ပါပဲ"

"ရှင်ပြောချင်တာ ဒါအကုန်ပဲလား၊ ကုန်ပြီဆိုရင် ကျွန်မ ရှေ့ကထွက်သွားတော့"

တာရာထွေး မချိတရိ ပြုံးလိုက်ပြီး ခေါင်းငိုက်စိုက်ချကာ နေရာမှ ထ,ထွက်သွားသည်။ ခြေလှမ်းသုံးလေးလှမ်း,လှမ်းပြီးမှ စန်းဘက် ပြန်လှည့်ကာ ...





"ကိုယ်နဲ့ မင်းနီ ပြတ်သွားပြီ၊ ကိုယ့်ကိုယ်ကိုယ် မလိမ်ချင်တော့လို့၊ မညှဉ်းဆဲချင်တော့လို့၊ ပြီးတော့ အပြစ်မရှိတဲ့ မိန်းကလေးတစ်ယောက်ကို ဆက်ပြီးမညာချင်တော့လို့"

စန်းစု မျက်လုံးလေး ဝိုင်းသွားသည်။ သူ တကယ်ပဲ မင်းနီရည်ကို ပြတ်ခဲ့တာလား။ သူ မင်းနီရည်ကို တကယ်ချစ်နေတာလို့ စန်း ထင်ထားခဲ့တာလေ။



www.burmeseclassic.com

www.burmeseclassic.com



## ❋ ၁၈ ❋

ကျောင်းမှာ ရေပန်းစားနေတဲ့ နောက်ဆုံးပေါ်သတင်း (latest news)ကတော့ တာရာထွေးနဲ့ မင်နီရည်တို့၏ ပြတ်စဲမှုသတင်းပင်။ တစ်ယောက်တစ်မျိုး ထိုကိစ္စပေါ်တွင် ဝေဖန်ပြောဆိုနေကြချိန်တွင် စနီးစုနှင့် စံပြထင်တို့က နှုတ်ဆိတ်နေကြသည်။ တာရာထွေးက ဟန်မပျက် ကန်တင်းမှာ လာလာထိုင်တတ်သော်





လည်း မင်နီရည် တစ်ယောက်ကတော့ ရှက်ရှာသည်ထင့် ကျောင်းသားစုဝေးရာ ဘယ်နေရာမှ ခြေဦးမလှည့်ခဲ့။

"စံပြ ... ကျွန်မတို့နှစ်ယောက် ဘာကြောင့် ကိစ္စတစ်ခုကို မပြောမိဖို့ ကြိုးစားနေကြတာလဲ"

မော်တင် junction ကာတိယာလပ်က ထိုင်ခုံလေးမှာ ရုပ်ရှင်ကြည့်ဖို့ ထိုင်စောင့်ရင်းက စနီးစု စကားစ,လိုက်သည်။

"ဘာကိစ္စလဲ စနီး"

"မင်နီရည်တို့ကိစ္စ"

"တို့နဲ့မှ မဆိုင်ဘဲ"

"စံပြ ... မင်နီရည်အတွက် စိတ်မကောင်း မဖြစ်ဘူးလား"

စနီးစု အကြည့်တွေက မျက်နှာချင်းဆိုင် ဝရန်တာမှာရပ်နေတဲ့ လူတစ်ယောက်ဆီအရောက် လက်ထဲမှာကိုင်ထားသော ရေသန့်ဘူးလေး လွတ်ကျသွားသည်။ သူ ... တာရာထွေး။ ဝရန်တာလက်တန်းပေါ် လက်နှစ်ဖက်ထောက်ရင်း သူမတို့ကို လှမ်းကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ကိုယ်ကျပ်လက်တိုနှင့် ဘောင်းဘီအဖြူဝတ်ထားသော သူက ပန်းနုရောင်ပြေးနေသော အသားဖွေးဖွေးလေး ပိုင်ဆိုင်ထားသူမို့ မြင်သူတိုင်းကို လည်ပြန်ငေးစေသည်။ သူ့ဘေးမှ ဖြတ်လျှောက်သွားတဲ့ ကြီးကြီး၊ ငယ်ငယ်၊ ရွယ်ရွယ် အရွယ်စုံ မိန်းကလေး ယောကျ်ားလေး အနည်းဆုံးတစ်ကြိမ်တော့ သူ့ကို ပြန်လှည့်ကြည့်သွားတာ စနိုး တွေ့နေရသည်။

"တို့ပြောတာ ကြားလား စနိုး"

"အင် ... အင် ... ဘာပြောလိုက်တာလဲ စံပြ"

စံပြက အဖြေမပေးဘဲ စနိုးကို သံသယမျက်ဝန်းတွေနဲ့ စိုက်ကြည့်နေသည်။ စနိုး ကြည့်နေသည့်နေရာသို့ မျက်လုံးအရောက် တာရာထွေးကို တွေ့လိုက်ရသည်။ စနိုးကိုပြန်အကြည့် စနိုးက သူ့အကြည့်တွေကို ရင်မဆိုင်ပါ။ ဒါ စနိုးစုရဲ့စတိုင်လ်မှ မဟုတ်ဘဲ။ ဘာပဲပြောပြော သူ စိတ်အနောင့်အယှက် တော်တော်ဖြစ်သွားမိသည်။

❦ ✧ ❦





## ၁၉

"စနိုး"

တော်ဝင်စင်တာ ကားပါကင်ကအထွက် ဘေးအိတ်ကြိုးအရှည်ကို နောက်မှဆွဲဆောင့်ပြီး ခေါ်လိုက်သံကြောင့် စနိုး တုန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … တာရာထွေး၊ ရှင် ဘာလုပ်တာလဲ"

"ကိုယ် စနိုးနောက်ကို လိုက်လာတာလေ၊ ဒီနေ့တော့ စနိုး တစ်ယောက်တည်းပါလား"

"ရှင့် ကျွန်မအိတ်ကြီးကို အခုလွှတ်လိုက်ပါ"

သူက စနိုးအမိန့်ကို နာခံကာ ခပ်ဖွဖွ လွှတ်ပေးသည်။

"စနိုး"

နောက်မှ တကောက်ကောက်လိုက်နေတဲ့ သူ့ကို စနိုး တော်တော်စိတ်ပျက်မိသည်။ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်၊ တစ်ထပ်ဆင်း တစ်ထပ်တက် သူက တောက်လျှောက်ပါလာသည်။

နောက်ဆုံး ကြက်ကြော်ဆိုင်ထဲဝင်တော့မှ သူလည်း ထိုင်ရတော့သည်။

"စနိုး … ခွင့်လွှတ်ပါနော် … တောင်းပန်ပါတယ်၊ တကယ် တောင်းပန်ပါတယ်"





"ဘာတွေလာပြောနေတာလဲ၊ အောင်လ သီချင်း လာဆိုပြနေတာလား"

သူက စနိုး ကြက်ဆီထမင်းစားတာကို ထိုင်ကြည့်နေသည်။ သူက တကယ့်ကလေးဆိုးတစ်ယောက်လိုပင်။

"ရှင် ကောင်တာမှာ စားစရာ သွားမှာလေ"

"ဟင့်အင်း … ကိုယ်မဆာပါဘူး၊ စနိုး စားနေတာကို ကြည့်နေရတာနဲ့ ဗိုက်ဝနေပြီ"

"အပိုတွေ မလုပ်စမ်းပါနဲ့ရှင်၊ တစ်ချိန်လုံး လျှောက်နေရတာ ရေတော့ ငတ်မှာပေါ့၊ ဟိုမှာ အအေးဘူးမှာသောက်လေ"

"ဒီ 7-up ဘူးလေး သောက်လို့ရမလား"

စနိုး မှာထားတဲ့ အအေးဘူးကို သူ လက်ညှိုးထိုး၏။ တော်တော်လူလည်ကျတဲ့လူ။

"သောက်ရှင် မပြောတော့ဘူး၊ ရှင့်ကို အရှုံးပေးတယ် တကယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ဝမ်းသာအားရ အအေးဘူးကို ဖောက်သောက်သည်။ သူ့ရဲ့ချွန်မြတဲ့ နှာသီးဖျားမှာ ချွေးဥလေးတွေ သီးနေသည်။

ငယ်ငယ်က သူ့အပြုံးကိုတွေ့တိုင်း ခုန်တတ်တဲ့ ရင်ခုန်သံတို့က စနိုးဆီ အလုအယက် ပြေးလွှားလာကြသည်။

"စနိုးရယ် ... ကိုယ် ဝဋ်လည်တယ်ဆိုတဲ့ စကားကို အခုမှ တကယ်နားလည်တယ်"

"ဘာဝဋ်လည်တာလဲ"

"မင်နီရှည်နဲ့ ကိုယ်ကြိုက်နေတုန်းက စံပြထင်က ဒီလိုပဲ အနောက်က တကောက်ကောက်လိုက်ခဲ့တာလေ၊ အခုတော့ ကိုယ့်အလှည့် ပြန်ရောက်လာပြီ"

"ကျွန်မနဲ့ စံပြထင် ချစ်သူတွေလို့ ဘယ်သူပြောလဲ"

လွှတ်ခနဲပြောထွက်ပြီးမှ စနိုး နောင်တရသွားသည်။

"ဟင် ... အဲဒါဆို စနိုးတို့က ဘာတွေလဲ"

"ရှင့်ကို ပြောပြစရာလား"





"စနိုးရယ် ... ကိုယ့်ကို အဲဒီလောက်ညှဉ်းဆဲရရင် တော်လောက်ပါပြီ၊ ပြောပြပါကွာနော်၊ ကိုယ့်မှာလေ စနိုးကိုချစ်လွန်းလို့ မင်နီရှည့်ကို ဖြတ်ခဲ့တယ်၊ ကျောင်းမှာလည်း လူတွေရဲ့ 'အပြောင်းအလဲမြန်တဲ့ကောင်၊ အပြောင်းအလဲမြန်တဲ့ကောင်' ဆိုပြီး လက်ညှိုးထိုးခံနေရတဲ့သူပါ"

"အမယ်လေး ... တော်တော်သနားစရာ ကောင်းတာပဲ၊ ရှင့်ကို လက်ခံလိုက်ရင် ကျွန်မပါ့ ရောပြီး လက်ညှိုးထိုးခံရတော့မှာပေါ့"

စနိုးစုက ရယ်ဟာဟာနဲ့ ပြောလိုက်သည်။ သူပြောနေတဲ့ပုံကိုက ရယ်ချင်စရာ။

"ဒါပေမဲ့ စနိုးမှာ အဖော် ကိုယ်တစ်ယောက်လုံး ရှိတယ်လေ၊ အဖော်ရှိတော့ ဘာပဲပြောပြော အားရှိတာပေါ့"

"တော်ပါတော့ တာရာရယ် ... ဟင်း ဟင်း ဟင်း ဟင်း"

စနိုးစု ဟန်မဆောင်နိုင်ဘဲ ရယ်မောမိသည်။ ကျွန်မနှလုံးသားက တကယ်တမ်းတော့ ကျောက်သားမှ မဟုတ်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သူ့ကို ချစ်လာမလားလို့ တွဲမိတာပါ၊ ဒါပေမဲ့ သူ့ကိုချစ်လို့ မရခဲ့ဘူး"

"သူကရော"

"ကျွန်မလိုပဲလို့ ထင်တာပဲ၊ ဒါပေမဲ့ ကျွန်မတို့နှစ်ယောက် နားလည်မှု ရှိကြပါတယ်"

"ဒါဆို ကိုယ်ကရောဟင်"

သူ့ရဲ့ထွက်လေ နွေးနွေးလေးက သူမပါးပြင် မွေးညင်းနုနုလေးတွေကို ရိုက်ခတ်သွားသလိုပင်။

"ရှင့်မျက်နှာကြီး နောက်ဆုတ်လိုက်ပါ တာရာ"

"ပြောရင် ဆုတ်မယ်"

သူက ပေကတ်ကတ်နှင့် ဆိုသည်။

"ပြောမယ် အရင်ဆုတ်၊ ကျွန်မ ရှက်တယ်ရှင့်"

"ဆိုင်ထဲမှာ လူမှမရှိတာ စနိုးရယ်၊ အလကားနောက်တာနော် စနိုး၊ ပြောလေ စနိုး၊ ကိုယ် ကြားချင်လှပြီ"

"ကျွန်မ ရှင့်ကို ခွင့်လွှတ်ပါတယ်"





"ဒါပဲလား၊ ချစ်ရော မချစ်ဘူးလားဟင့်"

စနိုးလက်ကလေးတွေ အေးစက်နေသည်။ သူက စနိုးလက်လေးတစ်ဖက်ကို ဆုပ်ကိုင်ထားသည်။ ပြီးတော့ ဖျတ်ခနဲ အနမ်းတစ်ပွင့် စနိုးပါးပေါ်ရောက်လာသည်။ စက္ကန့်ပိုင်းလေးလောက်ပါ။ ဒါပေမဲ့ စနိုးရဲ့ရင်ခုန်သံကတော့ သူကြားလောက်အောင် ကျယ်လောင်သွားခဲ့သည်။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



❋ ၂၀ ❋

"ပြန်ပြောပါလား စနိုး"

"ကျွန်မတို့ သဘောတူညီချက်အကြောင်းကို ပြောတာပါ စံပြ၊ ကျွန်မကို ထွက်သွားခွင့်ပြုပါ"





မင်နီရည့်ကို ချစ်ခဲ့သလို ရူးလောက်အောင် စနိုးကို မချစ်ခဲ့ပေမယ့် စနိုးနဲ့ပတ်သက်ခဲ့တဲ့ ကာလတစ်လျှောက် သူပျော်ရွှင်ခဲ့ရတယ်။ ပြီးတော့ သံယောဇဉ်လည်း တွယ်ခဲ့တယ်လေ။

"စနိုးကို တို့ လုံးဝနားမလည်နိုင်ဘူး၊ တကယ်ကို နားမလည်နိုင်ဘူးကွာ"

"ကျွန်မတို့နှစ်ယောက် အခုအချိန်အထိ တစ်ယောက်နဲ့ တစ်ယောက် ချစ်တယ်လို့ မပြောခဲ့ကြပါဘူး၊ နောက်လည်း ပြောဖြစ်မှာ မဟုတ်ဘူး"

"ဟုတ်တယ် စနိုး၊ မင်းမပြောခဲ့ပါဘူး၊ ဒါပေမဲ့ ရေးခဲ့တယ်"

"ရေးခဲ့တယ် ... ဟုတ်လား"

စနိုးစုက အလန့်တကြား ပြန်မေးလိုက်သည်။

"ဟုတ်တယ်၊ မနေ့က မင်းရဲ့နောက်ဆုံးရေးခဲ့တဲ့စာကို ရခဲ့တယ်လေ၊ ဒီမှာ ... ရော့"

စံပြထင်က အသင့်ပါလာသော စာလေးကို စနိုးစုကို ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"I love you." I connot count the times that I have told you this sentence in my mind. There is no one who occupies my heart, but you. You are my eternal love ! .

Heaven

"အဲဒါ ဘာလဲ၊ ကျွန်မ အင်္ဂလိပ်လို သိပ်မတတ်ဘူး"

"မင်း Heaven မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ ပေါက်ပေါက်ရှာရှာ"

စနိုးစုမျက်ဝန်းတွေထဲက ရိုးသားမှုကို သူ ရှာတွေ့ခဲ့သည်။

"ဒါဆို"

စံပြထင် စနိုးစုကို အားအနာကြီး အားနာသွားမိသည်။

"အဲဒါ ဘာရေးထားတာလဲ၊ ပြောပြပါလား"

"မင်းကို ချစ်တယ်ဆိုတဲ့ ဝါကျလေးကို ငါ့စိတ်ထဲမှာ မင်းကို ဘယ်နှကြိမ်ပြောမိတယ်ဆိုတာ ရေတောင်မရေနိုင်





ခဲ့ဘူး။ ငါ့နှလုံးသားမှာ မင်းကလွဲပြီး ဘယ်သူမှ နေရာမယူထားဘူး။ မင်းက ငါ့ရဲ့ထာဝရအချစ်ပဲတဲ့"

"တော်တော်ကောင်းတဲ့ စာသားပဲ၊ ရှင့်ကို Heaven က ဒီစာတွေပေးတာ ကြာပြီလား"

"ကြာပြီ၊ စနိုးနဲ့ မတွေ့ခင်ကတည်းက"

"သြော် ... ကျွန်မသဘောပေါက်ပြီ၊ ရှင်က ကျွန်မကို အဲဒီကောင်မလေးလို့ထင်ပြီး တွဲချင်တာပေါ့၊ ဟုတ်လား ... စံပြ"

သူ ရယ်ကျဲကျဲ လုပ်နေလိုက်သည်။ အဲဒါလည်း ပါတာ သူမှမငြင်းနိုင်တာ။

"ကျွန်မတို့ သူငယ်ချင်းတွေလို ဆက်ခင်ကြမှာပါ စံပြ၊ ရှင့်ကို ကျွန်မ ချစ်လို့မရပေမယ့် အရင်းနှီးဆုံးမိတ်ဆွေလိုတော့ သဘောထားလို့ရတယ်"

"စိတ်မဆိုးရင် မေးလို့ရမလား စနိုး"

"မေးစရာမလိုဘဲနဲ့ ဖြေပါ့မယ်၊ ကျွန်မနဲ့ တာရာ ချစ်သူတွေ ဖြစ်သွားကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ရှင် အံ့သြသွားလား၊ မအံ့သြပါနဲ့၊ ကျွန်မနဲ့ တာရာက တစ်ကျောင်းတည်းထွက်တွေပဲ၊ ကိုးတန်းနှစ်ကတည်းက ကျွန်မတို့နှလုံးသားချင်း ရင်းနှီးကြတာ၊ ကိစ္စတစ်ခုကြောင့် သူ့ကိုအထင်လွဲပြီး ရှောင်ဖယ်နေရာက ဒီလိုအခြေအနေတွေ ဖြစ်ခဲ့တာပဲ"

စံပြထင် အခြေအနေ အဖြစ်အပျက်တွေ အားလုံးကို ဆက်စပ်မိသွားသည်။ D-Mart ကအပြန် စနီး အမူအရာပျက်တာ။ ကန်တင်းမှာ တာရာထွေး စိုက်ကြည့်တာမြင်တိုင်း တုန်တုန်လှုပ်လှုပ်ဖြစ်တာ၊ နောက်ဆုံး Junction မှာ တာရာထွေးကိုတွေ့တော့ စနီး စိတ်နဲ့ လူနဲ့ မကပ်တာတွေကို မြင်ယောင်နေမိသည်။

"တို့လည်း စနီးကို စိတ်ရင်းနဲ့ ခင်မင်မိပါတယ်။ မိတ်ဆွေတွေအဖြစ်လည်း ဆက်ရှိချင်ပါတယ်၊ ဒါပေမဲ့ တာရာထွေးက လက်ခံပါ့မလား"





"ဒါတော့ မပူနဲ့၊ သူ့ကို ကျွန်မ တစ်ခါတည်း ပြောပြီးသား၊ ကျွန်မ စံပြကိုခင်သလို သူလည်း စံပြကိုခင်ရမယ်၊ အဲဒီလိုပဲ စံပြလည်း သူ့ကို အာဃာတမထားပါနဲ့၊ ဟုတ်ပြီနော်"

သူ ခေါင်းအသာညိတ်ပြလိုက်သည်။ ဒါဆို မင်နီရည်ကရော၊ မင်နီရည်က အပြည့်ခံသက်သက်လား။ ဒီလိုတွေးမိတော့ "တာရာထွေး"ကို သူ စိတ်တိုမိသည်။ စနီးထွက်သွားတော့ သူ့အတွေးထဲမှာ မင်နီရည်နဲ့ Heaven ကျန်နေသည်။

ဘာမှမဖြစ်သလို ဟန်ဆောင်နေတဲ့ မင်နီ့ကို သူ ဘယ်လိုနှစ်သိမ့်ပေးရမလဲ။ ပြီးတော့ သူ့ကို စာတွေတစိုက်မတ်မတ် ပို့နေတဲ့ Heaven ကိုရော သူ ဘယ်လိုရှာရမလဲ။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



# ၂၁

ရန်ကင်းစင်တာက feel မှာ သူတို့သုံးယောက်ဆုံကြသည်။

စံပြထင်က ရန်ကင်းမှာနေတာမို့ ရန်ကင်းစင်တာရောက်တုန်း စနိုးက ဖုန်းဆက်ခေါ်ခြင်းဖြစ်သည်။





ဆိုင်ထဲဝင်လာတဲ့ စံပြထင်ကို စနိုး လက်လှမ်းပြလိုက်သည်။ စံပြထင် ရင်ထဲ တစ်မျိုးလေး ခံစားသွားရသည်။ ပြီးခဲ့တဲ့ တစ်ပတ်အထိတော့ သူတို့နှစ်ယောက်က အတွဲတစ်တွဲဖြစ်ခဲ့သည်လေ။ စနိုးရဲ့စိတ်ထားကတော့ ဘယ်မိန်းကလေးနဲ့မှကို မတူပါ။

မသွားရင်လည်း ရိုင်းရာကျမည်။ သဘောထားသေးသိမ်ရာကျမည်စိုး၍သာ လာရသည်။ တာရာထွေးကိုတော့ သူမကြည့်ချင်ပါ။ သူထိုးတာကိုခံပြီး မင်နီရည်ကို ချစ်ပြခဲ့တဲ့ကောင်က အခုတော့ တခြားမိန်းကလေးတစ်ယောက်နားမှာ ဘာအတိတ်မှ မရှိခဲ့ဖူးသလိုလို။

"ထိုင် ... စံပြ၊ လာမှလာပါ့မလားလို့ စနိုးစိတ်ပူနေတာ၊ စံပြအတွက် အအေးတောင် မှာထားပြီးပြီ"

စနိုး လက်ကိုင်ဖုန်းလေး မြည်လာသည်။

"ခဏနော်"

စနိုးက သူတို့နှစ်ယောက်ကို ခွင့်တောင်းပြီး ဖုန်းကိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မေမေ ဟုတ်၊ စနိုး ရန်ကင်းစင်တာထဲ ရောက်နေ တယ်၊ ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ဒါပဲလား မေမေ၊ နောက် မကျပါဘူး၊ ဟုတ်ကဲ့"

"ရှင်တို့နှစ်ယောက် ခဏစကားပြောနှင့်ကြဦး၊ ကျွန်မ မေမေမှာတဲ့ဆေး သွားဝယ်လိုက်ဦးမယ်"

"နောက်မှ ဝယ်ပါလား"

အသံပြိုင်တူထွက်သွားသော တာရာနှင့် စံပြကိုကြည့်ပြီး စနိုး ပြုံးလိုက်သည်။

"ခဏလေးပါ ပြန်လာခဲ့မယ်၊ ရန်မဖြစ်ကြနဲ့ဦးနော်"

စနိုး ထွက်သွားတော့ သူတို့နှစ်ယောက်ကြား တိတ်ဆိတ်မှုက ကြီးစိုးထားသည်။

"စနိုးစုကို မခံချင်အောင် လုပ်ပြဖို့အတွက် မင်နီရည်ကို မင်း တွဲခဲ့တာလား"

သူ မဖြေချင်တဲ့ မေးခွန်းကိုမှ စံပြထင်က ရွေးမေးသည်။





"ကိုယ် မင်းနဲ့ ရန်မဖြစ်ချင်ဘူး စံပြ၊ ပြီးခဲ့တာတွေကို အစပြန်မဖော်ပါနဲ့၊ ကိုယ် စနိုးကို တကယ်ချစ်တယ်၊ သူလည်း ကိုယ့်ကိုချစ်တယ်၊ အခု ဒါပဲ ကိုယ့်အတွေးထဲမှာ ရှိတယ်"

"မင်း မင်နီရည်ကို ခုတုံးလုပ်ဖို့တော့ မကောင်းဘူး"

"မင်းမကျေနပ်ရင် မင်နီ့နား သွားလိုက်လေ"

တာရာထွေးက ဘလိုင်းကြီး လာပေါက်နေသော စံပြထင်ကို သည်းမခံချင်တော့။

"အဲဒါ ငါ့ကိစ္စပါ၊ မင်း အကြံပေးစရာ မလိုဘူး၊ မင်း စနိုးကိုရော ဘယ်နှလတွဲမယ်လို့ ရည်ရွယ်ထားလဲ"

ဒီကောင် သူ့ကိုမခံချင်အောင် လာဆွပေးနေသည်ပဲ။ ဒေါသကို ဖြေဖျောက်ဖို့ သူ ရယ်သွမ်းသွေးလိုက်သည်။

"ဟင်း ဟင်း ... ကိုယ့်ကို ထိခိုက်စေတဲ့စကားတွေမပြောနဲ့တော့ စံပြထင်၊ ဒီတစ်ခါ မင်းနှုတ်ခမ်းကို သွေးထွက်အောင်ထိုးမယ့်သူက ကိုယ် ဖြစ်သွားလိမ့်မယ်၊ မင်းက



www.burmeseclassic.com

www.burmeseclassic.com



စနိုးရဲ့အခင်ဆုံးမိတ်ဆွေဖြစ်နေတဲ့အတွက် ကိုယ် မင်းနဲ့ ရန်သူမဖြစ်ချင်ဘူး"

စနိုး ဝင်လာတာကိုတွေ့တော့ သူတို့စကားပြတ်သွားသည်။ စနိုးက သူတို့နှစ်ယောက် စကားမပြော,ပြောအောင် ကြားထဲက စကားလမ်းကြောင်းပေးနေတာမို့ စနိုးကို အားနာတာနှင့် သူတို့နှစ်ယောက် တစ်ခွန်းစ နှစ်ခွန်းစနှင့် စကားအကောင်း ပြောဖြစ်ကြသည်။

"ကဲ ... ဒီနေ့ကစ,ပြီး စံပြက ကျွန်မတို့နှစ်ယောက်ရဲ့ အရင်းနှီးဆုံးမိတ်ဆွေ ဖြစ်သွားပြီနော်၊ ကျွန်မတို့ ထာဝရ ခင်မင်ကြမယ်"

စံပြထင် ခေါင်းညိတ်လိုက်သည်။ စနိုးက စိတ်အားတက်ကြွနေတာကိုး။ တာရာထွေးကို ကြည့်လိုက်တော့ တောက်ပသော အပြုံးတစ်ခု သူ့နှုတ်ခမ်းမှာ တွေ့လိုက်ရသည်။





## ၂၂

"တောက် ... တော်တော်လွန်ကြတယ်ဟာ"

ဝတ်မှုန်က အိတ်ကိုစားပွဲပေါ် ပစ်တင်ရင်း မင်နို့နား ဝင်ထိုင်သည်။

"ဘာဖြစ်လာတာလဲ၊ နင်ကလည်း အလန့်တကြားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



မင်နီက ယုယနဲ့စကားပြောနေရာက မေးလိုက်သည်။

"ဟိုသုံးယောက်လေ မျက်စိကို နှောက်နေတာပဲ၊ အဲဒီ စနီးစုဆိုတဲ့မိန်းမက တော်တော်အရှက်မရှိတာပဲ၊ စံပြထင် နဲ့တွဲပြီးတော့ တာရာထွေးနဲ့တွဲတယ်၊ ပြီးတော့ တစ်ဝိုင်း တည်းသုံးယောက်ထိုင်လို့ ရယ်လားမောလားနဲ့၊ သူတို့တွေ မျက်နှာမပူကြဘူးလား မသိဘူး။ ဆောရီးဟာ မင်နီ"

ဝတ်မှုန်က မင်နီ့ရဲ့ဖျော့တော့တော့မျက်နှာတွေ့တော့ သတိရသွားဟန် တောင်းပန်လိုက်သည်။

"မပြောပါနဲ့ ဝတ်မှုန်ရယ်၊ သူက ကျောင်းရဲ့သိက္ခာ၊ လူမျိုးရဲ့သိက္ခာကို ထိန်းနေတာပါ"

မင်နီရည်က စနီးစု ပြောဖူးသော စကားတစ်ခုကို အမှတ်ရဟန်နှင့် ငေါ့လိုက်သည်။

ယုယက မင်နီ့ပခုံးလေး လှမ်းကိုင်ကာ ...

"နင် သိပ်ပြီးမခံစားပါနဲ့ မင်နီရာ၊ ဒီလိုအရှက်မရှိတဲ့လူ တွေနဲ့ ဝေးသွားတာကိုပဲ ကျေးဇူးတင်လိုက်ပါ"





အပြုံးနွမ်းလေးတစ်ပွင့် မင်နီ့နှုတ်ခမ်းမှာ တွဲခိုသွား သည်။ ရင်ထဲက ဒဏ်ရာအတွက် နာကျင်လို့ကျတဲ့ မျက်ရည် အခုအချိန်ထိ မကုန်နိုင်သေးပါဘူး။ ကို့နဲ့ ကျောင်းပရဝုဏ်ထဲ မှာ အမှတ်တမဲ့ဆုံတိုင်း ရုပ်မပျက်အောင် မနည်းကြိုးစားနေရ တုန်းပဲ။ ကို့ကတော့ တည်တည်ငြိမ်ငြိမ်ပဲနော်၊ ကို့လိုပဲ မင်နီ အတိတ်မေ့တတ်ရင် သိပ်ကောင်းမှာပဲ။

"အားလုံးထဲမှာ ငါ အအံ့ဩဆုံးက စံပြထင်ပဲ၊ မင်နီ့ကို သူလိုက်နေတုန်း တာရာ ဖြတ်ခုတ်သွားတာ ခံရတယ်၊ အခု စနီးစုနဲ့တွဲနေတုန်းလည်း တာရာထွေးက ဝင်ပြီးလု သွားတယ်၊ ဒီလောက်ခံရတာတောင် တာရာထွေးနဲ့ရယ် မောနေနိုင်တယ်၊ ငါသာဆို တာရာထွေးဆိုတဲ့ ရုပ်လေး ဗန်းပြပြီး မိန်းကလေးတွေကို ကစားတတ်တဲ့ကောင်မျိုး ကို မှတ်လောက်သားလောက်အောင်ကို ပညာပေးပစ်လိုက် မယ်"

"သူတို့မှာ အကြောင်းရှိလို့ နေမှာပါ၊ ဒါနဲ့ ရုရှားသံရုံးက ရတဲ့အခွေတွေ နင်ပေးမယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အေး၊ ငါ မေ့နေလို့"

ဝတ်မှုန်က သူမအိတ်ထဲမှ C.D ခွေတွေ ထုတ်နေသည်။ ယုယရော၊ ဝတ်မှုန်ပါ မင်းနို ဒီကိစ္စကို ဆက်ပြီးမဆွေးနွေးချင်တော့မှန်း သဘောပေါက်သွားတာမို့ ငြိမ်သွားကြသည်။ မင်းနိုနဲ့တာရာတို့ ဘယ်လောက်ချစ်တယ်ဆိုတာ သူတို့အသိဆုံးလေ။

စည်းကမ်းတင်းကြပ်တဲ့ မိဘတွေတားမြစ်ထားတဲ့ကြားက ရည်းစားခိုးထားရတာ ဘယ်လောက်ဒုက္ခရောက်တယ်မှတ်လဲ။ တာရာနဲ့ အပြင်ထွက်မယ့်နေ့ဆို သူတို့တွေ ဝိုင်းလိမ်ပေးနေကြလေ။ အခုတော့လည်း စွန့်စားရကျိုးမနပ်လိုက်တာ။ စနိုးစုကလည်း တကယ်ချောတာကိုး။ ပြီးတော့ သူတို့က တစ်ခန်းတည်းဆိုတော့ ပိုပြီးနီးစပ်သွားတာ ဖြစ်မှာပါ။

"ငါ latrine သွားဦးမယ်၊ နင်တို့ လိုက်ဦးမလား"

"ဟင့်အင်း ... ငါ အခုပဲ ဝင်ခဲ့ပြီးပြီ"

"ငါလည်း မလိုက်တော့ဘူး မင်းနို"





ထွက်သွားတဲ့ မင်းနိုကိုကြည့်ပြီး သူတို့စိတ်မကောင်းကြ။

"မင်းနို သနားပါတယ်နော်"

ယုယက ဝတ်မှုန်စကားကို ခေါင်းညိတ်ထောက်ခံလိုက်သည်။

"ယောကျ်ားတွေက မကောင်းပါဘူးဟာ"

"အေး ... မကောင်းတဲ့ယောကျ်ားတွေကိုမှ ချစ်တဲ့မိန်းမတွေလည်း မကောင်းပါဘူးဟာ"

ယုယနဲ့ ဝတ်မှုန်က သူတို့စကား သူတို့ပြန်သဘောကျကာ ခပ်တိုးတိုး ရယ်နေကြသည်။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၂၄

စနီးက တောင်ကြီးကအဘိုးဆုံး၍ ခွင့်တစ်ပတ်ယူသွားသည်။ တစ်ပတ်လုံး တာရာထွေး စံပြထင်တို့ သူငယ်ချင်းအုပ်စုနှင့် အလွမ်းသင့်နေသည်။ ပေါင်းကြည့်မှ တာရာထွေးက စိတ်ရင်းကောင်းသူတစ်ယောက်မှန်း စံပြထင် သိရသည်။





စကားပြောကောင်းသူတစ်ယောက် ဖြစ်သလို တစ်ဖက်သားစကားကိုလည်း တလေးတစား၊ စိတ်ဝင်စားမှုအပြည့်ဖြင့် နားထောင်တတ်သူဖြစ်သည်။ စနီးကိုလည်း အစစအရာရာအလိုလိုက် သည်းခံသည်။ သူနဲ့တွဲနေတုန်းက စနီးစုက ယောကျ်ားဆန်သလောက်၊ တာရာထွေးနဲ့ကျတော့ မိန်းမဆန်လွန်းသည်။ ပစိပစပ်များသည်။ ဂျီကျသည်။ နိုင်စားသည်။

တစ်ခါတလေ ကြားထဲကတောင် သူ တာရာထွေး အစား မခံနိုင် ဖြစ်ရသည်။

"စနီး ... နင် တာရာထွက်ပြေးမှ နောင်တမရနဲ့နော်၊ ငါ ဒါပဲပြောမယ်"

"အောင်မယ် ... လာလာသေးတယ်၊ အခုတော့ ရှင်က သူ့ဘက်ကပေါ့လေ"

"ဟော့ကောင် ... စံပြ၊ သွားမပြောပါနဲ့ကွာ သူ ပစ်ပြေးသွားမှ ကိုယ်သေမှာကွ"

ဒီလောက်အထိ စနီးစုပေါ်မှာ အနွံအတာခံတတ်တဲ့ သူ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ပဲသွားသွား၊ ဘာပဲစားစား ပိုက်ဆံရှင်း ဒကာခံ တတ်သော ဟာရာထွေးကို ငတ်ကြီးကျတတ်သော သူတို့အုပ်စုက ခင်မင်တာ မဆန်းပါ။ သူက တာရာ့ကို အားနာ၍ ဖွတ်ပေးရင် တာရာက စိတ်ဆိုးတတ်သည်။

"ဟော့ကောင် ... ဟော့ကောင် စံပြ၊ ငါ အခုမှ သတိရတယ်၊ ဟိုကောင်မလေးဆီက စာရသေးလား"

သူတို့အုပ်စုထဲက ဇော်ထူးက လက်ဖက်ရည်သောက်ရင်း ထ,မေးသည်။

"ဘယ်ကောင်မလေးလဲ"

တာရာက စံပြဆီမှာ ကောင်မလေးမရှိမှန်း သိထားတော့ အံ့ဩနေသည့်ဟန်။

"ဩော် ... မင်း မသိသေးဘူးကို တာရာထွေး၊ ဒီကောင့်ကို စာတွေအမြဲရေးနေတဲ့ Heaven ဆိုတာရှိတယ်"

"Heaven ဟုတ်လား၊ ကောင်းကင်ဘုံပေါ့"

"ဟုတ်တယ်၊ ဒီကောင်နဲ့ ငါ အရင်က Heaven ကို စနီးစုလို့ ထင်ခဲ့ဖူးတယ်"





သက်ဝင်းက ဝင်ပြောသည်။

"မင်တို့ ဘာကြောင့် ဒီအတိုင်းနေနေကြတာလဲ၊ နည်းနည်းပါးပါး ထောက်လှမ်းပြီး သူ့ကို ရှာကြည့်လေ"

"မင်းပဲ အပြောကောင်း တာရာ၊ ဘာလိပ်စာမှမတပ်ထားတဲ့စာကို ဘယ်လိုရှာမလဲ၊ ဘာလက်ရေးနဲ့မှလဲ ရေးထားတာမဟုတ်ဘူး၊ ကွန်ပျူတာနဲ့ ရိုက်ထားတာ၊ အင်္ဂလိပ်လိုပဲရေးတယ်၊ အဆင့်ကတော့ ခပ်မြင့်မြင့်"

ကာယကံရှင် စံပြထင်က တစ်လုံးမှမပြောရသေး၊ အားလုံး တစ်ယောက်တစ်ပေါက်နှင့် ပြောနေကြသည်။

"မင်း ဘာမှမပြောတော့ဘူးလား စံပြ"

တာရာ့အမေးကို သူ ခေါင်းခါလိုက်သည်။

"ငါကတော့ ရှာစရာမလိုဘူးလို့ ထင်တယ်၊ အနေးနဲ့အမြန် သူ ပေါ်လာမှာပဲ၊ ဒါမှမဟုတ် သူ့ဘာသာသူ ယုံကြည်မှု မရှိရင် ဒီလိုနဲ့ အဆုံးသတ်သွားလိမ့်မယ်၊ အပြန်အလှန် စာရေးကြတာမှ မဟုတ်တာကွာ၊ သူ ငါ့ကို ဘယ်အချိန်



www.burmeseclassic.com

www.burmeseclassic.com



အထိ စာတွေရေးနိုင်မှာလဲ၊ တစ်နှစ်လား ... နှစ်နှစ်လား၊ ပင်ပန်းရင် ရပ်သွားလိမ့်မယ်"

"မင်း သူ့ကို စိတ်ထဲမှာ မရှိဘူး ဆိုပါတော့"

"ဒီလိုလည်း မဟုတ်ပါဘူး၊ ငါက တစ်ဖက်သတ်ချစ်မှု တာဆိုတော့ အဲဒီခံစားချက်ကို နားလည်တယ်၊ ငါ သူ့ကို စာနာပါတယ်၊ တကယ်လို့ သူ ထွက်လာခဲ့ရင်တောင် သူ့ကို ငါချစ်ချင်မှ ချစ်နိုင်မှာလေကွာ၊ သေမှမသေချာဘဲ နဲ့၊ အဲဒီအခါကျရင် သူ သောကရောက်ရမယ်၊ ငါက အားနာရမယ်၊ ဒီတော့ ဒီအတိုင်းပဲ ကောင်းပါတယ်ကွာ"

စံပြတင်ရဲ့အတွေးကို အားလုံးက သဘောပေါက် ဟန် ခေါင်းညိတ်နေကြသည်။

"ကိုယ် သူ့စာတွေ ဖတ်ခွင့်ရှိမလား စံပြ"

"မင်းဖတ်ချင်ရင် ငါနောက်နေ့ယူလာပေးမယ်လေ တာရာ၊ သူ့စာတွေ ငါ စာကြည့်စားပွဲအံဆွဲထဲမှာရှိတယ်။ စနိုးလည်း အဲဒီကိစ္စ သိတယ်"





"ဒါဆို မသိတာ ကိုယ်တစ်ယောက်တည်းပေါ့"

"အခု မင်း သိပြီပဲလေ တာရာ၊ ဒါ အရေးကြီးတဲ့ကိစ္စမှ မဟုတ်တာ၊ ဘာလဲ ... မင်းက Heaven ကို စိတ်ဝင်စား လို့လား၊ မလုပ်နဲ့နော် ဟောကောင်၊ စနိုးက မင်းကို ငါ့ဆီ မှာအပ်သွားတာ၊ မင်းအတွေးထဲတောင် တခြားကောင်မ လေးတစ်ယောက် မဝင်ပါစေနဲ့တဲ့"

"စနိုးတို့ကတော့ လုပ်ချလိုက်ပြန်ပြီ"

တာရာရဲ့ရှက်ရဲရဲစကားကြောင့် သူတို့အုပ်စု တာရာ ကိုကြည့်ကာ တဟားဟား ရယ်နေကြသည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## ၂၄

အိမ်ရှေ့သံပန်းတံခါး သူဆွဲဖွင့်ဖွင့်ချင်း ဆွဲခြင်းကိုင်ပြီး အိမ်ရှေ့ကဖြတ်သွားတဲ့ မင်းနိုကို သူတွေ့ရသည်။ အရင်ကထက် မင်းနို ပိုပိန်သွားသလိုပင်။ အန်တီလှ နေမကောင်းဖြစ်နေသည်ဟု မေမေတို့က ပြောသည်။ ဒါကြောင့် မင်းနို ကျောင်းပိတ်ရက်မှာ အလုပ်ရှုပ်နေတာဖြစ်မည်။





မယောင်မလည်နှင့် မင်းနိုနောက်က သူ လိုက်သွားသည်။ မင်းနိုကတော့ သူ့ကို သတိထားမိပုံမပေါ်။

"မင်းနို ဈေးသွားမလို့လား"

မင်းနိုက အံ့ဩဟန်ဖြင့် သူ့ကို မော့ကြည့်သည်။

"နင် မတွေ့ဘူးလား"

မင်းနိုကို သူချစ်သေးသလား မေးရင် ချစ်နေသေးသည်ဟုပဲ ပြန်ဖြေရမည်။ အရင်ကတော့ မင်းနို မျက်နှာနွမ်းနွမ်း မြင်တိုင်း တာရာထွေးကို ဒေါသထွက်မိသည်။ အခုတော့ မင်းနိုကံမကောင်းဘူးလို့ပဲ သတ်မှတ်ထားလိုက်သည်။ တကယ်လို့များ မင်းနိုရင်က ကွက်လပ်လေးကို ဖြည့်ဆည်းပေးခွင့်ရရင် သူ ဖြည့်ပေးချင်မိပါသည်။

"အန်တီလှ နေမကောင်းဘူး ကြားတယ်၊ ဘာဖြစ်တာလဲ"

"နလုံးပေါ့ဟာ"

"နင် ကျောင်းတက်တဲ့ရက်တွေကျရင် ဘယ်လိုလုပ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးတစ်ယောက် ခေါ်ထားတယ်၊ နင် ဘယ်သွား မလို့လဲ စံပြ၊ ကိုယ့်လမ်းကိုယ်သွားစမ်းပါ"

သူ့မေးခွန်းတွေကို ဖြေရတာ စိတ်ရှုပ်ဟန်ဖြင့် မင်နီ ဆိုသည်။

"ငါလည်း ဈေးသွားမလို့"

မင်နီက ယုံပုံမရဟန်ဖြင့် နှာခေါင်းရှုံ့လိုက်လေသည်။

"နင် ဘာလို့ စနိုးစုကို အလွယ်တကူ စွန့်လွှတ်လိုက်တာလဲ"

အသိချင်ဆုံးမေးခွန်းကို မမျိုသိပ်နိုင်ဘဲ မင်နီမေးလိုက်သည်။

"ငါတို့တစ်ယောက်နဲ့ တစ်ယောက် တကယ်မချစ်တာ သေချာသွားလို့ပါ"

"အဲဒီလောက် လွယ်လား၊ ထားပါတော့ ... နင် ဘာလို့ တာရာထွေးကို ခွင့်လွှတ်နိုင်တာလဲ"





"နင် မသိသေးဘူးထင်တယ် မင်နီ၊ သူတို့နှစ်ယောက်က ဟိုးငယ်ငယ်လေးကတည်းက ဓာတ်လမ်းရှိခဲ့တာလေ"

"ဩော် ... ဒါကြောင့်ကိုး"

မင်နီ ဘာစကားမှ ထပ်မပြောတော့၊ ဝမ်းနည်းနေပုံရသည်။

"ဘာပဲဖြစ်ဖြစ် မင်နီ၊ ဘာကိစ္စပဲဖြစ်ဖြစ် နင် အကူအညီလိုရင် ငါ့ကိုသတိရပါ၊ ငါ အမြဲတမ်း ကူညီပါ့မယ်"

"နင် ငါ့ကို သနားနေတာလား စံပြ၊ အေးလေ ... ငါ ကျေးဇူးတင်ပါတယ်၊ အကူအညီတစ်ခုလောက် တောင်းလို့ရမလား"

"ပြောလေ မင်နီ"

"ငါတစ်ယောက်တည်း နေချင်လို့၊ နင် ရှေ့ကအရင်သွားချင်သွား၊ ဒါမှမဟုတ် နောက်ချန်ခဲ့ပါလား"

"နင်သွားနှင့်ပါ မင်နီ"

သူ ခပ်တိုးတိုးပြောရင်း နေရာမှာ ရပ်ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့အချစ်တွေ မပြောင်းလဲသေးဘူးဆိုတာ နှင့်ကို သိစေချင်တယ် မင်နို။ ဒါပေမဲ့ ဟိုးအရင်တုန်းကလို နှင့်အချစ်ကို ရဖို့ ငါ အရူးတစ်ယောက်လို ကြိုးစားမိမှာ မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ နှင့်နားမှာ တာရာ မရှိတော့ပေမယ့် နှင်က သူ့ကိုရင်ထဲထည့်သိမ်းထားတာ ငါသိနေလို့ပဲ။





## ၂၁

မျက်ခုံးပေါ်မှာ ပလာစတာကပ်ထားသည့် စံပြုထင်နှင့် ညာလက်ဖျံမှာ ပတ်တီးဖြူဖြူစည်းထားတဲ့ တာရာထွေးကို တွေ့တော့ စနိုးစုရဲ့မျက်စောင်းက နာရီချိန်သီးလို ဟိုဘက်ရောက်လိုက် ဒီဘက်ရောက်လိုက်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အသွားမတော် တစ်လှမ်း ဆိုတာ မိန်းကလေးတွေအတွက် ချည်းပဲလို့ ထင်မနေနဲ့၊ ရှင်တို့ယောကျ်ားတွေအတွက် လည်း ပါတယ်၊ သွားချင်လိုက်ရတဲ့ ရှိုးပွဲ၊ သွားချင်လိုက် ရတဲ့ ပါတီ၊ အခုတော့ တော်တော်မှ အရသာရှိပါရဲ့လား"

"စနီး မသိလို့ပြောတာ၊ ကိုယ်တို့အုပ်စုကို ဒီကောင်တွေ ဘလိုင်းကြီး လာဖွဲ့တာ၊ စံပြကို ဘီယာဘူးနဲ့ အရင်လှမ်း ပေါက်တာ"

"အဲဒါနဲ့ပဲ ရှင်က ထထိုးတယ် ဆိုပါတော့"

စနီးစုက တာရာ့လက်ကိုကြည့်ရင်း ဆိုသည်။

"တော်သေးတာပေါ့၊ သက်ရှိထင်ရှား ရှိနေကြသေးတာ၊ စာမေးပွဲဖြေဖို့ နှစ်ပတ်ပဲ လိုတော့တယ်၊ အနေအထိုင် ဆင်ခြင်ကြမှပေါ့"

သူနဲ့တာရာ စနီးစုရဲ့ ပွစိပွစိစကားတွေကို ငြိမ်၍ နားထောင်နေကြသည်။





"ကားလေး မနေ့တစ်နေ့ကမှ မောင်းခွင့်ရတာကို သိပ် တော် သိပ်တတ်နေတဲ့ပုံနဲ့ ကြမ်းကြမ်းရမ်းရမ်း မောင်းတတ် တာလည်း သတိထားဦး တာရာ၊ ကျွန်မတော့ မြင်နေပြီ"

"ဟာ ... စနီးကလည်း ပါးစပ်ပုပ်နဲ့ မပြောပါနဲ့"

တာရာ့မျက်နှာက ရှုံ့မဲ့လျက် အလိုမကျသည့်ပုံ။

"ကျွန်တဲ့ ခြေလက်အင်္ဂါတွေအတွက် စိတ်ပူလို့ ပြောနေ တာ၊ နှစ်ယောက်ပေါင်းပြီးတော့ လူကိုစိတ်ပူရအောင်လုပ် တယ်"

"ကဲပါ စနီးရယ်၊ မဆူပါနဲ့တော့၊ နောက်မလုပ်တော့ပါ ဘူး၊ ဟုတ်တယ်နော် စံပြ"

စံပြထင် ခေါင်းညိတ်ပြလိုက်သည်။ မနေ့က ရန် ဖြစ်တော့မှ တာရာ သူ့ကို ဘယ်လောက်ခင်လည်း သူ သိလိုက် ရသည်။ တာရာထွေးကို ရန်မဖြစ်တတ်ဘူးလို့ ထင်ထားတာ၊ သူ က ကိုယ့်ထက်တောင် လက်ဝါးစောင်းထက်နေသည်။ ဒီကောင့် အပြုအမူကြောင့် ကျွန်တဲ့ကောင်တွေကပါ အားပါလာပြီး ဟိုဘက် အဖွဲ့ကို ထိုးကြကြိတ်ကြသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်က ဒဏ်ရာကိုမှ ဂရုမစိုက် သူ့မျက်ခုံး ဒဏ်ရာကို တာရာက စိတ်ပူနေသည်။ ဒါကြောင့်လည်း ဒီကောင့်ကို မင်နီရော၊ စနိုးပါ အကြွေကြီး ကြွေနေကြသည်ပေါ့။

"ဒီပုံအတိုင်းဆို မဖြစ်တော့ဘူး၊ ကျွန်မတစ်ယောက်တည်းနဲ့ ရှင်တို့နှစ်ယောက်ကိုထိန်းဖို့ မနိုင်ဘူး၊ ဒီတော့ စံပြ့... စာမေးပွဲက ပြီးတော့မယ်၊ ကျောင်းပြီးတော့မယ်၊ Heaven ကို မြန်မြန်ရှာဖို့သာ လုပ်ပေတော့"

"ဘာမှလဲ မဆိုင်ဘူး၊ တာရှာ့ကို မနိုင်တိုင်း ငါ့ကိုလာမမဲနဲ့ စနိုးစု"

တာရာက သူ ပျာပျာသလဲ ငြင်းဟန်ကို သဘောကျဟန် တဟားဟား ရယ်နေသည်။

"ဘာအခုမှ ကြောက်ပါပြီလဲ ဟော့လူ၊ စနိုးပြောတာ မင်းစဉ်းစားဖို့ ကောင်းတယ်နော်"

သူက မချိပြုံး ပြုံးလိုက်သည်။ သူ့ရင်ထဲမှာ မင်နီက အခုထက်ထိ ရှိနေတုန်းပဲလေ။ ဒါပေမဲ့ ဘယ်တော့မှလဲ သူမအချစ်ကို ရနိုင်တော့မှာ မဟုတ်ပါဘူး။





"သူ အမြင်မှန်ရသွားပြီ ထင်ပါတယ်၊ သူ့ဆီက စာမလာတော့ဘူး၊ သူ ခံစားနေရတဲ့ ဝေဒနာတွေကို မြန်မြန်ပြေပျောက်နိုင်ဖို့ ငါ ဆုတောင်းနေတယ်၊ ဒါ သူ့အတွက် ငါ လုပ်ပေးနိုင်တာပဲ"

"ရှင့်အသည်းက မာလှချည်လား၊ Heaven ကို နည်းနည်းလေးတောင် စိတ်မယိုင်ဘူးလား"

"ဟင့်အင်း စနိုး၊ ငါ့ရင်ထဲမှာ တစ်ယောက်က ရှိပြီးသားလေ၊ အခုအချိန်အထိတော့ သူ့ကိုချစ်ခဲ့တဲ့ အချစ်မျိုးနဲ့ ဘယ်သူ့ကိုမှ မချစ်နိုင်သေးဘူး၊ ငါစမ်းသပ်ကြည့်ပြီးပြီပဲ၊ ထားလိုက်ပါဟာ"

သူ့စကားကြောင့် တာရာ့မျက်နှာ ကွက်ခနဲပျက်သွားတာ သူ တွေ့ဖြစ်အောင် တွေ့လိုက်သည်။ သူ ဘယ်သူ့ကိုရည်ရွယ်မှန်း တာရာ သိမည်ထင်ပါသည်။ စနိုးကလည်း တာရာ့မျက်နှာအပြောင်းအလဲကို သတိပြုမိပုံရသည်။ စနိုး မျက်နှာလည်း မကောင်းပါ။ သူမလည်း မင်နီရည်က တာရာနဲ့ ချစ်ခဲ့ဖူးသည့်



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားမို့ စိတ်ထဲမှာ နည်းနည်းတော့ ခုသွားမည်မှာ သေချာသည်။

"မင်း ပလာစတာကို ဘယ်လိုကပ်ထားတာလဲ"

တာရာက မျက်နှာထားကိုပြန်ပြင်ရင်း စံပြမျက်ခုံးပေါ်က ပလာစတာရဲ့ဘေးသား တွန့်နေတဲ့အနားစ,ကို သူ့ဘယ်လက်ချောင်းတွေနဲ့ ပြန်ဖြန့်ပေးနေသည်။

တာရာ့ကို သူ နားလည်သည်။ သူ ဘာမှမဖြစ်ဘူးဆိုတာ ပြချင်သည့်ပုံ။ စနိုးကတော့ တာရာ့ကို သံသယအကြည့်နဲ့ လှမ်းကြည့်နေ၏။





၂၆

နောက်ဆုံးနှစ်စာမေးပွဲ ပြီးသွားပြီမို့ မင်းနို အိမ်မှာ နားနေရသည်။ မေမေက သိပ်မကျန်းမာတာကြောင့် အလုပ်လုပ်ဖို့လည်း အစီအစဉ်မရှိသေးပါ။ မေမေ့ကို ဆေးတိုက်သိပ်ပြီး နေ့လယ် နေ့ခင်း ခြံထဲမှာရှိတဲ့ ပန်းအိုးလေးတွေကို ပြန်ပြုပြင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒီလူ ဘာသဘောပါလိမ့်"

လျှာထိုးဦးထုပ် ခပ်ငိုက်ငိုက် ဆောင်းထားသော လူရွယ်တစ်ယောက် မင်းနိုတို့ခြံရှေ့သို့ ဖြတ်လျှောက်ရင်း တစေ့တစောင်း ခြံထဲသို့ လှမ်းကြည့်နေသည်။ ဒီလူ့ကို မင်းနို သတိထားမိတာ သုံးလေးရက်လောက်ရှိပြီ။ ဒီအတိုင်းပဲ ဦးထုပ်ခပ်ငိုက်ငိုက်ဆောင်းပြီး အိမ်ကိုချောင်းသည်။

အိမ်မှာ ယောက်ျားသားဆိုလို့ ဖေဖေ တစ်ယောက်တည်းရှိသည်။ မင်းနို ထိတ်ခနဲ စိတ်ပူသွားသည်။ ဒီလူ သူခိုးလား။ ဖောက်ထွင်းသမားလား သို့လော သို့လော အတွေးတွေနှင့် ပူပန်နေတုန်း ဖြုန်းခနဲ သတိရလိုက်မိတာ စံပြထင်။ အခုအချိန်ဆို သူလည်း အိမ်မှာရှိလောက်သည်။

"ဟာ ... မင်းနို"

မေမေက ညှော်သည်ရောက်နေတယ်ဆိုလို့ သူ အခန်းထဲက ထွက်လာတော့ အိမ်ရှေ့ဆက်တီပေါ်မှာ မင်းနိုက ထိုင်လျက်သား။





"စံပြ ... ငါ့ကို ကူညီပါဦး"

မင်းနို့ မျက်နှာကပျက်လျက်နှင့် တကယ်ကိစ္စကြုံနေသည့်ပုံ။

"ဘာလဲ မင်းနို၊ ပြောလေ ဘာကိစ္စလဲ"

"ငါတို့အိမ်ကို လူတစ်ယောက် လာလာချောင်းနေတာ သုံးလေးရက်ရှိပြီ၊ ဒါ ငါမြင်တဲ့ရက်ကို ပြောတာနော်၊ ဘယ်ကတည်းက ချောင်းနေမှန်း မသိဘူး၊ အိမ်မှာက နင်သိတဲ့အတိုင်းပဲ လူကရှိတာ မဟုတ်ဘူး"

"ဟုတ်လား မင်းနို၊ သေချာလား"

"သေချာပါတယ်၊ အဲဒါ ငါ ဘယ်လိုလုပ်ရမလဲ"

စံပြထင် အတန်ကြာအောင် စဉ်းစားနေသည်။

"ငါ ရပ်ကွက်လူကြီးကို ပြောထားရင် ကောင်းမလားဟင်"

မင်းနိုက သူ့အတွေးကို ပြောပြသည်။

"သူက ဘယ်အရွယ်လောက် ရှိပြီလဲ"

"ငါတို့ထက်တော့ လေးငါးနှစ်လောက် ကြီးပုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



"လျှောက်ပြောမနေနဲ့ဦး မင်နို၊ တော်ကြာ နင့်ကိုလာရှိတ် နေတာဆို ဘယ်လိုလုပ်မလဲ"

"စံပြနော်"

စိတ်ညစ်နေသည့်ကြားမှ စံပြစကားကြောင့် မင်နို ပြုံးမိသည်။

"ဒါနဲ့ သူ့ကို နင် ဘယ်တုန်းက တွေ့တာလဲ"

"အခုပဲတွေ့တာ၊ ငါလည်း ခြံတံခါးသော့ခတ်ပြီး ထွက်လာတာ၊ အေးလေ ... ငါ အစိုးရိမ်လွန်တာလည်း ဖြစ်ချင်ဖြစ်မှာပါ"

"အဲဒါဆို ငါ နင့်ကို အိမ်လိုက်ပို့ပေးမယ်၊ တကယ်လို့ ဒီလူ ပြန်လှည့်လာရင် တွေ့ရတာပေါ့"

စံပြစကားကို မင်နို မငြင်းမိ။

စံပြတို့အိမ်နှင့် မင်နို့အိမ်က လေးအိမ်လောက်သာ ခြားသည်လေ။

"ဟယ်"





မင်နို အသံထွက်တဲ့အထိ ထိတ်လန့်သွားသည်။ ခုနင်က ဦးထုပ်ဆောင်းထားသည့်လူက အခုဖြတ်လျှောက်ကြည့်ရုံတင် အားမရတော့ဘဲ သံပန်းတံခါးကိုကိုင်ပြီး အိမ်ထဲကိုချောင်းနေသည်။

"ဟိုမှာ ... ဟိုမှာ ... စံပြ"

"အေးပါ ... ငါ တွေ့ပါတယ်"

စံပြက ဆတ်ဆတ် ဆတ်ဆတ်နှင့် ထိုလူ့ဆီခြေလှမ်းကျဲကြီးတွေနှင့် လျှောက်သွားသည်။

"ဟေ့လူ ... ခင်ဗျား ဒီမှာ ဘာလုပ်နေတာလဲ"

မင်နိုပါ အပြေးလေးသွားပြီး စံပြဘေးမှာ ရပ်နေလိုက်သည်။

"ကျွန်တော် အသိတစ်ယောက်ကို လာရှာတာပါ"

"အသိကိုလာရှာတာ ဒီလိုခိုးကြောင်ခိုးဝှက်ပုံစံမျိုးနဲ့လား"

မင်နိုက ဝင်ပြောလိုက်သည်။

"ကျွန်တော် ပွင့်လွှာကို လာရှာတာပါ၊ ဒါ ပွင့်လွှာရဲ့အိမ် မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ရှင် ဘယ်သူလဲ၊ ကျွန်မအစ်မနဲ့ ဘယ်လိုပတ်သက်တာလဲ"

"ကျွန်တော် ... အစ်ကိုက ပွင့်လွှာရဲ့ချစ်သူပါ၊ ညီမလေးက မင်းနီရည် မဟုတ်လား"

မင်းနီနဲ့စံပြ တစ်ယောက်နဲ့တစ်ယောက် ကြည့်လိုက်ကြသည်။

ဒီလူ့စကားကို ဘယ်အတိုင်းအတာအထိ ယုံကြည်ရမှာလဲ။

"ခင်ဗျား လိမ်ချင်ရင် သေချာစုံစမ်းပြီးမှလိမ်၊ သူ့အစ်မကံ ယောကျ်ားနောက် လိုက်သွားတာ သုံးနှစ်ရှိပြီ၊ ခင်ဗျားက ဘယ်ကပေါ်လာတာလဲ"

"ဟင့်အင်း ... မဟုတ်ဘူး စံပြ၊ အဲဒီလို မဟုတ်ဘူး"

မင်းနီက အလန့်တကြား ဝင်ဖြေရှင်း၏။

"သမီးရေ ... မင်းနီ"

အိမ်ထဲက ခေါ်သံကြောင့် မင်းနီ တုန်သွားကာ ...





"ဟယ် ... ဒုက္ခပဲ ... ဒုက္ခပဲ ... မေမေ နိုးလာပြီ၊ ပြဿနာပဲ၊ ဒီမှာ ရှင်နဲ့ကျွန်မတို့ စကားသေချာပြောမှ ဖြစ်တော့မယ်၊ အခုတော့ မဟုတ်ဘူး၊ အခု ရှင် မြန်မြန်ပြန်တော့၊ ရှင်နဲ့ ဘယ်လိုဆက်သွယ်ရမလဲ၊ ကျွန်မကိုပြောခဲ့"

"မနက်ဖြန်နေ့ခင်း သုံးနာရီမှာ ဗဝန City mart က seasons မှာ စောင့်နေမယ်"

သုတ်သုတ် သုတ်သုတ်နဲ့ ထွက်သွားတဲ့ လူစိမ်းကို ယုံကြည်ရမလား၊ မယုံကြည်ရမလား မင်းနီ ဝေခွဲမရ။

"ဘာလုပ်ကြမလဲ မင်းနီ၊ ပြီးတော့ မင်းနီ့အစ်မက ဘယ်လိုဖြစ်တာလဲ"

"ပြောရရင်တော့ အရှည်ကြီးပဲ စံပြ၊ နောက်မှပြောတော့မယ်၊ မနက်ဖြန်တော့ ငါနဲ့အဖော်လိုက်ပေးပါ"

"စိတ်ချပါဟာ၊ နင် အထဲဝင်တော့လေ"

"ကျေးဇူးနော် စံပြ"



www.burmeseclassic.com

www.burmeseclassic.com



မင်းနိုက ပြောပြီး အိမ်ထဲဝင်ပြေးသွားသည်။

သူလည်း မင်းနိုတို့အိမ်ရှေ့က လှည့်ထွက်လာသည်။ အပျော်တွေအပြည့်နဲ့ပေါ့။

❦ ✧ ❦





❋ ၂၇ ❋

တက္ကစီပေါ်က မင်းနိုနဲ့စံပြ ဆင်းလာကြသည်။ City mart ရှေ့ကို သူတို့ရောက်တော့ လူစိမ်းပြောသည့် နေ့ခင်း သုံးနာရီတိတိ။

"လာသာလာရတယ်၊ ဟုတ်ရော ဟုတ်ရဲ့လား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



မင်နီ့ ညည်းညူသံလေးက လေးလေးကန်ကန်ထွက်လာသည်။

"ဘာပဲဖြစ်ဖြစ် အရှုံးမှမရှိဘဲ မင်နီရာ"

သူတို့နှစ်ယောက် seasons ထဲဝင်သွားတော့ မနေ့ကတွေ့ခဲ့သည့် လူစိမ်းက ထောင့်စားပွဲတစ်နေရာက လက်လှမ်းပြသည်။

မင်နီက ထိုလူနှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်သည်။ သူကတော့ မင်နီ့ဘေးနားမှာ နေရာယူလို့ ထိုလူစိမ်းကို အကဲခတ်နေသည်။ ထိုလူရှေ့မှာ ကော်ဖီတစ်ခွက်နှင့် ကြက်အူချောင်းအစာသွပ်မုန့်ပန်းကန်တစ်ချပ်။

"တစ်ခုခု စားကြပါလား"

မင်နီရော သူပါ ခေါင်းခါလိုက်ကြသည်။

"ရှင် မမလွှာနဲ့ ဘယ်လိုမတ်သက်နေတာလဲ"

"သူ ဘယ်မှာလဲဆိုတာ အစ်ကို့ကို အရင်ပြောပြပါလား ညီမလေး၊ အစ်ကို သူ့အတွက် အရမ်းစိတ်ပူနေလို့ပါ"





"သူ ရှင့်ရဲ့ကောင်းမှုကြောင့် သေလားရှင်လားတောင် မသိဘူး။ ရှင့်ရင်သွေးကိုလွယ်ပြီး အိမ်ကထွက်သွားတာ သုံးနှစ်ရှိပြီ၊ အခုမှလာပြီး အသည်းအသန် လုပ်ပြမနေနဲ့"

မင်နီက ထိုလူ့ကို နာကြည်းစွာ ပြောလိုက်သည်။

"ဒါ တကယ် ... တကယ်လား"

ထိုလူက စကားတွေ အထစ်ထစ်အငေါ့ငေါ့နှင့် သူ့မျက်ဝန်းမှာလည်း ကြေကွဲရိပ်တွေ လွှမ်းခြုံနေသည်။

"မင်နီ ... စိတ်အေးအေးထားပါ၊ သူ ပြောတာ နားထောင်ကြည့်ပါဦး"

တရှူးရှူး တရှဲရှဲ ဒေါသထွက်နေသော မင်နီ့ကို စံပြထင် ဘေးကသတိပေးနေသည်။

ထိုလူက စူးရဲတဲ့ မင်နီရဲ့အကြည့်ကို မခံနိုင်ဟန် ခေါင်းငုံ့နေသည်။ ပြီးမှ သက်ပြင်းလေးလေးပင်ပင်ချ၍ ခေါင်းပြန်မော့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို့နာမည်က ဖော်ဖော်ဦးပါ၊ အစ်ကိုက မိဘမဲ့ဂေဟာ ကို ငယ်ငယ်လေးကတည်းက ရောက်နေတာပေါ့၊ ကံကောင်း ချင်တော့ အစ်ကို ငါးနှစ်သားလောက်မှာ အစ်ကို့ကိုမွေး စားမယ့်သူ ပေါ်လာတယ်၊ သားသမီးမရှိတဲ့ သူဌေးလင် မယားပေါ့၊ အစ်ကို့ဘဝ အနာဂတ်အတွက် ဂေဟာက စဉ်းစားတာတွေက ဝမ်းသာကြတယ်လေ၊ ဒါပေမဲ့ ..."

ဖော်ဖော်ဦး ရီဝေဝေနှင့် အဝေးကိုကြည့်နေသည်။ ဒါပေမဲ့ သူ့မျက်ဝန်းထဲမှာ အရိပ်ထင်လာတာကတော့ အတိတ် ရဲ့ပုံရိပ်တွေပင်။

"အစ်ကို ဆယ်တန်းနှစ်မှာ မွေးစားအမေ ဆုံးပါးသွားခဲ့ တယ်၊ နောက်နှစ်ကျတော့ အိမ်ပေါ်ကို အဖေထပ်ယူတဲ့ အမျိုးသမီးရောက်လာတယ်။ အဲဒီမှာ အစ်ကို့ဘဝ ဖောက်ထိုး မိုးမျှော် ဖြစ်တော့တာပဲ၊ အစ်ကို့ကို အမေက အမွေစား အမွေခံစာချုပ်နဲ့ မွေးထားတာမို့ သူက အစ်ကို့ကို လုံးဝ မကြည့်ဘူး"





"စိတ်ဝင်စားဖို့တော့ ကောင်းပါတယ်၊ ဒါပေမဲ့ ရှင် အခု ပြောနေတာတွေနဲ့ ကျွန်မအစ်မနဲ့ ဘာပတ်သက်လို့လဲ"

"မင်နီ"

စံပြထင်ဟန့်သံကြောင့် မင်နီ ပါးစပ်ပိတ်သွားသည်။

"အဖေ အလုပ်ကိစ္စနဲ့ ခရီးထွက်သွားတဲ့အချိန်ဆို သူစိတ် ထင်တိုင်း ကြဲတော့တာပဲ၊ ညဘက်နောက်ကျမှ အိမ်ပြန် လာတတ်ပြီး အိမ်မှာရှိနေတဲ့အချိန်ကျပြန်တော့ ယောကျ်ား လေးမိတ်ဆွေတွေ တရုန်းရုန်းနဲ့၊ အဲဒီအချိန်မျိုးဆို အစ်ကို့ အခန်းတံခါးကိုပိတ်ပြီး အဖေ့ကို ပြန်တိုင်ရင် ဒီအိမ်ကနေ လွင့်သွားအောင် လုပ်ပစ်မယ်လို့ ခြိမ်းခြောက်တယ်၊ အစ်ကို ယုံတယ်၊ ဘာကြောင့်လဲဆိုတော့ သူက သိပ်မာယာများ တယ်ဆိုတာ သိလို့ပဲ။ အဖေ့အပေါ်မှာ သူ သစ္စာမရှိတာ အစ်ကိုသိနေတဲ့အတွက် အဖေ့ကို သူ ပလီပလာလုပ်တိုင်း သူ့ကို သတ်ပစ်ချင်လောက်အောင် မုန်းတယ်"

သူက ရှေ့ချထားသော ကော်ဖီကို တစ်ကျိုက်မော့ လိုက်သည်။ ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို့ကို အဖေက အိမ်ထောင်ကျတာနဲ့ အမွေလွှဲပေးမယ်လို့ တရားဝင်ပြောတဲ့အချိန်ကစ,ပြီး သူ အစ်ကို့ကို မျက်လုံးဒေါက်ထောက် ကြည့်တော့တာပဲ။ အိမ်မှာ ဒရိုင်ဘာ၊ အိမ်ဖော် မှန်သမျှက သူနဲ့ဆွေမကင်း မျိုးမကင်း သူ့လူတွေချည်းပဲ၊ အစ်ကို့အတွက် လွတ်လပ်မှုဆိုတာ လုံးဝမရှိဘူး ...

အဲဒီတုန်းက အစ်ကို့မှာလည်း တကယ်ချစ်ရမယ့်သူ မရှိသေးဘူးလေ၊ အစ်ကို ဖိုင်နယ်ရောက်တော့ အင်တာနက်ကနေ ကောင်မလေး တစ်ယောက်နဲ့ သိကျွမ်းခဲ့တယ်၊ သူက အစ်ကို့ရဲ့အဖြစ်တွေကို နားလည် စာနာပေးတဲ့သူလေ"

"ဩော်"

မင်နီက ခပ်တိုးတိုး ရေရွတ်လိုက်သည်။

"နောက်တော့ ဘာဆက်ဖြစ်ကြလဲ အစ်ကို"

စံပြထင်ကပါ စိတ်ဝင်စားဟန်အပြည့်နှင့် ...





"သူ့ကို အစ်ကို့ဖုန်းနံပါတ် ပေးထားတယ်၊ အိမ်လိပ်စာကိုတော့ သူ အသေအချာ မသိဘူး၊ အစ်ကိုလည်း မပြောပြခဲ့ဘူး၊ မာမီလေး ... အစ်ကို့မိထွေး သိသွားရင် သူ့ကို ပြဿနာရှာမှာစိုးတာလည်း ပါတယ်လေ၊ နောက်တော့ အစ်ကိုနဲ့လွှာ အရမ်းချစ်ကြတဲ့ ချစ်သူတွေ ဖြစ်သွားကြတယ်၊ သူ့ကိုယူဖို့အထိ အစ်ကို ဆုံးဖြတ်ခဲ့တယ်၊ တစ်ရက်တော့ အရဲစွန့်ပြီး အစ်ကို့အဖေအခန်းထဲသွားပြီး လွှာ့ကို လက်ထပ်မယ်ဆိုတဲ့အကြောင်း ပြောခဲ့တယ်"

"သီလေး လုံးဝသဘောမတူနိုင်ဘူး အစ်ကိုကြီး"

သီတာနှင်း စကားကြောင့် ဖော်ဖော်ဦး ထောင်းခနဲ ဒေါသထွက်သွားသည်။

"ဘာဖြစ်လို့လဲ မာမီလေး"

"ဘာဖြစ်လို့လဲ သီလေး၊ အဲဒီကလေးမမှာဘာအပြစ်ရှိလို့လဲ"

"အစ်ကိုကြီးသားလို အိမ်ထဲကနေ အိမ်ပြင်မထွက် ကွန်ပျူတာတစ်လုံးနဲ့ chatting ထိုင်နေတဲ့လူမျိုးတွေ့ ဘယ်လိုဟာမျိုးနဲ့တွေ့မှာလဲ၊ ကိုယ်က စီမံပေးရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မာမီလေး … စကားကို ဆင်ခြင်ပြောပါ၊ လွှာက အဲဒီလို မိန်းမစားမျိုး မဟုတ်ဘူး"

"ကြည့်စမ်း … ကြည့်စမ်း၊ နင် လူကြီးကို ဒီလိုပြန်ပြောစရာလား"

"ပြောတယ်ဗျာ၊ လွှာက ခင်ဗျားလို ဖောက်ပြန်တတ်တဲ့ မိန်းမမျိုး မဟုတ်ဘူး၊ ခင်ဗျားလို အလိုရမ္မက်ကြီးတဲ့ မိန်းမမျိုးလည်း မဟုတ်ဘူး"

"ဘာပြောတယ် ဖော်ဖော်ဦး"

သီတာနှင်း မျက်လုံးတွေ မီးဝင်းဝင်းတောက်သွားသည်။

"တော်ကြစမ်း နှစ်ယောက်စလုံး"

"မတော်နိုင်ဘူး အစ်ကိုကြီး၊ သီလေးကို အစ်ကိုကြီးသားအကောင်းစားက စော်ကားနေတာလေ၊ မလောက်လေး မလောက်စားနဲ့များ၊ နင်က ငါ့ကို ဘယ်တုန်းက ဒီလို ပြောရဲလို့လဲ"





သီတာနှင်းက လွှာခနဲ ဖော်ဖော်ဦးနားသွားပြီး ပါးကို တအားလွှဲချလိုက်သည်။ ပူထူသွားမှုနှင့်အတူ ဖော်ဖော်ဦးလည်း လူစိတ်ပျောက်သွားသည်။ ဒေါ်သီတာနှင်းလက်ကို လိမ်ချိုးပြီး ဆောင့်တွန်းလိုက်သည်။

"ခင်ဗျားကြီးကို ကျုပ်သိပ်မုန်းတယ်၊ ကျုပ်သိတယ်၊ ကျုပ်အမွေတွေရသွားမှာစိုးလို့ ခင်ဗျားရှုးနေတာ ကျုပ်သိတယ်"

"သား … သား ဖော်ဖော်ဦး၊ တော်စမ်း … အဖေပြောတာ နားထောင် ငါ့သား"

အဖေက သူ့လက်ကိုဆွဲကိုင်ပြီး သတိပေးသော်ငြား သူက အရှိန်မပြေသေးသော ဒေါသနှင့် ရှန်းထွက်ကာ ကြမ်းပြင်ပေါ် လဲကျနေသော ဒေါ်သီတာနှင်းဆီ လျှောက်သွားသည်။

ဖော်ဖော်ဦးရဲ့ ဒေါသကြောင့် ခက်ထန်နေသော မျက်နှာကို ဒေါ်သီတာနှင်း လန့်သွားသည်ထင့်။ နေရာမှကုန်းထပြီး အပေါ်ထပ်က ဒရောသောပါး ဆင်းပြေးသည်။ သူကလည်း ဒေါ်သီတာနှင်းနောက်က ပြေးလိုက်သည်။ သူ မီလုမီခင်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီတာနှင်းက သူ့ကို ကြောက်အားလန့်အားနှင့် လှည့်အကြည့် ခြေချော်ပြီး လှေကားပေါ်မှ တလိမ့်ခေါက်ကွေး ကျသွားသည်။

"ဒုန်း"

"အား"

"ဟင် ... အန်တီသီတာကို အစ်ကိုဖော် တွန်းချတယ်"

အိမ်ဖော်ကောင်မလေးတွေရဲ့အသံ ရှူးရှူးရဲရဲ ထွက်လာသည်။ ဖော်ဖော်ဦးကတော့ လှေကားထိပ်မှာရပ်လျက် ကြောက်မက်ဖွယ်ကောင်းသော မြင်ကွင်းကို ကြက်သေသေပြီး ငေးကြည့်နေသည်။ ဒေါ်သီတာနှင်းက အောက်သံမံတလင်းပေါ်ကို ခေါင်းနဲ့ ကျသွားတာမို့ ခေါင်းကကျတဲ့သွေးတွေက မြင်မကောင်းအောင် အိုင်ထွန်းနေသည်။

"ဒီတော့ ဘာဆက်ဖြစ်သွားလဲ အစ်ကို"

"အပေ အစ်ကို့အတွက် အကောင်းဆုံး ကြိုးစားပေးခဲ့ပေမယ့် မာမီလေးသေမှုနဲ့ အစ်ကို ထောင်သုံးနှစ်ကျခဲ့တယ်"

"ဟင်း"





မင်းနိုရော စံပြြထင်ပါ. သက်ပြင်းကိုယ်စီ ချလိုက်ကြသည်။

"ဒါဆို အစ်ကို ပြန်လွတ်လာတာ မကြာသေးဘူးပေါ့"

"ဟုတ်တယ်၊ အရင်ဆုံး အစ်ကို ပွင့်လွှာကို လာရှာခဲ့တာ၊ သူ့ဆီမှာ အစ်ကို့ရင်သွေး ရှိနေတာ အစ်ကို တကယ်မသိခဲ့ပါဘူး၊ အခု အစ်ကို ဘယ်လိုဖြေရမလဲ၊ သူ တစ်ယောက်တည်း ဘယ်လိုရပ်တည်နေမလဲ၊ အစ်ကို ရှူးရတော့မယ်ကွာ"

မင်းနိုရော စံပြပါ ဆောက်တည်ရာမရ ဖြစ်နေတဲ့ ဖော်ဖော်ဦးကိုကြည့်ပြီး မျက်ရည်ဝဲသွားကြသည်။ အပြန်လမ်းတလျှောက် မင်းနို တိတ်ဆိတ်နေသည်။ သူကလည်း အလိုက်တသိနှင့် မင်းနို့ကို အနှောင့်အယှက်မပေး။

ကြေကွဲစရာ ကောင်းတဲ့ မမလွှာတို့အကြောင်း သိလိုက်ရတော့ သူ့ရင်ထဲမှာမကောင်း။ မင်းနို့ရင်ထဲမှာလည်း အပူမီးတွေ အုံကြွနေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဖော်ဖော်ဦးက မမလွှာကို နေရာအနှံ့ လိုက်ရှာပါမည်ဟု ကတိပေးသွားသည်။

"ငါ ဒီကိစ္စကို မေမေ့ကို ပြောပြရမလား စံပြ"

"ပြောသင့်တာပေါ့၊ ဒါပေမဲ့ အန်တီလုက လောလောဆယ် ကျန်းမာရေး သိပ်မကောင်းတော့ ဖြစ်ပါ့မလား"

"အခု မေမေရောဂါဖြစ်တာလည်း မမလွှာစိတ်ကြောင့်ပဲလေ၊ မပြောလို့လည်း ဖြစ်မှမဖြစ်တာ၊ အဓိက,က မမလွှာကို ပြန်ရှာတွေ့ဖို့ပဲ မဟုတ်လား၊ ပြီးတော့ သတင်းစာမှာ ကြော်ငြာထည့်ဖို့ မေမေတို့ဆီက ခွင့်ပြုချက်ရမှဖြစ်မှာ"

"ဟုတ်တယ် ... ဒါ ကောင်းတယ်၊ ကိုဖော်ဖော်ဦးကလည်း သူ့နည်းသူ့ဟန်နဲ့ရှာမယ်၊ မင်နီတို့ကလည်း သတင်းစာမှာ ကြော်ငြာထည့်ရင် အနေးနဲ့အမြန်တော့ မမလွှာကိုပြန်တွေ့မှာပါ"

"အားလုံးအတွက် ကျေးဇူးပဲ စံပြရာ၊ အရင်က နင့်အပေါ်မှာ ငါ ရိုင်းပျခဲ့တာရှိရင် ခွင့်လွှတ်ပါ"





"ငါ ဘယ်တုန်းကမှ နင့်ကို အပြစ်မယူပါဘူး မင်နီ၊ နင့်အတွက်ဆို ငါက အမြဲအဆင်သင့်ပါ"

မင်နီက သူ့ကို အားယူပြီး ပြုံးပြသည်။ သူမမျက်ဝန်းတွေက အမုန်းတွေကင်းစင်ပြီး နွေးထွေးနေသည်ပဲ။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၂၈

ဆောက်တည်ရာမရသောခံစားမှုနဲ့အတူ တာရာဗွေ အခန်းထဲ လှည့်ပတ်လျှောက်နေသည်။ နေ့လယ်က ဗဟန်းသုံးလမ်း မီးပွိုင့်မှာ ပွိုင့်မိနေတုန်း လှမ်းတွေ့လိုက်ရတဲ့ လူတစ်ယောက် ကြောင့် ကားစတီယာရင်ကိုင်ထားတဲ့ သူ့လက်တွေ တဆတ်ဆတ် တုန်လို့။





"ရဲနန္ဒ"

ကြည်လင်သောမျက်လုံးနှင့် ပွင့်လင်းသောအပြုံးကို သူ ဘယ်မေ့နိုင်မှာလဲ။ ရဲ ဘယ်တုန်းက ရန်ကုန်ပြန်ရောက်နေ တာလဲ။

ငါ့ဘ၀ကို မဖျက်ဆီးပါနဲ့ ရဲ၊ အခု ငါ့ဘ၀က တည်ငြိမ် နေပြီ။ အခု ငါ အရမ်းပျော်နေတယ် ရဲ။ အခုအချိန်မှာ ငါ လုံး၀ အမှားမခံနိုင်ဘူး။

သူ အိပ်ရာပေါ် ပစ်လှဲလိုက်သည်။ အနေအထား မျိုးစုံပြောင်းလို့ ဂနာမငြိမ်ခဲ့။ ရုတ်တရက် ထထိုင်ကာ ခေါင်းအုံး ယူပြီး ရင်မှာပိုက်ထားလိုက်သည်။ ပါးအပ်ထားသော ခေါင်းအုံး ပေါ်မှာ မျက်ရည်တွေ ရွှဲရွှဲစိုသွားသည်။

"ဒါ ... ဘာလဲ တာရာ"

ပလတ်စတစ် စွပ်ထားတဲ့ နှင်းဆီနီနီရဲရဲလေးတစ် ပွင့်၊ ပြီးတော့ ရိုးတံမှာချည်ထားတဲ့ စာရွက်လိပ်လေးတစ်ခု။

"မင်း ဖတ်ကြည့်လေ"



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှေ့ဥယျာဉ်ထဲက ခုံတန်းလေးပေါ်မှာထိုင်နေတဲ့ ရဲနန္ဒာကို သူ လှမ်းပေးသည်။

“You are a King, and I am your Queen !”

စာကြောင်းလေးကိုဖတ်ပြီးတော့ ရဲနန္ဒ လှစ်ခနဲ့ပြုံး၏။

“ဘယ်ကောင်မလေး ပေးလိုက်တာလဲ၊ ငါ ရင်တွေခုန်လိုက်တာ၊ မင်းကို ပေးတာလား၊ ငါ့ကိုပေးတာလား၊ မြန်မြန်ပြောစမ်းပါ၊ ဘယ်သူက ဘယ်သူ့ကိုပေးတာလဲ”

သူက စိုလက်တောက်ပသော မျက်ဝန်းတွေနှင့် ရဲနန္ဒကို အတန်ကြာ စိုက်ကြည့်လိုက်သည်။ ရဲနန္ဒက သူ့အကြည့်ကို ကျော့ချမ်းသွားဟန်နှင့် ...

“ဟော့ကောင် ... ငါ့ကို ဘယ်လိုကြီး ကြည့်တာလဲ”

“ဒီနှင်းဆီပန်းကို ငါက မင်းကို ပေးတာလေ”

“မင်းက ငါ့ကို ... မင်းက ငါ့ကိုပေးတာ၊ ဟုတ်လား ... ဟား ဟား ဟား ဟား ဟား”





အော်ရယ်နေတဲ့ ရဲနန္ဒကို တာရာ မမိုတ်မသုန်ကြည့်နေသည်။

“တာရာ ... ငါ့ကို လာမနောက်စမ်းပါနဲ့၊ ငါ ကတ်တွေ အများကြီး ဝယ်ထားတယ်၊ လာ ... သွားကြရအောင်”

ထ,ထွက်သွားတဲ့ ရဲနန္ဒလက်ကို သူ ဖမ်းဆွဲလိုက်ကာ ...

“ရဲ ... မင်းကို ငါ တကယ်ချစ်တယ်”

“ဘာ”

ရဲနန္ဒ မျက်လုံးပြူးပြီး အော်လိုက်သည်။ ပြီးတော့ အကြီးအကျယ် အံ့သြသွားဟန်နှင့် တာရာ့လက်ထဲမှ သူ့လက်ကို ဆောင့်ရုန်းလိုက်သည်။

“တာရာ ... မင်း ဘာဖြစ်သွားတာလဲ၊ သတိထားဦးလေ၊ မင်း မှားနေပြီ၊ မင်း ဒီပန်းပေးသင့်တာ ကောင်မလေး တစ်ယောက်ကိုလေ”

တာရာတွေး ခေါင်းငုံ့နေသည်။ ပြီးတော့ ရဲနန္ဒရဲ့ အဝေးကို ပြေးထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"တာရာ ... တာရာ ... နေဦးလေကွာ"

ရဲနန္ဒ နှင်းဆီပန်းလေးကိုင်ပြီး ငိုင်သွားသည်။ ဒီကိစ္စက ပေါ့သေးသေးမဟုတ်။ ဒီကောင် တာရာ အစ်မတွေကြားမှာ နေလာခဲ့ရလို့ မိန်းမစိတ် ပေါက်နေတာဖြစ်မည်။ ဒီကောင့်ကို အချိန်မီကယ်တင်မှ သူငယ်ချင်းကောင်း ပီသရာကျမည်ပေါ့။ ဒီတော့ သူ့အတွေးတစ်ချက် လက်သွားသည်။

"ဟုတ်ပြီ ... စန်းစု၊ စန်းစုလို ခပ်ချောချောကောင်မလေးနဲ့ဆိုရင် ဒီကောင့်စိတ်တွေ ပြောင်းလဲကောင်း ပြောင်းလဲနိုင်မယ်"

သူ့အတွေးကို ခပ်သွက်သွက် အကောင်အထည်ဖော်လိုက်သည်။

ဘာမှမခက်ပါ။

တာရာရေးထားတဲ့ စာကြောင်းကို ပြောင်းပြန်လှန်လိုက်ရုံသာ။

"I am a King. and your are my Queen !"





သူ သဘောကျဟန်နှင့် နှင်းဆီပန်းရဲ့ရိုးတံမှာ လိပ်ပြီး ပန်းနုရောင်ကြိုးလေး ပြန်စည်းလိုက်သည်။

"စန်းစု ... နင့်ကို တာရာ ပေးခိုင်းလိုက်တာ"

သူငယ်ချင်းတွေနဲ့ ရယ်မောနေတဲ့ စန်းစု မျက်နှာလေး ရဲသွားသည်။ ပြီးတော့ မဝံ့မရဲနှင့် ပန်းလေးလှမ်းယူသည်။

"သူကိုယ်တိုင် ဘာလို့ လာမပေးတာလဲ"

"နင်က မာနကြီးလို့ မယူမှာစိုးလို့တဲ့၊ နင်မယူရင် သူ စိတ်မကောင်းဖြစ်ရမှာ ကြောက်လို့တဲ့"

"ပြန်ပြောလိုက်ပါ၊ ငကြောက်ကြီးလို့"

တခိခိနှင့် ကောင်မလေးတွေ ဝိုင်းရယ်ကြသည်။ ရဲနန္ဒကတော့ သူ့ဆီရောက်လာတဲ့ နှင်းဆီပန်းကို စန်းစုလက်ထဲ ပြောင်းပေးလိုက်ရတာမို့ စိတ်ပေါ့ပါးနေသည်။ ဘာပဲဖြစ်ဖြစ် စန်းစု အတွေးထဲကို တာရာ ရောက်သွားမည်။ ပြီးတော့ သူတို့ အကြည့်ချင်း ဆုံကြမည်။ ဒါဆို ဒီကောင့်စိတ် ပြောင်းလဲသွားနိုင်လောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေ့တက်လာသော မျက်ရည်အပြည့်ဖြင့် ချောင်းကြည့်နေသူက တာရာထွေး။

"မင်း သိပ်ရက်စက်တယ် ရဲ"

သူ အံကြိတ်၍ မျက်ရည်ကျမိသည်။

ဝေဝန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့ နိုင်ပါသည်။





## ၂၆

"မင်း ဒါဆို စာမေးပွဲပြီးရင် တကယ်သွားတော့မှာပေါ့"

ရဲနန္ဒာက သန်းချာတွက်နေရာမှ ခေါင်းညိတ်ပြသည်။

"ရန်ကုန်နဲ့ မန္တလေး မဝေးပါဘူးကွာ၊ ငါတို့အဆက်အသွယ်လုပ်လို့ ရနေတာပဲ၊ ဒီမှာ ... ငါ့ကိုကြည့်စမ်း တာရာ၊



www.burmeseclassic.com

www.burmeseclassic.com



မင်း စာကြိုးစားပါကွာ၊ မဟုတ်တဲ့ အတွေးတွေ မင်းခေါင်းထဲက ထုတ်ပစ်ပါ"

"ဒါဆိုရင် ငါလည်း မင်းကို ကတိတစ်ခုတောင်းမယ် ရဲ"

"အေး ... ပြော"

"စာမေးပွဲဖြေပြီးတဲ့ နောက်ဆုံးနေ့၊ မင်းနဲ့ငါ တစ်နေရာမှာ နှစ်ယောက်တည်း တွေ့ချင်တယ်"

"ဘာ"

ရဲနန္ဒ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ထ,အော်သည်။

"ငါ့ကို တစ်မျိုးမထင်ပါနဲ့ ရဲ၊ မင်းမျက်နှာကိုကြည့်ပြီး စကားတစ်ဝ,ကြီး ပြောချင်လို့ပါ၊ မင်းက သွားတော့မှာ မဟုတ်လား၊ နောက်ဆို ငါတို့တွေ့ဖို့မှ မသေချာတော့ပဲ"

"ဟုတ်ပါပြီကွာ၊ ငါ ကတိပေးတယ်၊ မင်း ထိန်းထိန်းသိမ်းသိမ်းနေကွာ၊ မင်းကို လူတွေက အခြောက်လို့ခေါ်မှာ ငါ မခံနိုင်ဘူး၊ ဒါနဲ့ မင်း စန်းစုကို စိတ်မဝင်စားဘူးလားဟင်"





"တော်ပါကွာ၊ ငါ့မှာ တစ်နေ့ တစ်နေ့ အားနာနာနဲ့ ပြုံးပြနေရတာ စိတ်ကုန်လွန်းလို့၊ မင်းစနက်ကြောင့်လေ"

"ကြာလာရင် မင်း သူ့ကို တဖြည်းဖြည်းနဲ့ စိတ်ဝင်စားသွားလိမ့်မယ်"

"မင်း ထင်လို့ပါ"

ရဲနန္ဒကတော့ မြန်မာစာဖြေတဲ့နေ့ကတည်းက စန်းစုဆီ စာအဆင်သင့် ပေးထားပြီးသား၊ ဒီကောင့်ကို လိုက်လျောနေရင် ဒီကောင့်စိတ်တွေ ပိုယိုင်သွားဖို့ပဲရှိသည်။ စန်းစုနဲ့တွေ့အောင် ကြံဆောင်ရမည်။ ဘာပဲဖြစ်ဖြစ် သူ့ကိုတွေ့ရင် စကားပြောဖြစ်ကြမည်။ ဒီကောင့်စိတ်တွေလည်း တဖြည်းဖြည်းနဲ့ ပြောင်းလဲလာလောက်သည်၊ ဒါ တာရာ့ကို သူ နောက်ဆုံး ကယ်တင်ခြင်းပင်။

တာရာ ဘုရားပေါ်ရောက်နေတာ နေ့လယ်တစ်နာရီကတည်းက။ စာမေးပွဲဖြေပြီးတာနှင့် အတူသွားမည်ဆိုတဲ့ သူ့အဆိုကို ရဲကပယ်ချပြီး အိမ်ပြန်အဝတ်အစားလဲပြီးမှ ပြန်ထွက်မည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ချိန်းထားတဲ့ နှစ်နာရီထိုးခါနီးလေ သူ့ရင်တွေ ခုန်လေပင်။ ရဲက မန္တလေးပြောင်းတော့မှာ၊ နောက်ဆို ဒီလိုအခွင့်အရေးမျိုး သူ ရတော့မှာမှ မဟုတ်တာ။ ရဲအတွက် နှုတ်ဆက်လက်ဆောင်နာရီ ဘူးလေးကို ကျောပိုးအိတ်လေးတဲက သူ ထုတ်ကြည့်မိသည်။

"ဟာ"

ရုတ်တရက် လှမ်းတွေ့လိုက်ရတဲ့ ကျောင်းသူအုပ်စု ကြောင့် သူ ကပျာကရာ နေရာမှထ၍ သူတို့မမြင်ရာ တန်စောင်း အကွယ်မှာ ပြေးပုန်းလိုက်သည်။

စနီးစုနဲ့ ကောင်မလေး နှစ်ယောက်။

မင်း ရက်စက်လိုက်တာ ရဲ၊ နောက်ဆုံးအနေနဲ့ ဒီ အခွင့်အရေးလေးတောင် မင်း ငါ့ကိုမပေးနိုင်ဘူးလား။ ငါက ဘာလုပ်မှာမို့လဲ ရဲ၊ ငါ မင်းကို စကားပြောရုံလေးပါ။ မင်း ကတိ မတည်တဲ့ကောင်၊ သစ္စာမရှိတဲ့ကောင်၊ မင်းကို ငါမုန်းတယ် ရဲ။

အခု ငါ လူတစ်ယောက်ကို ချစ်နေမိတယ်။ သူက အသားညိုညို၊ အရပ်ရှည်ရှည်နဲ့ သိပ်ကြည့်ကောင်းတဲ့ လူတစ်





ယောက်ပေါ့။ အခု ငါ ကလေးတစ်ယောက် မဟုတ်တော့ဘူး။ ငါ့ကိုယ်ငါ ထိန်းနိုင်လာပြီ။ ငါ ဘာလုပ်သင့်တယ် ဆိုတာလည်း နားလည်လာတယ်။ ငါချစ်တဲ့ သူ့နားမှာ ကြာကြာနေရဖို့ ဘာ နည်းသုံးရမလဲဆိုတာ သိလာတယ်။ ဒါ မင်းပေးတဲ့ သင်ခန်းစာ ကြောင့်ပဲ ရဲ။

သူ့နားကို ငါရောက်ဖို့ ဘယ်လောက်ကြိုးစားခဲ့ရလဲ။ ဘယ်လိုကြိုးစားခဲ့ရလဲ မင်း မသိပါဘူး။ မင်းရဲ့အမှတ်မထင်စကား တစ်ခွန်းကြောင့် ငါ့အိပ်မက်တွေ ပြိုလဲသွားမှာစိုးတယ်။ ရန်ကုန် မြို့က ကျဉ်းကျဉ်းလေးပဲ၊ မင်းနဲ့ စနီးစု မတော်တဆတွေ့သွားမှာ ငါကြောက်တယ်။ စနီးစု ငါနဲ့ပတ်သက်ပြီး သံသယဝင်မှာ ငါ စိုးရိမ်တယ် ရဲ။ စနီးစု မုန်းသွားမှာကြောက်လို့တော့ မဟုတ်ဘူး။ စနီးစုနဲ့ ရင်းနှီးတဲ့ မောင် ငါ့အကြောင်း သိသွားမှာ စိုးတာပါ။

သူချစ်တဲ့ ကောင်မလေးတိုင်းကို ငါ propose လုပ် ခဲ့တယ်။ တွဲခဲ့တယ်။ ငါ မနာလိုလို့ပဲ။ သူ့စိတ်ထဲမှာရော၊ သူ့ သေးနားမှာပါ ဘယ်မိန်းကလေးမှ ရှိမနေစေချင်ဘူး။ အဲဒီအတွက်



www.burmeseclassic.com

www.burmeseclassic.com



ငါ မလွယ်ကူတဲ့ အလုပ်တွေ လုပ်ခဲ့ရတယ်။ သူတို့နဲ့ချိန်းတွေ့ပြီး အိမ်ပြန်ရောက်တိုင်း ငါ့မှာ စိတ်ခံစားမှုဗလာနဲ့ လူက အရမ်းပင်ပန်းလွန်းတယ်။

မိန်းမတစ်ယောက်စိတ်နဲ့ ယောကျ်ားတစ်ယောက်ရဲ့ ဟန်ပန်အမူအရာ စရိုက်မျိုးပေါ်အောင် ကြိုးစားနေရတဲ့ ငါ့ဘဝကို ရွံမုန်းနေမိတယ်။ မောင့်စိတ်ထဲမှာရှိနေတဲ့ မင်နီရည် ဆိုတဲ့မိန်းမနောက် မောင် မလိုက်နိုင်အောင် သူ့လက်သီးချက်ကိုခံပြီး ဟန့်တားခဲ့ရတယ်။ အရမ်းနာပေမယ့် ငါ ကျေနပ်ခဲ့တယ်။

မင်း ပြောခဲ့တယ်နော် ရဲ၊ မိန်းကလေးတွေနဲ့တွဲရင် ငါ့စိတ်တွေ ပြောင်းလဲသွားလိမ့်မယ်လို့၊ သဏ္ဍာန်လုပ် သရုပ်တူအောင် သူတို့ကို နမ်းခဲ့ရတဲ့နေ့တိုင်း ငါ့နှုတ်ခမ်းတွေ အကြိမ်ပေါင်းများစွာ ရေနဲ့ဆေးမိတယ်။

အခု ငါက အမျှားအမြင်မှာ မင်းပတ်သက်စေချင်တဲ့ စနီးစုရဲ့ရည်းစားပေါ့။ စနီးစုက အရမ်းဆိုးတယ်၊ တစ်ခါတစ်ခါ သည်းမခံနိုင်လောက်အောင်ပဲ။ ဒါပေမဲ့ သူ့ကျေးဇူးကြောင့် ငါ





ချစ်တဲ့ မောင်နားမှာ နေရတာမို့ ငါ ကြိတ်မှိတ် သည်းခံလိုက်ပါတယ်။

အခုအချိန်အထိတော့ ငါ့ကို ဘယ်သူကမှ အခြောက်လို့မခေါ်ကြပါဘူး။ သိလည်း မသိကြဘူး။ ငါ ထိန်းနိုင်ခဲ့တယ်လေ။ ဒါပေမဲ့ မောင်နဲ့အနီးကပ်နေရတာ များလာတော့ အခုတလော ငါ့စိတ်တွေ နဲ့နဲ့လာသလိုပဲ။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



❋ ၃၀ ❋

"လွှာ ...

အားလုံးကို ခွင့်လွှတ်ပါတယ်။ မေမေ နေမကောင်း ဘူး။ အိမ်ကို အမြန်ပြန်လာပါ"

သတင်းစာကိုင်ထားတဲ့ ပွင့်လွှာ လက်တွေတုန်ယင်နေသည်။





ရင်ထဲစို့တက်လာတဲ့ ဝမ်းနည်း ဝမ်းသာမှုကြောင့် မျက်ရည်တွေ အိုင်ထွန်းလာသည်။

သူငယ်ချင်း မေနန်းဆီက မေမေ နေမကောင်းဘူး ဆိုတဲ့ သတင်းကို ရပြီးကတည်းက လွှာ ဘယ်လိုမှနေလို့မရ။ လွှာ ထွက်သွားကတည်းက အိမ်ကကျိတ်ပြီးရှာကြတယ်ဆိုတဲ့ သတင်းကို ကြားရပေမယ့် သူမကြောင့် မိဘဆွေမျိုးတွေ အရှက်မရစေချင်၍ ဇာတ်မြှုပ်နေထိုင်ခဲ့သည်။

အခင်ဆုံးသူငယ်ချင်း မေနန်းမိဘတွေရဲ့ကျေးဇူးတွေက သူမမှာ တပုံတပင်,ပင်။ ပဲခူးက မေနန်းရဲ့အဒေါ် မုဆိုးမ သားအမိရဲ့နေအိမ်မှာ လွှာ ခိုနားခွင့်ရခဲ့သည်။ တစ်ဖက်က သူတို့ရဲ့ပျိုးပင်စိုက်ခင်းမှာ ဝင်လုပ်သလို၊ တစ်ဖက်ကလည်း လမ်းထဲက ကလေးတွေကို စာပြပေးခဲ့သည်။ သူမဘဝ လုံခြုံခဲ့ပါသည်။

လွှာ့သားလေး "သန့်သက်ဦး"ကို အန်တီစိုးနဲ့သူ့သမီး သက်သက်တို့က တုန်နေအောင်ချစ်သည်။ သူတို့နဲ့ တစ်သက်လုံး နေသွားစေချင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမလွှာ ... သတင်းစာကြီးကိုင်ပြီး ဘာဖြစ်နေတာလဲ"

သက်သက်အသံကြားမှ သူမ အသိပြန်ဝင်လာသည်။

"မမမိဘတွေထည့်တဲ့ကြော်ငြာ သတင်းစာမှာ တွေ့ရလို့ပါ"

"ဟင် ... တကယ်လား၊ သားသားလေးကိုခေါ်ပြီး မမလွှာ ပြန်တော့မှာလားဟင်"

သက်သက် မျက်ရည်တွေ ဝိုင်းနေသည်။ ကလေးက မွေးကတည်းက သူတို့လက်ပေါ်မှာ ကြီးခဲ့ရတာဆိုတော့ ချစ်လွန်းလို့ သက်သက်က ကလေးနာမည်မှာ သူ့နာမည်ပါအောင်ထည့်ဖို့ တဂျီဂျီလုပ်လွန်း၍ "သန့်သက်ဦး"လို့ မှည့်ရတာပဲကြည့်။

"အခုထက်ထိ မမလွှာ မဆုံးဖြတ်ရသေးပါဘူး၊ မေမေလည်း နေမကောင်းဘူး ပြောတယ်"

"အမေသိရင်တော့ စိတ်ကောင်းမှာ မဟုတ်ဘူး"

သက်သက်ပခုံးလေးကို လွှာ သိုင်းဖက်လိုက်သည်။

"ကြီးသက် ... ကြီးသက်"





ကစားနေရာမှ သားက သက်သက်ကို လှမ်းခေါ်သည်။

"ဟင် ... သားသားလေး ဘာလဲ၊ ဘာလုပ်ချင်လို့လဲ"

သက်သက်က အပြေးလေး သားနား ရောက်သွားသည်။

"ရေ ... ရေ"

"ဩော် ... သောက်ရမှာပေါ့ သားသားလေးရဲ့၊ ခဏလေးနော်၊ ကြီးသက် သွားယူလိုက်မယ်"

သက်သက်နဲ့သားကြားက သံယောဇဉ်မြင်ကွင်းကို လွှာ မကြည့်ရက်တာမို့ မျက်နှာလွှဲထားလိုက်ရသည်။ ဘယ်လိုပဲဖြစ်ဖြစ် လွှာတို့က ညီ့သည်တွေပဲ မဟုတ်လား။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၃၁

"မင်နီ ... နင်စဉ်းစားကြည့်စမ်း၊ နင်ပြောသလိုဆို မမလွှာက အသက်ရှင် နေထိုင်ပါ့မယ်လို့ ကတိအထပ်ထပ်ပေးတယ်၊ ဒါကို ကြည့်ခြင်းအားဖြင့် သူ ခြေဦးတည့်ရာ ထွက်သွားတာ လုံးဝမဟုတ်ဘူး"





"အင်း ... နင်ပြောတာ ဖြစ်နိုင်တယ် စံပြ"

စံပြအမေ အန်တီဝင်းက မေမေ့ကို လူနာသတင်းမေးနေခိုက် စံပြနဲ့ မင်နီ ခြံရှေ့က အုတ်တန်းလျားပေါ်မှာ ထိုင်နေကြသည်။

"ပြီးတော့ မမလွှာ သူငယ်ချင်းတွေ လိုက်မေးကြည့်တော့ ဘယ်သူမှ ကိုဇော်ဇော်ဦးကို မတွေ့ဖူးပါဘူး၊ မသိပါဘူးလို့ ဖြေကြတယ်၊ ပြီးတော့ မမလွှာလည်း သူတို့နဲ့အဆက်အသွယ် မလုပ်ပါဘူး ပြောတယ်၊ အဲဒါကို နင် ယုံလား"

"ဟင့်အင်း ... သူတို့က အကြောက်အကန်ငြင်းနေလို့ လက်လျှော့လိုက်ရတာ၊ ငါ မယုံပါဘူး"

"ငါထင်တာ မမှားဘူးဆိုရင် မမလွှာကို ကူညီပေးတဲ့သူဟာ သူ့သူငယ်ချင်းတွေထဲကပဲ"

"ဒါပေမဲ့ ဘယ်သူမှ မသိပါဘူးလို့ပဲ ပြောနေကြတော့ ငါတို့ ဘာတတ်နိုင်မှာလဲ"

မင်နီက စံပြစကားကို အတွန့်တက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် စဉ်းစားကြည့်လေ၊ ဘယ်သူ အဖြစ်နိုင်ဆုံးလဲ"

"မမနန်း"

မင်းနီ ထ,အော်လိုက်သည်။

မမနန်း ဖြစ်ဖို့သေချာသည်။ ဒါကို ဘာလို့ မင်းနီ မတွေးခဲ့မိပါလိမ့်။ မမနန်းက မမလွှာ ထွက်သွားပြီးကတည်းက အိမ်ကို တစ်လတစ်ခါလောက် ပုံမှန်လာသည်။ မေမေ့ကို လာနှစ်သိမ့်တာလေ။ ဒါ မမလွှာ လာကြည့်ခိုင်းတာ မဖြစ်နိုင်ဘူးလား။

"လွှာ ဘာမှဖြစ်မှာ မဟုတ်ပါဘူး အန်တီ၊ မစိုးရိမ်ပါနဲ့"

ဆိုတဲ့စကားကို ဘာကြောင့် အမြဲပြောရတာလဲ။ သူ မမလွှာ ဘယ်မှာရှိနေသည်ကို သိနေလို့ပဲပေါ့။

"မမလွှာ အရင်က အိမ်မပြန်ရဲတာ ပတ်ဝန်းကျင်က လက်ညှိုးထိုး ကဲ့ရဲ့ကြမှာစိုးလို့ ဖြစ်မှာပါ၊ အဖေမပေါ်ဘဲ ကလေးမွေးတယ်လို့ ဝေဖန်ကဲ့ရဲ့ကြမှာ ကြောက်လို့ဖြစ်မယ်၊ အခုတော့ အခြေအနေချင်း မတူတော့ဘူးလေ၊ ကိုဇော်ဇော်ဦးက မင်းနီတို့ ထင်သလို မမလွှာကို စွန့်ပစ်သွားတာမှ မဟုတ်တာ"





"ဟုတ်တယ် စံပြ၊ မင်းနီတို့ ဘာလုပ်ကြမလဲ"

"အဲဒီအစ်မဆီ သွားကြတာပေါ့"

မင်းနီက စံပြကို အပြုံးလဲ့လဲ့လေးနှင့်ကြည့်သည်။

"နင် အရမ်းတော်တာပဲ စံပြ"

သူ့ရင်ထဲ နွေးသွားသည်။ ရင်ခုန်သံတွေက မညီမညာနဲ့ပေါ့။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၃၂

သူတို့ငှားစီးလာတဲ့ တက္ကစီလေး ပျိုးခြံလေးရှေ့ အရောက် ရပ်ထားတဲ့ မတ်ခ်တူးအနက်လေးကို တွေ့ရတော့ မင်းနီနဲ့စံပြ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ အဲဒီကားက ကိုဇော်ဇော်ဦးကား မဟုတ်လား။ seasons ကပြန်





တော့ သူတို့နှစ်ယောက်ကို အတင်းပြန်လိုက်ပို့ပေးမယ်ပြောလို့ ငြင်းခဲ့ရသေးသည်လေ။

ကားနားရောက်၍ ဒရိုင်ဘာဦးလေးကြီးကိုတွေ့တော့ ပိုသေချာသွားသည်။

"မင်းနီ ... အစ်ကိုက ငါတို့ထက် ပိုတော်တယ်"

မင်းနီက သူ့အပြောကို သဘောကျဟန် ခေါင်းလေး ညိတ်၍ပြုံးသည်။

သူတို့နှစ်ယောက် အိမ်ထဲဝင်တော့ အစ်ကိုက မမလွှာ ဘေးနားမှာထိုင်ပြီး နှစ်နှစ်အရွယ် ကလေးလေးတစ်ယောက်ကို ပေါင်ပေါ်မှာတင်ပြီး ဖက်ထားသည်။

"မမလွှာ"

"မင်းနီ ... ညီမလေး"

မမလွှာက မင်းနီ့ကို ပြေးဖက်သည်။ ပြီးတော့ ညီအစ်မနှစ်ယောက်သား ငိုကြသည်။ လွှာတို့ညီအစ်မကိုကြည့်ပြီး အန်တီစိုးတို့သားအမိနှစ်ယောက်လည်း မျက်ရည်တစမ်းစမ်းနှင့်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ဘယ်လိုလုပ်သိလဲ"

စံပြက ဖော်ဖော်ဦးနားကပ်ပြီး မေးသည်။

"မေနန်း ပြောပြတာ၊ အစက ငါ့ကို လုံးဝအတွေ့မခံဘူး၊ မနည်းကို ကြိုးစားလိုက်ရတယ်"

"ဘာလဲ ... ကျွန်တော်က မိဘမဲ့တစ်ယောက်ပါလို့ စ,ပြီးတော့လား"

"ဟုတ်တယ် ညီလေး၊ အဲဒီလိုကစ,မပြောလို့မှ မရတာ၊ လွှာ့ကိုလည်း တော်တော်ကို ရှင်းယူရတယ်၊ အခုတော့ ပြေလည်သွားပါပြီ၊ အစ်ကို့အဖေကလည်း သူ့မြေးကိုတွေ့ချင်လို့ လိုက်မယ်တကဲကဲ လုပ်နေတာ၊ ဒီမှာက မိုးလေဝသကောင်းမကောင်း မသိသေးလို့ မနည်းချော့မော့ထားခဲ့ရတာ"

"ဒါနဲ့ ပြီးလိမ့်ဦးမယ်လို့ အစ်ကို ထင်လို့လား"

"ဟင် ... မပြီးသေးဘူးလား"

"မပြီးသေးဘူး၊ အစ်ကို့ရဲ့ယောက္ခမတွေ ကျန်သေးတယ်"





"ဟာ ... ဟုတ်သားပဲ၊ ဘယ်လိုလုပ်မလဲ၊ အစ်ကို့လို ထောင်ထွက်တစ်ယောက်ကို လွှာနဲ့ သဘောတူပါ့မလား"

စံပြထင်က မဖြေနိုင်ဟန် ပခုံးတွန့်ပြလိုက်သည်။

"မမလွှာ ... ဒါ မင်နို့တူလေးလား၊ လာပါဦး သားလေးရယ်၊ အမယ်လေး ... ငါ့တူလေးက ချောလိုက်တာ၊ ချစ်ဖို့ကောင်းလိုက်တာ"

မင်နိုက ကလေးကိုယူချီပြီး ပွေ့ဖက်နမ်းရှုတ်လိုက်သည်။

သူတို့တွေပြန်တော့ အန်တီစိုးတို့သားအမိ မျက်ရည်လည်ရွဲနှင့် လက်ပြနှုတ်ဆက် ကျန်ခဲ့ကြသည်။ ပွင့်လွှာကတော့ သုံးနှစ်လောက် သံယောဇဉ်တွယ်ခဲ့ဖူးတဲ့ နေရာလေးကို ခွဲခွာခဲ့ရ၍ စိတ်မကောင်း ဖြစ်နေသည့်ဟန်။

ပွင့်လွှာတို့ဇာတ်လမ်းကို အခြေပြု၍ မင်နိုရည်နှင့် စံပြထင်တို့၏ ရင်းနှီးမှုက ပို၍ ပို၍ ရင့်ကျက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၃၃

"ဟယ် ... ညီမလေးပါလား"

ကားဟွန်းတီးသံကြောင့် ခြံထဲမှာ ပန်းပင်တွေရေလောင်းနေသော တာရာအစ်မ အပျိုကြီးက ဝမ်းသာအယ်လဲ တခါးလာဖွင့်ပေးသည်။





"ဦးလေး ... ကားထဲကပဲ စောင့်နေနော်"

ဒရိုင်ဘာဦးလေးကြီးကိုပြောပြီး စနိုး ငါးဆင့်ချိုင့်ကြီး ဆွဲဆင်းလာသည်။

စနိုးက မမသီဂီလက်ထဲ ထည့်ပေးရင်း ...

"ဒီနေ့ အိမ်မှာ ဘုန်းကြီးဆွမ်းကျွေးလေ မမသီဂီရဲ့၊ ကိုယ်တော့်ကို ဖိတ်တာမလာလို့ လာပို့ပေးတာ"

"ဟင် ... အားနာစရာကြီးကွယ်၊ ဘာတွေလဲ"

"နန်းကြီးသုပ်လေ မမသီဂီ၊ အံချိုမုန့်တွေလည်းပါတယ်၊ သူရော ရှိလား"

"ရှိပါ့ ... အခုအချိန်အထိ စက်တော်ခေါ်နေတုန်းပဲလေ၊ သွားနှိုးလိုက်ပါဦး၊ အသက်တောင် ရှိသေးရဲ့လား မသိဘူး"

စနိုးကို တာရာ့အစ်မသုံးယောက်လုံးက ချစ်ကြသည်။ တာရာ့မှာ အမေမရှိတော့၊ တာရာ့ကိုမွေးပြီးပြီးချင်း မီးတွင်းထဲမှာ ဆုံးပါးသွားခဲ့သည်။ တာရာ့အဖေက စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဖြစ်ပြီး၊ နိုင်ငံခြားခဏခဏသွားနေရသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ တာရာက ဒီအစ်မသုံးယောက်လက်ထဲမှာ ကြီးခဲ့ရသူဖြစ်ပြီး အစ်မတွေရဲ့ ဖူးဖူးမှုတ် အလိုလိုက်ထားတာ ခံရသူဖြစ်သည်။

တာရာ့အခန်းတံခါးကို စနီး ခေါက်သည်။ ဟစိဖြစ်နေသောတံခါးမှ အထဲကိုချောင်းကြည့်သည်။ ပြီးတော့ တံခါးကို အသာလေးတွန်းကြည့်လိုက်သည်။ တာရာ့ကို မတွေ့ရ။ ရေချိုးခန်းထဲ ဝင်နေတာဖြစ်မည်။

ဘာရယ်မဟုတ် တာရာ့အခန်းထဲ စနီး ဝင်ကြည့်မိသည်။ အားလုံး သူ့နေရာနဲ့သူ သပ်သပ်ရပ်ရပ် သန့်ရှင်းရှင်းနှင့် ယောကျ်ားလေးတစ်ယောက်အခန်းနှင့် လုံးဝကိုမတူ။ စနီးအခန်းထက်တောင် သန့်ရှင်းသေးသည်။ ပြီးတော့ သူ့အခန်းက အသုံးအဆောင်ပစ္စည်းမှန်သမျှ ပန်းနုရောင်လေးတွေချည်း။ သူ ယောကျ်ားဖြစ်ပြီး ဘာကြောင့် ဒီအရောင် သုံးထားလဲမသိ။

သူ့စာကြည့်စားပွဲပေါ်မှာ Laptop တစ်လုံး၊ ပြီးတော့ ပန်းနုရောင်အသည်းပုံလေးတွေနှင့် အလှဆင်ထားသည့် ဓာတ်ပုံ stand လေးတစ်ခု၊ ဓာတ်ပုံကိုကြည့်လိုက်တော့ သူမရယ်၊ သူရယ်၊ စံပြရယ် မျှော်စင်ကျွန်းမှာ သုံးယောက်တွဲ ရိုက်ထားတဲ့ပုံလေး။





စနီး စိတ်တိုသွားသည်။ သူ့ဆီမှာ စနီးတစ်ယောက်တည်းပုံတွေ အများကြီးပါ။ ဘာကြောင့် သုံးယောက်တွဲပုံကိုမှရွေးပြီး ထည့်ထားရတာလဲ။ စနီးအကြည့်က စာကြည့်စားပွဲအံဆွဲဆီရောက်သွားသည်။ အံဆွဲကိုဆွဲအဖွင့် ရုတ်တရက် နောက်နားဆီမှ တာရာ့အသံကြောင့် လန့်ဖျပ်သွားသည်။

"ဒါ ဘာလုပ်တာလဲ စနီး"

ပြောရုံနဲ့ အားမရဘဲ လှမ်းထားတဲ့ စနီးလက်ကိုပါ သူက ပုတ်ချလိုက်သည်။

"ဘာဖြစ်လို့ ကျွန်မကို ဒီလိုဆက်ဆံရတာလဲ တာရာ"

စနီး မယုံနိုင်ဟန် မျက်ဝန်းတွေနဲ့ သူ့ကိုမော့ကြည့်သည်။

"ကိုယ့်ပစ္စည်းတွေကိုင်တာ ကိုယ်လုံးဝမကြိုက်ဘူး။ ပြီးတော့ စနီး ဘာကြောင့် ယောကျ်ားပျိုတစ်ယောက်နေတဲ့ အခန်းထဲ ဝင်လာရတာလဲ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားက ရှင့်သီးလွန်းသည်။ စနီးကို သေလောက် အောင်ချစ်ပါသည်ဆိုတဲ့ တာရာမှ ဟုတ်ပါလေစ။

"ကျွန်မက သူစိမ်းတစ်ယောက်လား တာရာ၊ ရှင် အခု ပြောနေတဲ့ပုံစံက ကျွန်မ ဘယ်လိုမိန်းမမျိုး ဖြစ်သွားပြီလဲ၊ ရှင် သိပ်လွန်တယ်"

စနီးက တာရာ့အခန်းထဲမှ ပြေးထွက်လာသည်။ နောက်ကလိုက်ချော့မယ့် တာရာ့ကို မျှော်ရင်းနဲ့ပေါ့။ ဒါပေမဲ့ သူမ အောက်ထပ်ရောက်သွားပြီး ပြန်တဲ့အထိ သူ့အသံမပြောနဲ့ အရိပ်အယောင်တောင် မတွေ့ရပါဘူး။ သူ ဘာကြောင့် ဒီလောက် မာကျောသွားတာလဲ။

သွား စနီးရ ... သွားစမ်း။ နင့်ကို ငါသည်းခံနေခဲ့ရတာ ကြာခဲ့ပြီ။ နင့်ကို ငါ မောင့်ကြောင့်၊ မောင့်မျက်နှာကြောင့် မို့ သည်းခံနေတာကို နင်က ဘယ်လိုထင်နေလို့လဲ။ ဟန်ဆောင်တယ်ဆိုတာ အတိုင်းအတာတစ်ခုပဲ ရှိမှာပေါ့။ ဒီအံဆွဲထဲမှာ ငါ့ရဲ့အဖိုးတန်ရင်တွင်းဖြစ် ခံစားချက်တွေရှိတယ်။ ညက ငါ





မောင်နဲ့ပတ်သက်ပြီး ခံစားရတာတွေရေးပြီး သော့ပြန်ခတ်ဖို့ မေ့သွားခဲ့တာ။ ကံကောင်းလို့ ငါ အရောက်မြန်လို့ပေါ့။

နင့်ကိုယ်နင် သိပ်ထက်မြက် သွက်လက်တဲ့ မိန်းက လေးလို့ ထင်နေတာလား။ အဲဒီလိုမျိုး မောင်ပဲထင်နေလိမ့်မယ်။ ငါတို့အချင်းချင်းကတော့ မထင်ဘူး။ ဒါဟာ ယောကျ်ားတစ် ယောက် ကိုယ့်ကို စိတ်ဝင်စား သတိထားမိလာအောင် မာယာများ ခြင်းတစ်မျိုးပဲ။

နင်မှတ်ထားရမှာက နင်က ကာဗာသက်သက်ပဲ၊ နင့်ကို နမ်းခဲ့တဲ့ ငါ့ရဲ့အနမ်းတွေကလည်း နင့်ကိုအသုံးချခဲ့မိတဲ့ အတွက် နစ်နာကြေးတွေ ငါ့အစ်မတွေ သံသယမဝင်အောင် ရုပ်ပြအဖြစ် သုံးမိခဲ့တဲ့အတွက် လျော်ကြေးတွေလေ။ ဘာခံစား ချက်မှမပါတာ နင် သိထားစမ်းပါ စနီးရ။



www.burmeseclassic.com

www.burmeseclassic.com



# ၃၄

စိမ်းလန်းစိုပြေ ပန်းခြံထဲက ကော်ဖီဆိုင်လေးမှာ တာရာထွေးနှင့် စံပြထင် ထိုင်နေကြသည်။ တာရာထွေးက လက်ကနာရီကို တကြည့်ကြည့်နှင့်။

"သူ မလာတော့ဘူးထင်တယ် စံပြ"





မျက်နှာညှိုညှိုနှင့် သူ့ကိုစံပြက ပြောသိမ့်သည်။

"လာမှာပါကွာ၊ ငါ သေချာချိန်းထားတာပဲ"

"မလာတော့ပါဘူးကွာ၊ ဖုန်းဆက်တော့လည်း ပိတ်ထားတယ်၊ သင်တန်းသွားကြည့်တော့လည်း သင်တန်းမလာဘူး၊ သူ ကိုယ့်ကို တော်တော်စိတ်ဆိုးသွားပုံပဲ"

"မင်းကလည်း မင်းပဲ တာရာ၊ မိန်းကလေးတစ်ယောက်ကို ဒီလောက်ပြောစရာလား၊ သူ ရှက်သွားမှာပေါ့"

"ကိုယ်က သူ့အတွက် ပြောတာပါ၊ ချစ်သူတွေဆိုပေမယ့်လည်း မကောင်းဘူးလေ"

"ငါ မင်းစိတ်ဓာတ်ကို နားလည်ပါတယ်၊ မင်းအပြောအဆိုအထာမကျလို့ ဖြစ်ရတာ"

အေးမြသောလေက ကန်ရေပြင်ကိုဖြတ်၍ တဟူးဟူးတိုက်လာသည်။ တာရာ့ကျောထဲ စိမ့်တက်သွားသလို။

"ကိုယ် နေသိပ်မကောင်းချင်ဘူး စံပြ၊ ညကတည်းက မအိပ်ရသေးဘူး၊ ခေါင်းတွေလည်း မူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ထင်တော့ထင်သားပဲ"

နွမ်းနယ်နေပုံရသော တာရာ့နဖူးကို သူစမ်းကြည့်လိုက်သည်၊ ကိုယ်က နွေးတေးတေးနှင့် တာရာ့မျက်လုံးတွေ မှေးစင်းနေသည်။ မောင့်ရဲ့ကိုယ်သင်းနံ့လေးကို ကျွန်မ ရနေတယ် မောင်၊ မောင့်လက်ဝါးပြင်ရဲ့ အထိအတွေ့က ကျွန်မနှလုံးသားကို နွေးထွေးစေတယ်လေ။

ကျွန်မ မနေ့က တစ်ညလုံး ဘာလုပ်တယ်လို့ထင်လဲ မောင်၊ မုန်းစရာကောင်းတဲ့ စနီးစုရဲ့ပုံတွေကို အစိတ်စိတ် အမြွာမြွာဖြစ်အောင် ကတ်ကြေးနဲ့ညှပ်တယ်။ အခု စနီးစုပုံတွေ ကျွန်မဆီမှာ တစ်ပုံတောင် ရှိမနေတော့ဘူး။ ကျွန်မတို့သုံးယောက် တွဲရိုက်ထားတဲ့ပုံ မှန်သမျှမှာ သူ့ပုံကို ကွက်ညှပ်ထားတယ်။ ပြီးတော့ မောင့်ပုံကို ရှေ့မှာချထားပြီး ချစ်တဲ့အကြောင်းတွေ ဒိုင်ယာရီရေးနေတယ်။

"ပြန်ကြရအောင် တာရာ၊ မင်း ကြာကြာဆက်နေရင် ဖျားလိမ့်မယ်၊ လာပါကွာ၊ ငါ စနီးကို ဖျောင်းဖျပေးပါ့မယ်"





မောင်က ကျွန်မပခုံးကိုဖက်ပြီး အားပေးသည်။

အို … ကျွန်မရင်တွေ ခုန်လိုက်တာ မောင်၊ စနီးစု ဆိုတဲ့မိန်းမ ကျွန်မကို အခဲမကျေဘဲ ဖြတ်လိုက်ပါစေလို့ ဆုတောင်းနေတယ် မောင်၊ ဒါဆို ကျွန်မ မောင့်အနားမှာ လွတ်လွတ်လပ်လပ် နေနိုင်ပြီလေ။

"မင်း ကားမောင်းနိုင်ပါ့မလား တာရာ၊ ငါကတော့ မင်း သိတဲ့အတိုင်း မမောင်းတတ်ဘူး၊ မင်းအစ်မတွေဆီ ဖုန်း ဆက်ပေးရမလား"

"ရပါတယ်၊ ကိုယ် မောင်းနိုင်ပါတယ်၊ မင်းကို လိုက်ပို့ ပေးမယ်"

သူ့အိမ်ရှေ့ကိုရောက်တော့ တာရာတွေး မျက်နှာက နီအမ်းပြီး ကားစတီယာရင်ပေါ် ခေါင်းငိုက်စိုက်နေပြီ။

"တာရာ … တာရာ … မင်း ရရဲ့လား"

"မရတော့ဘူး စံပြ၊ ကိုယ့်ကို မင်း အိမ်မှာ ခဏလောက် ပေးနားနိုင်မလား" —



www.burmeseclassic.com

www.burmeseclassic.com



“ပြောစရာလားကွာ မင်းကလည်း၊ ငါတို့က သူစိမ်းတွေလား”

စံပြက ကားပေါ်ကဆင်းပြီး တာရာဘက်က ကားတံခါးကို ဆွဲဖွင့်ပေးပြီး အိမ်ထဲကို တွဲခေါ်လာသည်။

“ဆေးခန်းသွားလိုက်ရင် ကောင်းမယ်၊ မင်း ကိုယ်တွေ ခြောက်တော့်ပူနေပြီ”

သူ ခေါင်းခါလိုက်သည်။

“ကိုယ် မသွားနိုင်တော့ဘူး၊ အရမ်းအိပ်ချင်တယ်”

စံပြက အတန်ငယ် စဉ်းစားလိုက်ကာ ...

“ဒါဆိုလည်း အိပ်ကွာ၊ ငါ လမ်းထိပ်ကဆရာဝန် အိမ်ကို ပြေးလိုက်မယ်၊ ဒါမှမဟုတ်လည်း မင်းအစ်မတွေကို လာခေါ်နိုင်းရမလား”

“ကိုယ် ဒီမှာ တစ်ညလောက် အိပ်လို့မရဘူးလား”

တာရာ့မျက်နှာက သုန်မှုန်နေတာမို့ စံပြကအလိုက်တသိနှင့် ...





“ရပါတယ်ကွာ၊ ငါပြောတာက မင်းအစ်မတွေ စိုးရိမ်နေကြမှာစိုးလို့ပါ၊ ကောင်းပြီလေ ... မင်း ဒီမှာညအိပ်မယ်ဆိုတဲ့အကြောင်း ပြောလိုက်မယ်”

“ဘာဖြစ်လာတာလဲ စံပြ”

မေမေ့အမေးကို စံပြက ခေါင်းခါပြကာ ...

“ဒီကောင် တာရာ ကိုယ်တွေတအားပူနေလို့ အိမ်မှာနားချင်လို့တဲ့”

“ဟယ် ... ဟုတ်လား သား၊ မှန်းစမ်း ... အို တော်တော်ပူနေတာပဲ၊ ဒေါက်တာမြင့်ဝင်းကို ပြီးရင်သွားပင့်လိုက်စံပြ၊ လာ ... မင်းအခန်းက ခုတင်မှာ သူ့ကိုအိပ်နိုင်းထားလိုက်၊ မင်းကတော့ မွေ့ရာအထူအောက်ချပြီး အိပ်လိုက်”

စံပြမေမေက ပြောလည်းပြော၊ စံပြအခန်းထဲက စံပြခုတင်ပေါ်က မွေ့ရာအခင်း၊ ခေါင်းအုံးစွပ်၊ စောင်တွေကို အသစ်တစ်စုံနဲ့ ချက်ချင်းလဲပေး၏။



www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်ချလက်ချနဲ့ မွေးနေတဲ့ခေါင်းအုံးပေါ် ခေါင်းချလိုက်တာနဲ့ ချက်ချင်း အိပ်ပျော်သွားသည်။ အိပ်မက်ထဲမှာ မောင်နဲ့ကျွန်မ လက်ချင်းတွဲလျှောက်လို့ပေါ့။ ပတ်ဝန်းကျင်က သိပ်ကို သာယာနေတယ်။ မွေးပျံ့တဲ့ ပန်းခင်းကြီးတွေ၊ အေးမြတဲ့ စမ်းချောင်းလေးတွေ၊ သာယာတဲ့ ကျေးငှက်တွေ သီကျူးသံနဲ့ ကျွန်မတို့ Heaven (ကောင်းကင်ဘုံ)ပေါ် ရောက်နေတာလား မောင်။ မောင်က ညင်သာစွာ ကျွန်မရဲ့နဖူးလေးကို ငုံ့နမ်းတယ်။

ဖျတ်ခနဲ မျက်လုံးဖွင့်အကြည့် စားပွဲတင်နာရီတစ်ချက်ချက်သံကို ကြားနေရပြီး ခုတင်ဘေးကြမ်းပြင်ပေါ်က မွေ့ရာပေါ်မှာ မောင်က ပက်လက်လှန်ပြီး အိပ်ပျော်နေသည်။ အိပ်ပျော်နေတဲ့ မောင့်မျက်နှာလေးက အပြစ်ကင်းပြီး ချောမောလွန်းနေသည်။

သူ့အဖျားက တော်တော်ကျသွားပြီဖြစ်သည်။ ခေါင်းရင်းက ခုံပုလေးပေါ်မှာ ရေပတ်ဝတ်ဇလုံနှင့် ဆေးထုပ်တွေ တွေ့ရသည်။ ကြည့်ရတာ ဆရာဝန်လာသွားပြီး သူ့ကို ဆေးတွေပေး





သွားပုံရသည်။ ခုတင်ပေါ်ကနေ မောင့်ရဲ့မျက်နှာလေးကို သူ လှမ်းငေးနေသည်။

ကျွန်မဘဝမှာ တစ်ခါဖူးမှ မမက်ခဲ့ဘူးတဲ့ လှပတဲ့ အိပ်မက်တစ်ခုပဲပေါ့ မောင်၊ မောင့်ရဲ့ဂရုစိုက်မှုတွေ ကြင်နာမှုတွေကို တစ်သက်မေ့နိုင်တော့မှာ မဟုတ်ဘူး။ သူ ခုတင်ပေါ်ကနေ ဖွဖွလေးဆင်းလာပြီး စံပြဘေးနားတွင် ထိုင်ချလိုက်သည်။ ပြီးတော့ စံပြမျက်နှာကို တစိမ့်စိမ့် ထိုင်ကြည့်နေလိုက်သည်။

"အင် ... တာရာ၊ မင်း နိုးပြီလား"

စံပြ မျက်လုံးဖျတ်ခနဲ ပွင့်လာပြီး သူ့ကိုတွေ့တော့ အလန့်တကြား ထ,ထိုင်လိုက်သည်။

ပြီးတော့ သူ့နဖူးကို စမ်းကြည့်ပြီး မျက်နှာကဝင်းပသွားသည်။

"မင်း အဖျားကျသွားပြီ တာရာ၊ တော်သေးတာပေါ့၊ ဆရာဝန်လာတုန်းက မင်း အပူကြီးပြီး သတိတောင်လစ်နေတာ၊ ငါ အရမ်းကို စိုးရိမ်သွားတာ၊ စနိုးဆိုတောင်



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်လိုက်သေးတယ်၊ သူလည်း တော်တော်စိတ်ပူသွားတယ်၊ အခုတောင် ပြေးလာချင်တဲ့ပုံ၊ သူ မနက်လာမှာ သေချာတယ်”

ကျွန်မရင်ထဲမှာ အပျော်တွေ ပျောက်ဆုံးသွားသလိုပင်၊ ဘယ်အချိန်အထိ ဒီကျက်သရေတုံးတဲ့မိန်းမနားမှာ နေနေရဦးမှာလဲ။ မောင်နဲ့ကျွန်မတို့ ရင်းနှီးမှုရအောင်လုပ်ပေးတဲ့ ကျေးဇူးရှင်မှန်း သိပေမယ့် ကျွန်မ ဒီထက်ပိုပြီး ဟန်ဆောင်နိုင်ပါဦးမလား။

ကျွန်မဘက်ကအရင် စ,ဖြတ်ရင် မောင် စနိုးဘက်ကနာပြီး ကျွန်မကို မုန်းသွားမှာ စိုးရသေးတယ်လေ။ ရင်ဖွင့်တယ်ဆိုတဲ့ ပုံစံမျိုးနဲ့ မောင့်ရှေ့မှာ သူ ငိုပြမှာကို မလိုလားဘူး။ မောင်က ကြည်နူးတဲ့အကြည့်တွေနဲ့ သူ့ကိုနှစ်သိမ့်မှာကိုလည်း မခံစားနိုင်ဘူး။ ဒီတော့ သူ့ကို ကျွန်မနားမှာပဲ ထားရတော့မှာပေါ့။

“ဘာဖြစ်နေတာလဲ တာရာ၊ ခေါင်းမူးနေသေးလား”

“မဟုတ်ဘူး၊ ကိုယ် ဗိုက်ဆာနေတယ်”





“ဟုတ်တယ် ... ဟုတ်တာပေါ့၊ မင်း ထမင်းစားလို့တောင်မရသေးဘူး၊ ကြာဆံပြုတ်လေး သောက်ပါလား၊ ငါလုပ်ပေးမယ်၊ ပြီးတော့ ဆရာဝန်ပေးတဲ့ဆေးကို မင်းသောက်ရဦးမယ်၊ သွား ... အိပ်ရာပေါ်မှာ သွားလှဲနေ၊ ခဏနေ ငါ ပြန်လာခဲ့မယ်”

စံပြ အခန်းထဲက ထွက်သွားတော့ သူ အိပ်ရာပေါ်မှာ စိတ်ပျက်လက်ပျက် လဲလျောင်းနေသည်။ မောင့်ရဲ့ကြင်နာမှုတွေကြောင့် ကျွန်မ ဝမ်းသာပျော်ရွှင်နေပေမယ့် အနာဂတ်ကိုတွေးမိတိုင်း ရင်မောနေရတယ်။ မောင်က တစ်သက်လုံး ဒီလိုပဲနေသွားမှာမို့လို့လား။

မောင် နောက်ထပ်ရင်ခုန်ရမယ့်မိန်းကလေး တွေ့ရင် ကျွန်မ ဘာမှမလုပ်နိုင်ဘဲ ဒီအတိုင်း ထိုင်ကြည့်နေရမှာလား။ တွေးရင်းနဲ့ မျက်ရည်တွေ စို့လာသည်။ ဘာပဲဖြစ်ဖြစ် မောင်ကျွန်မကတော့ မောင့်ကို ဘယ်သူမှ ကျွန်မရင်ခွင်က ဆွဲမလုနိုင်အောင် နည်းမျိုးစုံနဲ့ ကာကွယ်ရမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



## ၃၅

ဒီနေ့ မဟာသန္တိသုခဘုန်းကြီးကျောင်းမှာ မမလှ နဲ့ ကိုဇော်ဇော်ဦးတို့ရဲ့ မင်္ဂလာဆွမ်းကျွေးရှိသည်။ လူတွေသဘော ကတော့ သိတဲ့အတိုင်း မမလှတို့အကြောင်းကို သေသေချာချာ ဂဃနဏလည်း သိတာမဟုတ်ဘဲ ထင်ကြေးနဲ့ နောက်ကွယ်မှာ





တီးတိုးဝေဖန်တာကတစ်မျိုး၊ ဖိတ်စာထဲမှာ "လက်ဖွဲ့ခြင်းသည်းခံပါ"လို့ ရိုက်ထည့်ထားတော့မှ ပေးချင်လိုက်ရတဲ့ မင်္ဂလာလက်ဖွဲ့။

စံပြထင်က ကော်လာကတုံးအင်္ကျီလက်ရှည် အဖြူလေးနှင့် ခဲသားရောင်ပိုးပုဆိုးလေး ချပ်ချပ်ရပ်ရပ်ဝတ်လို့ ဧည့်သည်တွေ တအားကျလာတဲ့အခါ စားပွဲထိုးဝင်လုပ်နေသည်။ မင်နီရည်ကတော့ သတို့သမီးညီမအဖြစ်နဲ့ အိုက်တင်မလုပ်ရဘဲ တူလေးသန့်သက်ဦးနဲ့ နပန်းလုံးနေရသည်။ တော်သေးသည်။ သူ့မတစ်ယောက်တည်းမဟုတ်၊ သက်သက်ကပါ ဝိုင်းထိန်းပေးလို့။ သူ တောက်တောက် တောက်တောက်နဲ့ လျှောက်သွားသမျှ နောက်က လိုက်ဆွဲနေရသည်။

"မင်နီ ဧည့်သည်တွေလည်း ကျဲသွားပြီ၊ ဒန်ပေါက်လာစားလိုက်ပါလား။ သားလေးကို ငါ ထိန်းထားလိုက်မယ်"

သူက ရိုးသားစွာပြောသော်လည်း လူတွေကြားရင် ဘာလိုလို ထင်ချင်စရာ။

"ရတယ် စံပြ၊ မင်နီ မဆာသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



စံပြထင်က အဝါနုရောင် ပိုးသားဝမ်းဆက်ဝတ်ထားသော မင်းနီ့ကို ငေးခနဲကြည့်နေသည်။

"ဘာကြည့်တာလဲ"

မင်းနီက သူ့အကြည့်ကို သတိပြုမိဟန်ဖြင့် ရန်ထောင်လိုက်သည်။

"လှလို့"

သူက ခပ်တိုးတိုးဖြေသည်။

"ညီလေး ... လာ ဓာတ်ပုံရိုက်ရအောင်လေ"

ကိုဇော်ဇော်ဦးရဲ့မိတ်ဆွေ ဓာတ်ပုံဆရာက သူတို့အနား ရောက်လာသည်။

"သတို့သား၊ သတို့သမီးပဲရိုက်ပါ အစ်ကိုရာ"

"လာစမ်းပါကွာ၊ ညီလေးတို့အတွဲကို အစ်ကို ကင်မရာနဲ့ လှမ်းချိန်ကြည့်နေတာ၊ ကင်မရာထဲမှာ နှစ်ယောက်စလုံး ဓာတ်ပုံစားကြတာပဲ၊ ညီမလေးက သတို့သမီးညီမ မဟုတ်လား၊ အစ်ကို အလှဆုံး ရိုက်ပေးမှာပါ"





"ဟာ ... ကျွန်မတို့က အတွဲမဟုတ်ဘူးရှင့်"

မင်းနီ့မျက်နှာလေး ရဲသွားသည်။

"မင်းနီ ... လာပါ၊ ငါတို့ တစ်ပုံလောက် ရိုက်ရအောင် ဒီအမှတ်တရပေါ့"

"ဟာ ... ဟင့်အင်း"

"လာပါဟာ၊ နင်ကလည်း"

နောက်ဆုံးတော့ စံပြကို အားနာတာနှင့် သူတို့နှစ်ယောက်တွဲရိုက်ဖို့ သဘောတူလိုက်သည်။

"သားသားကိုချိ"

သန့်သက်ဦးက သက်သက်လက်ထဲက ကော့လန်ထိုးနေသည်။ အော်လည်းငိုနေတောမို့ လှမ်းချီလိုက်ရသည်။

"ကောင်းတယ် ... ကောင်းတယ်၊ ပိုပြည့်စုံသွားတာပေါ့"

ဓာတ်ပုံဆရာစကားကြောင့် မင်းနီ့မျက်နှာ စူပုပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး မျက်နှာကို နည်းနည်းပြုံးပြုံးလေးထား၊ ဟုတ်ပြီ ညီလေးက ခေါင်းကို ဒီဘက်နည်းနည်းစောင်းလိုက်၊ ဟုတ်ပြီ ... ဟုတ်ပြီ၊ သားလေးပြုံး ... ပြုံးလိုက်"

ဖျတ်ခနဲ မီးပွင့်သွားပြီး ဓာတ်ပုံဆရာရဲ့ဆန္ဒ ပြည့်ဝသွားသည်။ ဒါတောင် နောက်ထပ်တစ်ပုံ သူကရိုက်ချင်သေးသည်။ သူကမေတ္တာနဲ့ လာရိုက်ပေးတာဖြစ်ပြီး အနောက်မှာ ကူလုပ်ပေးနေသည့်မိတ်ဆွေများ၊ အလုပ်သမားများပါမကျန်အောင် စုံစေ့စွာ မှတ်တမ်းတင် ဓာတ်ပုံရိုက်နေသည်။

နာမည်ကြီးဗီဒီယိုရိုက်ကူးရေးအဖွဲ့ကလည်း မမလွှာတို့၏ မင်္ဂလာဆွမ်းကျွေးကို စနစ်တကျ မှတ်တမ်းတင်နေ၏။

စံပြဆီကို မင်နို့အကြည့်တွေ ခဏခဏရောက်သလို၊ စံပြရဲ့အကြည့်နိုးတွေနဲ့လည်း ခဏခဏဆုံရသည်။ သူ့အကြည့်တွေကို မင်နို မိသွားတိုင်း ရုပ်ကပြုံးဖြဲဖြဲနှင့် မုန်းချင်စရာ။

❦ ✧ ❦





## ၃၆

"ကျွန်မ လုံးဝသည်းမခံနိုင်တော့ဘူး စံပြ၊ သူနဲ့ ကျွန်မ လမ်းခွဲလိုက်တာပဲ ကောင်းမယ်ထင်တယ်"

စနိုးစုအသံက ကွဲအက်နေသည်။ သံပရာရည်ဖန်ခွက်လေးကို သူမ တင်းတင်းဖိကိုင်ထားသည်။ ဒီနေ့ စနိုးက



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတဲ့ကိစ္စ သူနဲ့ဆွေးနွေးစရာရှိသည်ဆို၍ သူ့ရဲ့ IELTS သင်တန်းချိန်တောင် ဖျက်လိုက်ရသည်။

တာရာ့ကို ခေါ်မလာနှင့်ဆို၍ တာရာ့အလစ်မှာထွက်လာရတာဖြစ်သည်။ သူ့ကိုသင်တန်းမှာ မတွေ့လို့ တာရာဖုန်းခေါ်နေတာ အကြိမ်ကြိမ်ရှိပြီ။

ဖုန်းမြည်သံ ဆက်တိုက်ကြားနေရတာမို့ စနီးမျက်နှာမဲ့သွားကာ ...

"ဘယ်သူလဲ ... တာရာပဲ မဟုတ်လား။ ဖုန်းပိတ်လိုက်စမ်းပါဟာ"

စနီးစကားကို နားထောင်၍ သူ ဖုန်းပိတ်ပစ်လိုက်သည်။ နောက်မှ တာရာ့ကို တောင်းပန်လိုက်မည်။

"နင်တို့တွေ ဘာဖြစ်ကြပြန်ပြီလဲ၊ တာရာ ဘာပြဿနာရှာလို့လဲ"

"အေး ... အဲဒီလိုပြောစရာရှိရင် သိပ်ကောင်းမှာပဲ၊ အခုက ပြဿနာကို ပြလို့မရတာ"





"ဘာလဲဟာ၊ ငါ နားလည်အောင် ပြောစမ်းပါ"

"Chinese နဲ့ ကျောင်းပြီးထားသူ တစ်ယောက်က သူ့ချစ်သူတက်နေတဲ့ တရုတ်စာသင်တန်း မတက်ဘဲ သူနဲ့ ဘာမှမဆိုင်တဲ့ IELTS စာမေးပွဲဝင်ဖြေဖို့ ဘာလို့ကြိုးစားနေရတာလဲ၊ သူက အင်္ဂလိပ်စာ ဘယ်လောက်တောင်တော်နေလို့လဲ"

"နင်ကလည်းဟာ ဘာမဟုတ်တဲ့ကိစ္စနဲ့၊ သူ အင်္ဂလိပ်စာ တော်တော် တော်ပါတယ်၊ writing တွေ ရေးခိုင်းရင် ငါ့ထက်တောင် ရေးနိုင်သေးတယ်"

"ပြီးတော့ ကျွန်မကို တစ်မျိုးမထင်နဲ့နော်၊ အခုတလော ကျွန်မတို့ ချိန်းတွေ့တိုင်း ရှင့်ကိုမရမက သူ ဘာလို့အပါခေါ်နေတာလဲ"

စနီးစုရဲ့ပွင့်လင်းသော စကားကြောင့် သူ မျက်နှာပူသွားသည်။

"ဒါတော့ ငါ ဘယ်သိမလဲ၊ နင်မကြိုက်ရင် နောက်တစ်ခါ ငါ မလိုက်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ... မဟုတ်ဘူး၊ ကျွန်မဆိုလိုတာ ဒါမျိုးမဟုတ်ဘူး၊ ရှင့်ဘက်ကနေ ကြည့်ခိုင်းတာ မဟုတ်ဘူး၊ သူ့ဘက်ကနေ ကြည့်ခိုင်းတာ။ ဘာကြောင့်လို့ ထင်လဲ"

"သူ့ကို မေးကြည့်ပေါ့ဟာ"

သူ စိတ်ရှုပ်ဟန်နှင့် ခေါင်းကုတ်လိုက်သည်။

"သူ အရမ်းအေးစက်တယ် စံပြ၊ ကျွန်မဘေးမှာနေပြီး သူ့စိတ်တွေက တခြားတစ်ယောက်ဆီ ရောက်နေသလိုပဲ၊ ဒီတော့ ကျွန်မ ရှင်းရှင်းပဲမေးမယ်၊ ကျွန်မကို ဖုံးမထားပါနဲ့၊ အမှန်အတိုင်း ပြောပြပါ၊ ရှင့်ကို သူက ကျွန်မကိုစိတ်ကုန်နေပြီလို့ ပြောဖူးလားဟင်"

"မပြောပါဘူး၊ သူ နင့်ကို အရမ်းချစ်တယ်ပဲ ပြောတာ"

"အဲဒါ သူညာတာပဲ ဖြစ်မှာပါ၊ IELTS သင်တန်းမှာ သူ စိတ်ဝင်စားတဲ့ ကောင်မလေးတစ်ယောက် ရှိနေပြီထင်တယ်"

"ငါနဲ့ တစ်ချိန်လုံး ရှိနေတာပဲ၊ အေးအေးဆေးဆေးပဲ၊ ကောင်မလေးတွေကသာ သူ့ကိုလာရောကြတာ၊ သူကတော့ ခပ်တည်တည်ပဲ"





စနိုး မျက်မှောင်လေးတစ်ချက် ကုတ်လိုက်သည်။ ပြီးတော့ သူ့ကို အားနာဟန်တစ်ချက်ကြည့်ကာ ...

"ဒါဆိုရင် တစ်ခုပဲ ရှိတော့တယ်၊ ရှင့်အိမ်ကို ကျွန်မ မပါဘဲ သူ ခဏခဏလာတယ်လို့ပြောတယ်၊ ရှင်နဲ့ မင်နီရည်နဲ့ တစ်လမ်းတည်းနေတာ မဟုတ်လား"

"တော်တော့ စနိုးရ၊ နင့်သံသယတွေက သူတစ်ပါးကို ထိခိုက်နေပြီ၊ တာရာက ဒီလိုလူစားမျိုး မဟုတ်ဘူး၊ ပြီးတော့ မင်နီ ... သူ အခုတည်ငြိမ်နေပြီ၊ နင့်အတွေးတွေ သိပ်များလွန်းနေပြီ စနိုး၊ တကယ်ဆို နင် တာရာ့ကို ပွင့်ပွင့်လင်းလင်းမေးပြီး သံသယရှင်းအောင် လုပ်သင့်တာ"

"ဆောရီး စံပြ၊ ကျွန်မ မှားသွားတယ်၊ ဒါပေမဲ့ တစ်ခုတော့ သတိပေးချင်ပါတယ်၊ တာရာ့ကို လျှော့မတွက်ပါနဲ့၊ ပြီးတော့ မင်နီရည့်ကိုလည်း သိပ်အထင်မကြီးထားပါနဲ့၊ ဒါဆို ရှင် ခံစားရသက်သာလိမ့်မယ်၊ ရှင့်ရင်ထဲမှာ မင်နီရည် ရှိသေးရင်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



စနိုးစု စကားက သူ့ကိုတွေဝေစေသည်။ အခုနေ တာရာက မင်နို့ဆီပြန်သွားရင် မင်နို ငြင်းပစ်မှာလား။ မသေချာပါ။ သူ့ရင်ထဲမှာတော့ မင်နို့ကို နောက်တစ်ကြိမ် ဆုံးရှုံးသွားရင် ဆိုတဲ့ အတွေးနဲ့ မွန်းကျပ်နေသည်။





## ၃၇

သရက်ပင်မှာ အုန်းဆံဖတ်နဲ့ချည်ပြီး စိုက်ထားတဲ့ ဖယောင်းပင်က ဖယောင်းပန်းတွေ ဝေနေအောင် ပွင့်နေသည်။ သူက ဖယောင်းပန်းခိုင်လေးတွေခူးပြီး မင်နို့ကိုပေးဖို့ ရည်ရွယ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဖယောင်းပန်းလေးတွေ လှလိုက်တာ"

ခြံတံခါးလာဖွင့်ပေးရင်း သူ့လက်ထဲက ပန်းတွေကိုတွေ့တော့ မင်နိုက ကလေးတစ်ယောက်လို ပျော်နေသည်။

"နှင့်ကို လာပေးတာလေ"

"ကျေးဇူးပဲ"

မင်နိုက သူ့လက်ထဲကနေ ပန်းတွေကို သွက်သွက်လေး လှမ်းယူသည်။

"မင်နို"

မင်နိုကပန်းတွေကြည့်နေရာမှ သူ့ကိုမော့ကြည့်သည်။

"ဘာလဲ ... ဘာပြောမလို့လဲ"

သူက ပြောဖို့ပါးစပ်ပြင်ပြီးမှ စိတ်ထိန်းလိုက်ဟန်နှင့် ...

"ဘာမှမဟုတ်ပါဘူး၊ ငါ သွားတော့မယ်"

မင်နိုက ထွက်သွားတဲ့ စံပြရဲ့ကျောပြင်ကျယ်ကျယ်ကိုကြည့်ရင်း အတွေးများစွာနဲ့ ကျန်ခဲ့သည်။ သူ ဘာလို့ ပြောဖို့





တစ်ခုခုလုပ်ပြီးမှ ပြောမသွားရတာလဲ။ သူများ မင်နို့ကို ...။

မင်နို သူမအတွေးကို သူမ ပြန်ရှက်သွားသည်။

တကယ်လို့များ သူ မင်နို့ကို ချစ်ခွင့်တောင်းခဲ့ရင် အရင်ကလို ခါးခါးသီးသီး ငြင်းနိုင်တဲ့အစွမ်းမျိုး မင်နို့မှာ ရှိသေးရဲ့လားလို့ ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ် ကြည့်နေမိသည်။

ချစ်တယ်ဆိုတဲ့စကားကို ငါ အရမ်းပြောချင်ပါတယ် မင်နို။ ငါ့အကြည့်တွေရဲ့အဓိပ္ပာယ်ကို နှင် နားလည်မယ်လို့လည်း ယုံကြည်ပါတယ်။ နှင် ငြင်းလိုက်မှာကို အရင်တုန်းကလို ငါခံနိုင်ရည်မရှိဘူး။ ဘာလို့လဲဆိုတော့ အရင်ကထက် သိပ်သည်းတဲ့အချစ်တွေနဲ့ နှင့်ကို ငါ ချစ်နေမိလို့ပါ။ ငါ့စကားတစ်ခွန်းကြောင့် နှင့်ဆီက အခုရနေတဲ့ ရှားပါးတဲ့ခင်မင်ခွင့်လေးကို ငါ အဆုံးအရှုံးမခံနိုင်ဘူး။

ငါ့ရင်ထဲမှာ အခုအချိန်အထိ ကို, ရှိနေတုန်းပဲ။ ကို့ကိုပဲ ငါ ချစ်နေတယ်လို့ နှင်ပြောလိုက်မှာ ငါသေအောင်ကြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ မင်နီ"

"ဩော် ... မေမေ့၊ စံပြပါ၊ ပန်းလာပေးတာလေ"

မေမေ့မျက်နှာက တပြုံးပြုံးနှင့် သဘောကျနေဟန်ရှိသည်။

"သမီးတို့နှစ်ယောက် ရီးရောရီးကြသေးရဲ့လား"

"ဟာ ... မေမေကလည်း၊ မင်နီတို့က ရီးရီးသားသားပါ"

အိမ်ထဲကို ကလေးတစ်ယောက်လို ပြေးဝင်သွားသော မင်နီ့မျက်နှာရိပ်ကို အမေလုပ်သူမို့ သူမ ဖတ်နိုင်ခဲ့သည်။ စံပြထင်နဲ့ဆို ဘာမှငြင်းစရာမရှိပါ။





## ၃၈

ဒီနေ့ reading ဆရာက passage တစ်ခုဖတ်နည်း၊ ဖြေနည်းကို ပြောပြ၍ သူတို့ကို မေးခွန်းဟောင်းတစ်ခု ဖြေကြည့်ခိုင်းထားပြီး အပြင်ထွက်သွားသည်။

"ဘယ်သွားမလို့လဲ စံပြ"



www.burmeseclassic.com

www.burmeseclassic.com



"latrine သွားမလို့၊ မင်း လိုက်ဦးမလား"

"မလိုက်တော့ဘူး"

စံပြ သူ့မြင်ကွင်းထဲက ပျောက်သွားတာနှင့် တာရာက စံပြကျောပိုးအိတ်ကို မွှေတော့သည်။ အဓိက သူကြည့်ချင်တာ စံပြရဲ့ဖုန်း၊ စံပြဖုန်းထဲမှာ ဘာတွေရှိမလဲ သူ သိချင်သည်။ ဖုန်းရဲ့ပါဝါကို ဖွင့်ကြည့်လိုက်တော့ screen မှာပေါ်လာတဲ့ပုံက သူ့စိတ်ကို ချောက်ချားသွားစေသည်။

"ဟင်"

မင်းနိုက ကလေးလေးတစ်ယောက်ကို ချီထားပြီး ဘေးမှာ စံပြကပြုံးလို့။

ဒါ ဘာလဲ။ ဘာသဘောလဲ။ memo ကို ဖွင့်ကြည့်လိုက်တော့လည်း မင်းနိုကို သိပ်ချစ်တဲ့အကြောင်းတွေ စံပြ ရေးထားတာ တွေ့လိုက်ရသည်။

နာကျင်မှုကြောင့် သူ့နှလုံးသားတွေ အောင့်တက်လာသည်။





စံပြ ဖုန်းကိုပိတ်ပြီး ကျောပိုးအိတ်ထဲမှာ နေသားတကျ ပြန်ထားလိုက်သည်။ သူတို့တွေက ဒီအခြေအနေအထိတောင် ရောက်နေပြီပဲ။

စံပြက သူ့ကို မင်းနိုနဲ့ပတ်သက်ပြီး ဘာတစ်ခွန်းမှ မပြောခဲ့။

အခုတော့ သူတို့နှစ်ယောက်ရဲ့တိုးတက်မှုကို သူ မျက်ဝါးထင်ထင် တွေ့လိုက်ရပြီပဲ။

တာရာတွေး အံကြိတ်ထားလိုက်သည်။

မင်းနိုရည် ... နင် ဘာကြောင့် မောင့်ကို ဒီလောက် အချိန်ကြာကြာ စိုးမိုးထားတာလဲ။

ခဏနေတော့ စံပြ ပြန်ရောက်လာသည်။

စာထဲမှာ သဲကြီးမဲကြီး အာရုံစိုက်နေတဲ့စတိုင်လ် သူ အပြည့်ဖမ်းထားလိုက်သည်။

"တောက် ... True/False တွေကလည်း ခက်လိုက်တာကွာ၊ ဟုတ်သလိုလို မဟုတ်သလိုလိုနဲ့"



www.burmeseclassic.com

www.burmeseclassic.com



စံပြထင် စာဖြေနေရာမှ နှုတ်ဆိတ်နေသော တာရာ့ကိုကြည့်လိုက်သည်။ ဒီကောင် ဒီနေ့ ဘာလို့ ဒီလောက်တောင် ငြိမ်နေတာလဲမသိ။

"ဟေ့ကောင် တာရာ၊ မင်း ဖြေနိုင်လား"

သူက တာရာ့စာအုပ်ကို ငုံ့အကြည့် တာရာက စာအုပ်ကို ဖျတ်ခနဲ ပိတ်လိုက်တာမို့ သူ အံ့သြသွားသည်။ ဒီကောင် ဘာဖြစ်တာလဲ။

"ခေါင်းနောက်တယ် ကိုယ်ပြန်တော့မယ်၊ ဆရာ့ဆီမှာ သွားပြီး ခွင့်တောင်းလိုက်မယ်"

ကျောပိုးအိတ်ကို ပခုံးတစ်ဖက်မှာလွယ်ပြီး တာရာ ထထွက်သွားသည်။

"ဘာကောင်လဲကွာ၊ ဒါကြောင့် စနိုးနဲ့ ခဏခဏပြဿနာ တက်နေတာဖြစ်မယ်"

စံပြထင်က ခေါင်းခါပြီး ဖြေလက်စ,မေးခွန်းကို ဆက်ဖြေနေသည်။





ပြီးမှ တစ်ခုခုကို သတိရသွားဟန်နှင့် ဘောလ်ပင်ကိုလက်ကချလိုက်သည်။ စနိုး ပြောသလိုများ ဖြစ်နေပြီလား။ သူ့ရင်ထဲ မှုသွားသည်။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၃၉

ယုဇနပလာဇာက step အင်္ကျီအရောင်းဆိုင်တစ်ဆိုင်ရဲ့မျက်နှာစာမှာ ပြထားတဲ့ စုံတွဲတွေဝတ်တဲ့ ဆင်တူရုပ်အကွက်ဆင်လေးကိုတွေ့တော့ စနိုးစု ခြေလှမ်းတွေ ရပ်တန့်သွားသည်။ Valentine Day က နီးပြီမို့ brand ပေါင်းစုံက စုံတွဲအင်္ကျီစတိုင်လ်မျိုးစုံကို အပြိုင်အဆိုင် ရောင်းနေကြ၏။





စနိုးစုက အင်္ကျီအသားကို ကိုင်ကြည့်လိုက်သည်။ အသားလေးက မဆိုးပါ။ ဝတ်လို့အဆင်ပြေမယ့်ပုံ။

"စနိုးစု ... စနိုးစု ... မဟုတ်လားဟင်"

ဘေးနားမှာ လာရပ်ပြီး နှုတ်ဆက်သံကြောင့် စနိုးစု လှည့်ကြည့်လိုက်သည်။

"ဟင် ... ရှင် ရဲနန္ဒ မဟုတ်လား"

ကျောင်းတုန်းက တာရာနဲ့တတွဲတွဲနေတဲ့ ရဲနန္ဒ၊ တာရာပေးနိုင်းတာမှန်သမျှ လာလာပေးတတ်တဲ့ ရဲနန္ဒာကို သူမ မမှတ်မိပဲ ဘယ်ရှိပါ့မလဲ။

"ရှင် မန္တလေးပြောင်းသွားတယ် ကြားတယ်၊ အခု ရန်ကုန်ကို အလည်သက်သက်လား"

"ငါ့အဖေက အခု ရန်ကုန်ပို့စတင်ပြန်ကျတယ်။ ငါ အခု BE တက်နေတာ၊ နင်ရော ဘာလုပ်နေလဲ၊ တာရာနဲ့တွေ့သေးလား"

"ကျွန်မနဲ့ တာရာ UFL က Chinese မေဂျာနဲ့ ကျောင်းပြီးသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... တာရာနဲ့ ငါမတွေ့တာ တော်တော်ကြာသွားပြီ။ ငါ မန္တလေးရောက်တော့ သူ့အိမ်ကို ဖုန်းဆက်ပါတယ်၊ ဒါပေမဲ့ သူ ငါ့ကို အဆက်အသွယ် ဖြတ်ထားတယ်"

"အေးပေါ့ ... ရှင်က အပြစ်လုပ်ထားတာကိုး"

ရဲနန္ဒက စနီးစုကို အံ့သြဟန်တစ်ချက်ကြည့်လိုက်သည်။

"နင် သိတယ်လား"

"သိတာပေါ့၊ အခု ကျွန်မတို့က ချစ်သူတွေလေ၊ ရှင်ပြန်ရောက်နေတာသိရင် သူ ဝမ်းသာမှာ၊ ရှင့်ဖုန်းနံပါတ် ကျွန်မကို ပေးခဲ့လေ၊ ကျွန်မတို့ ဖုန်းနံပါတ်တွေလည်းယူထား ...

အားတဲ့တစ်ရက် ကျွန်မတို့တွေ့ကြတာပေါ့၊ သွားဦးမယ်နော်၊ သင်တန်းချိန် နီးနေလို့"

ဖုန်းနံပါတ် အပြန်အလှန် ပေးပြီးတော့ စနီးစုက နှုတ်ဆက်သည်။





ရဲနန္ဒ ခေါင်းညိတ်ပြလိုက်သည်။ ပြီးမှ သူ့ရင်ထဲ မတင်မကျဖြစ်နေတဲ့ ကိစ္စတစ်ခုကို စနီးစုကို လှမ်းမေးလိုက်သည်။

"ဆယ်တန်းစာမေးပွဲ နောက်ဆုံးနေ့က နင်တို့ တွေ့ဖြစ်ကြလား"

စနီးစုက ရဲနန္ဒဘက် ပြန်လှည့်ကာ ...

"သူမှမသိတဲ့ဟာ ဘယ်လာမှာလဲ၊ ရှင့်စနက်ကြောင့် ကျွန်မ သူ့ကို အချိန်ကြာကြာ အထင်လွဲခဲ့သေးတယ်၊ နောက်မှ သူ မချိန်းခဲ့မှန်း သိတာ၊ ရှင် တော်တော် ဒုက္ခပေးတဲ့လူ"

ရဲနန္ဒ တွေးနေသည်။ အဲဒီနေ့က တာရာ ဘုရားကို ကျိန်းသေပေါက်သွားတာ၊ တောင်ဘက်မုခ်က တန်ဆောင်းမှာစောင့်နေမှာ သူသိသည်။

တာရာကို ကြွေနေတဲ့ စနီးစုကလည်း သွားခဲ့သည်။ ဒါဆို ဘာကြောင့် သူတို့နှစ်ယောက် မတွေ့ကြတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



အဖြေက ရှင်းပါသည်။ သူ့ကိုစောင့်နေတဲ့ တာရာက စန်းစုကိုတွေ့လို့ ထွက်သွားတာဖြစ်မည်။ ဘာပဲဖြစ်ဖြစ် စန်းစုနဲ့တာရာ ချစ်သူတွေဖြစ်သွားတာသိတော့ သူ ဝမ်းသာသည်။ တာရာ့စိတ်တွေ တကယ်ပြောင်းလဲသွားပြီပဲ။

❦ ✧ ❦





## ၄၀

ချောကလက်ဘူးနဲ့ နှင်းဆီတစ်ပွင့်၊ ပြီးတော့ နမ်းနေကြသည့် အရုပ်အတွဲလေးပါတဲ့ ရောင်စုံမီးလင်းနေတဲ့ ဖန်လုံးလေးတစ်လုံး။ ဒါတွေအားလုံးကို သူကိုယ်တိုင်လုပ်ထားတဲ့ ကတ်ထူပုံးငယ်ထဲထည့်ပြီး အပေါ်က အသည်းပုံစတစ်ကာလေးတွေ လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကပ်လိုက်သည်။ ပြီးတော့ ပုံးလေးကို ဖဲကြိုးပန်းရောင်စ,နဲ့ လေး ခေါက်ချည်ပြီး ကတ်လေးတစ်ခုကို ကြားထဲမှာ ထည့်ထားလိုက်သည်။

"မောင်လေး ... ခဏ ခဏ"

ဆယ်နှစ်သားသာသာ ကလေးတစ်ယောက် သူ့ကို တက္ကစီနားက ဖြတ်အလျှောက် သူ လှမ်းခေါ်လိုက်ကာ ...

"အိမ်နံပါတ်(၄၅)က စံပြထင်ကို သိလား"

"သိတယ် အစ်မ၊ ဘာဖြစ်လို့လဲ"

ထိုကောင်လေးရဲ့စူးစမ်းအကြည့်ကို သူ မျက်နှာလွှဲလိုက်ကာ ပိုက်ဆံအိတ်ထဲက တစ်တောင်တန်တစ်ရွက်ကို ထုတ်လိုက်သည်။

"အစ်မကို ဒီပုံးလေးသွားပို့ပေးပါ၊ ဒါ မင်းအတွက်မုန့်ဖိုး၊ ပို့ဖြစ်အောင် ပို့ပေးပါနော်"

ကောင်လေးမျက်နှာက ဝင်းလက်သွားပြီး ပိုက်ဆံရော ပုံးပါလှမ်းယူရင်း ...





"စိတ်ချပါဗျ၊ ကျွန်တော်က ဒါမျိုးဝါသနာပါတယ်"

တက္ကစီကားလေး ထွက်သွားတော့ ကောင်လေးက လာရာလမ်းကို ပြန်လှည့်လို့ အိမ်နံပါတ်(၄၅)ဆီ ဦးတည်လျှောက်သွားသည်။

"အစ်ကို ... အစ်ကို"

စံပြထင် ဖုန်းခေါ်နေရာမှ ခြံဝက ကောင်လေးဆီ အကြည့်ရောက်သွားသည်။

"အစ်ကို့ကို အစ်မကြီးတစ်ယောက်က ပေးခိုင်းတာ"

သူက ကောင်လေးလက်ထဲမှဘူးကို လှမ်းယူပြီး ပန်းနုရောင်ဖဲကြိုးစကြားထဲကကတ်ကို ထုတ်ကြည့်လိုက်သည်။

"I will never forget you, and
I am always with you forver.
Happy Valentine Day !
Heaven"

"ဟင် ... သူ၊ ညီလေး ... ညီလေး"



www.burmeseclassic.com

www.burmeseclassic.com



ခြံအပြင်ရောက်သွားတဲ့ ကောင်လေးကို လှမ်းအော်ခေါ်လိုက်သည်။

"ဘာလဲ အစ်ကို"

"သူ့ကို ညီလေးတွေ့လိုက်တယ် မဟုတ်လား၊ ဘယ်လိုပုံစံမျိုးလဲ အစ်ကို့ကို ပြောပြပါလား"

"အဲဒီအစ်မလား၊ တအားချောတယ်၊ ဆံပင်အရှည်ကြီးပဲ၊ ဒီလမ်းထဲက ဟိုအစ်မတစ်ယောက်ဆံပင်လောက်ရှိတယ်၊ ပန်းနုရောင်ဂါဝန်လေး ဝတ်ထားတယ်၊ တက္ကစီနဲ့လာတာ၊ ကျွန်တော်နဲ့ လမ်းထိပ်မှာတွေ့တာလေ"

ကောင်လေး ထွက်သွားတော့ သူ့စိတ်တွေ ရှုပ်ထွေးကျန်ခဲ့သည်။ ကျောင်းက မိန်းကလေးတွေအားလုံး စိတ်ထဲပြန်ဖော်မိသည်။ မင်းနဲ့ တစ်ယောက်တည်း ဒီလောက် ဆံပင်ရှည်တာလေ။ တခြားဆံပင်ရှည်တဲ့ ကောင်မလေးတွေ ရှိပေမယ့် တအားချောတာမျိုး ရှိမှမရှိဘဲ။ ရှိရင် သူ သတိထားမိရမှာပေါ့။

သူ့အတွေးကို တာရာ့ဆီက ဖုန်းခေါ်သံက ဖျက်ဆီးပစ်လိုက်သည်။





"ဟယ်လို ... စံပြ၊ မင်း စောစောက ကိုယ့်ကိုဖုန်းခေါ်ထားလို့"

"ဟုတ်တယ် တာရာ၊ စနိုး ညက ငါ့ဆီဖုန်းဆက်တယ်။ ဒီညနေ ငါတို့သုံးယောက်တွေ့ကြမယ်လို့"

"အေးလေ ... အဲဒါ ဘာဖြစ်လို့လဲ"

"ငါ မလာတော့ဘူးကွာ"

တာရာ့အသံ ခေတ္တတိတ်သွားရာမှ ...

"ဘာကြောင့်လဲ စံပြ"

"ဒီလိုနေ့မျိုးမှာ ကိုယ့်အတွဲလေးနဲ့ကိုယ်ပဲ ရှိနေရမှာမဟုတ်လား။ ငါတို့ ဘယ်လောက်ခင်ခင် နေရာတကာတော့ လိုက်လို့မကောင်းဘူး ထင်တယ်"

"မင်း မှားနေပြီ စံပြ၊ ဒီတစ်ခါတော့ ကိုယ်ကခေါ်တာ မဟုတ်ဘူး၊ သူ ကိုယ့်ကို မင်းကိုခေါ်မယ်လို့ ပြောတာ၊ ပြီးတော့ နောက်တစ်ယောက်ကိုလည်း ခေါ်ထားသေးတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ယောက် ... ဟုတ်လား၊ ဘယ်သူတဲ့လဲ"

"ကိုယ်လည်း ဘယ်သိပါ့မလဲ"

"Heaven များလား"

စံပြထင်က အတွေးထဲပေါ်လာတာ ပြောလိုက်သည်။

"Heaven ဟုတ်လား၊ ဘာကြောင့် အဲဒီလို မင်းထင်တာလဲ"

"အခုပဲ သူ ငါ့ကို valentine present ပေးထားတယ်"

"Congratulations ကွာ"

စံပြ ဖုန်းချသွားတော့ တာရာတွေး နှစ်နှစ်ခြိုက်ခြိုက် ပြုံးနေမိသည်။ အရှုံးလုပ်တာတော့ မဟုတ်ပါဘူး မောင်၊ မင်နိုရည် ဆိရောက်နေတဲ့ မောင့်စိတ်ကို လမ်းကြောင်းပြောင်းပေးဖို့ စဉ်းစား နေတာပါ။ ဒါက ပထမအဆင့်ပေါ့၊ ဒုတိယအဆင့်အတွက်တော့ ကြိုပြီးစဉ်းစားထားတာ မရှိသေးပါဘူး။ ဒါပေမဲ့ အရမ်းပြင်းထန် မှာတော့ သေချာတယ်။ အဲဒီအဆင့်ကို ကျွန်မ လှမ်းဖြစ်အောင် လှမ်းမှာပါ မောင်၊ မောင် မလိမ္မာခဲ့ရင်ပေါ့။

❦ ✧ ❦





## ၄၁

ရှစ်မိုင် မြို့ငြိမ်ပန်းခြံထဲက ရွှေဘဲမှာဆုံဖို့ သူတို့ ချိန်းထားကြသည်။ ထုံးစံအတိုင်း တာရာက သူ့ကို ဝင်ခေါ်သည်။

"စနိုး ဖုန်းဆက်တယ်၊ သူ ရောက်နေပြီတဲ့"

တာရာက သူ့ကို သတင်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာမှလဲ မပါပါလား၊ စနိုးကို ဘာလက်ဆောင်မှ မပေးဘူးလား"

"သူက ချောကလက်မကြိုက်ဘူး၊ နှင်းဆီပန်းကို မချစ်ဘူး၊ ကိုယ် သူ့ကို ဘာပေးရမလဲ"

"ဒါတွေပေးမှ မဟုတ်ပါဘူးကွာ၊ သူကြိုက်တာ တစ်ခုခု လက်ဆောင်ပေးပေါ့"

"ရွှီး"

ခနဲ တာရာက ထ,ရယ်တာမို့ ကားမောင်းနေသော တာရာ့ကို သူ လှည့်ကြည့်သည်။

"သူကြိုက်တာ ကိုယ့်အနမ်းတွေပဲ၊ ဘာမှထုပ်ပိုးစရာမလိုဘူး၊ လတ်လတ်ဆတ်ဆတ် အနမ်းတွေ ကိုယ်သယ်လာတယ်"

တာရာက သူ့နှုတ်ခမ်းကို လက်ချောင်းလေးနဲ့တို့ပြတာမို့ သူ စိတ်ပျက်ဟန် ခေါင်းခါလိုက်သည်။

"မင်းကိုတော့ ငါ လိုက်မမီဘူး"





သူတို့နှစ်ယောက် ဆိုင်ထဲကို မျက်လုံးလှမ်းကစားလိုက်သည်။

စနိုးနဲ့ သူတို့ကို ကျောပေးအနေအထားနဲ့ ထိုင်နေတဲ့ လူတစ်ယောက်။

"သူတို့ ဟိုမှာ"

တာရာက သူ့ပခုံးကိုဖက်ရင်း သူတို့နှစ်ယောက် စားပွဲဆီ လျှောက်လာကြသည်။

"တာရာ လာပြီ"

စနိုးအသံကြောင့် ရဲနန္ဒ လှည့်ကြည့်လိုက်သည်။

ရဲနန္ဒကိုတွေ့တော့ တာရာ့မျက်နှာ ရုတ်ခြည်းဖြူရော်သွားကာ စံပြပခုံးပေါ်တင်ထားသောလက်ကို ဖြုတ်ချလိုက်သည်။ စနိုးနဲ့ ဒီကောင် ဘယ်တုန်းက တွေ့သွားကြတာလဲ။ စနိုးက ဘာကြောင့် သူ့ကို မပြောပြရတာလဲ။ သူမ တစ်ခုခုများ သိသွားလို့လား။

"ထိုင်လေ တာရာ၊ ဘာရပ်လုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



စနီးစကားအဆုံး သူ စိတ်မပါတပါနှင့် စနီးဘေးမှာ ဝင်ထိုင်လိုက်သည်။

"အံ့သြသွားတယ် မဟုတ်လား တာရာ၊ ဒီနေ့ တာရာ့ကို အံ့သြအောင်လုပ်ဖို့ စီစဉ်ထားတာ၊ ချစ်သူများနေ့မှာ ကိုယ်ချစ်တဲ့ ခင်တဲ့သူတွေနဲ့ ဆုံစည်းစေချင်လို့ပါ"

"ရဲ ... မင်း နေကောင်းတယ်နော်"

တာရာ့အသံက ခြောက်ကပ်ကပ် နိုင်လွန်းသည်။

"နေကောင်းပါတယ် တာရာ၊ ငါတို့ပြန်တွေ့ရတာကို ဝမ်းသာပါတယ်"

"ရဲနန္ဒ ... ဒါ ကျွန်မတို့ရဲ့သူငယ်ချင်း စံပြထင်တဲ့၊ စံပြ ဒါ အထက်တန်းတုန်းက တာရာ့ရဲ့အခင်ဆုံးသူငယ်ချင်း ရဲနန္ဒ"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

သူတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ပြုံးပြီး နှုတ်ဆက်ကြသည်။ စနီးစုက ဘဲကင်တစ်ကောင်နှင့် ဆယ့်နှစ်မျိုး





ဟင်းချိုမှာသည်။ ပြီးတော့ သောက်စရာ အအေးနှင့် ရေသန့်ဘူး စုံနေအောင်မှာသည်။

"ရော့ ... တာရာ၊ ဒါ ကျွန်မရဲ့ ရှင့်အတွက် valentine day လက်ဆောင်"

စနီးစုက လှပသေသပ်စွာ ထုပ်ပိုးထားသော ပါကင်ဘူးလေး လှမ်းပေးသည်။ တာရာက ပြုံးပြီးယူသည်။ သို့သော် ထိုအပြုံးက လုပ်ပြုံးနဲ့တူသည်ဟု ရဲနန္ဒ ကောက်ချက်ချမိသည်။

"မင်း ပိုချောလာတယ် တာရာ"

တာရာ ပြုံးသည်။ သို့သော် ထိုအပြုံးကလည်း မဲ့ပြုံးလိုလို။

"ကျောင်းမှာ သူက King ပဲလေ ရဲနန္ဒရဲ့"

"မင်း ဘာလို့ ရည်းစားခေါ်မလာတာလဲ ရဲ"

ဘဲကင်တစ်တုံးကိုဖဲ့ရင်း တာရာက မေးသည်။

"ငါက မင်းလိုမှ မစွံတာ တာရာ၊ အခုအချိန်အထိ တစ်ယောက်တည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရဲနန္ဒ စကားက သူ့ကို တမင်ရွဲ့နေသလိုပင်။

"စံပြ ... ရှင်ရော ဒီနှစ် valentine လည်း အတွဲမရှိပြန်ဘူးလား"

စနိုးက စံပြထင်ကို လှမ်းစ,လိုက်သည်။

"ငါတို့ရှေ့လထဲမှာ စေ့စပ်တော့မှာ"

"ဘာ"

တာရာ့လက်ထဲက ဘဲသားတုံး လွှတ်ကျသွားသည်။ တာရာရဲ့မျက်နှာရိပ်မျက်နှာကဲကို စောင့်ကြည့်နေတဲ့ ရဲနန္ဒ အခြေအနေကို ကောင်းကောင်းသဘောပေါက်သွားသည်၊ တာရာ စနိုးစုကို အယောင်ပြ၍ သူတို့သူငယ်ချင်းဆိုတဲ့ စံပြထင်ဆီ စိတ်ရောက်နေတာပဲ။

"ဟယ် ... တကယ် စံပြ၊ ဘယ်သူနဲ့လဲ၊ ရှင် ဘာလို့လျှို့ဝှက်ထားတာလဲ"

စနိုးကတော့ အုံ့သြဝမ်းသာဟန်အပြည့်နှင့် ...

"မိဘချင်း သဘောတူကြတာပါ၊ ငါ နိုင်ငံခြားသွားပြီး ပြန်လာမှ လက်ထပ်ကြမှာ၊ မင်နိရည်နဲ့"





စံပြထင်က တာရာ့ကို အကဲခတ်ဟန် ငဲ့ကြည့်လိုက်သည်။

"မင်း ရက်စက်တယ် စံပြ၊ မင်း သိပ်ရက်စက်တယ်"

တာရာက ဝုန်းခနဲထ,ပြီး စံပြထင်ကို အက်ကွဲကွဲအသံနှင့်အော်သည်။

သူ့မျက်နှာက နီမြန်းနေပြီး သူ့ပါးပြင်ပေါ်မှာ မျက်ရည်တွေက စီးကျလို့၊ အောက်နှုတ်ခမ်းကို ပြတ်ထွက်လုမတတ် ကိုက်ထားသည်။

"တာရာ လူတွေကြည့်နေကြတယ်၊ ရှင် မရှက်ဘူးလား၊ ပြန်ထိုင်စမ်း"

စနိုးစုက တာရာ့အပြုအမူကြောင့် ရှက်ကလည်းရှက်၊ ဒေါသကလည်း ထွက်လာသည်။

တာရာက သူမကို တစ်ချက်လေးတောင် လှည့်မကြည့်ဘဲ ဆိုင်ထဲက ပြေးထွက်သွားသည်။

"ဟော့ကောင် တာရာ ... တာရာ"



www.burmeseclassic.com

www.burmeseclassic.com



စံပြထင်က တာရာ့နောက် ပြေးလိုက်သွားသည်။ စားပွဲမှာကျန်ခဲ့တာ ရဲနန္ဒနဲ့ စနိုးစု နှစ်ယောက်တည်း။

"ဘာတွေဖြစ်ကြတာလဲ စနိုးစု"

ရဲနန္ဒ အမေးကို စနိုးစု တစ်လုံးချင်း ပြန်ဖြေသည်။

"စံပြနဲ့ စေ့စပ်မယ့် မင်းနိုရည်ဆိုတာ တာရာ့အရင်ရည်းစားလေ။ ဒီမိန်းမ အခုအချိန်အထိ သူ့စိတ်ထဲမှာ ရှိသေးတုန်းလို့ ထင်တော့ထင်သားပဲ၊ ကျွန်မဘဝမှာ တာရာ ဒီလောက် ခံစားချက်ပြင်းထန်သွားတာ မြင်ဖူးတာ ဒါ ပထမဆုံးပဲ၊ ဒါပေမဲ့ တခြားမိန်းမတစ်ယောက်အတွက်နဲ့ သူ ဒီလိုဖြစ်ပျက်နေတာတွေ့လို့ တကယ် ကြေကွဲရတယ်"

စနိုးစု ရဲနန္ဒရှေ့တွင် မျက်ရည်မကျရအောင် ကြိုးစားနေသည်။

"ကိစ္စတစ်ခုကို နင့်ကို ငါပြောပြချင်တယ် စနိုးစု၊ ပြီးတော့ နင့်ဘာသာနင် အဖြေရှာကြည့်ပေါ့။ တကယ်လို့သာ ဒီနေ့မှာ ဒီလိုကိစ္စမျိုးမရှိခဲ့ဘူးဆိုရင် ငါလည်းပြောပြဖို့ ဆန္ဒမရှိပါဘူး"





"ဘာကိုလဲ ရဲနန္ဒ"

"တကယ်တော့ နင့်ကို တာရာ ဘာမှမပေးခဲ့ပါဘူး။ နှင်းဆီပန်းလည်း မပေးခဲ့ဘူး၊ စာတွေလည်း မပေးခဲ့ဘူး"

"ဟင် ... ဒါဆို ရှင် ဘာလို့ ကျွန်မကို ..."

ရဲနန္ဒက သက်ပြင်းရှည်တစ်ခုကိုချပြီး ငယ်ငယ်က အဖြစ်အပျက်တွေကို စီကာစဉ်ကာ ပြောပြနေသည်။

စနိုးစု မျက်နှာက ရဲနန္ဒစကားတွေကြားမှာ အရောင်အမျိုးမျိုး အသွင်ပြောင်းနေသည်။ ပြီးတော့ တာရာရဲ့လုပ်ရပ်တွေနဲ့ ပြန်ချိန်ကိုက်နေမိသည်။ ရဲနန္ဒ စကားတွေက အမှန်ပဲဆိုတာ သူမ အကြွင်းမဲ့ ယုံကြည်မိသည်။

နားရင်းပါးရင်းတွေ ထူပူလာသည်အထိ စနိုး ရှက်မိသည်။ မိန်းမလျာတစ်ယောက်ရဲ့ လှုလှုပပ လှည့်စားတာကိုခံလိုက်ရလို့ပေါ့။ သူ့ရင်ခွင်ထဲမှာ စနိုးရှိနေချိန်တွေမှာ သူ စိတ်ထဲကနေ စနိုးကို ဘယ်လောက်တောင် လှောင်ပြောင်ရယ်မောနေလိုက်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ စနိုးကို အလိုလိုက်ခဲ့တာ၊ သည်းခံခဲ့တာ အားလုံးဟာ တကယ်တမ်း စံပြကြောင့်ပေါ့။ စံပြ သူ့ကို သံသယမဝင်အောင်၊ စံပြဘေးမှာ သူ အနှောင့်အယှက် ကင်းကင်းနဲ့ ကြာကြာနေနိုင်အောင် စနိုးကို အသုံးချခဲ့တာပေါ့။ Heaven ဆိုတဲ့ နာမည်နဲ့ စံပြဆီကို စာရေးခဲ့တာလည်း သူပဲဖြစ်မှာပါ။

"ငါ စိတ်မကောင်းပါဘူး စနိုးရ"

"ရပါတယ်၊ အ,လို့ အလိမ်ခံလိုက်ရတာပဲ"

ကျလာတဲ့မျက်ရည်တွေကို စနိုးစ တစ်ရှူးစနှင့် သုတ်လိုက်သည်။

"သူ့စိတ်တွေ အရမ်းပြင်းထန်နေတယ် စနိုးစ၊ သူ တစ်ခုခု လုပ်လိမ့်မယ်၊ ငါ ပြောရဲတယ်"

စနိုးစ ခေါင်းခါယမ်းသွားသည်။ သူ့ကိုနောက်ထပ် အခွင့်အရေး မပေးတော့ပါဘူး။ အခု သူ့ပစ်မှတ်က ဘယ်သူလဲ စနိုး သိသွားပြီပဲ။

❦ ✧ ❦





# ၄၂

ရေချိုးခန်းတံခါးကိုပိတ်ပြီး နံရံကပ်ကြွေပြားကိုမှီလျက် သူ ရှောချထိုင်လိုက်သည်။ ပြီးတော့ ဒူးနှစ်ဖက်ပေါ်မှာ မျက်နှာအပ်ပြီး ရှိုက်ကြီးတငင်ငင် ငိုချလိုက်သည်။ မောင့်ကိုဆုံးရှုံးရတော့မည်ဆိုတဲ့ အသိက သူ့ရင်ကို ဓားထက်ထက်နှင့် မွှန်းနေသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းပဲထိုင်ပြီး အရှုံးပေးတော့မှာလား။ အရင်က ကြိုးစားထားခဲ့တာတွေ အလကား အဖြစ်ခံတော့မလို့လား။ သူ့မသိစိတ်က သူ့ကို မခံချင်အောင် လှုံ့ဆော်ပေးနေသည်။ သူ ခေါင်းပြန်မော့၍ မျက်ရည်သုတ်လိုက်သည်။ မင်းနိုရည် ဆိုတဲ့မိန်းမကို ဘာကြောင့် သူ အရှုံးပေးရမှာလဲ။

ရေချိုးခန်းတံခါးကိုဖွင့်ပြီး သူ့အခန်းထဲ ပြန်ဝင်လာသည်။ ဗီရိုထဲမှာ ထည့်သိမ်းထားသော ဆံပင်တုအရှည်ကိုယူပြီး မှန်ရှေ့ရပ်ကာ သူ့ခေါင်းမှာ စွပ်ချလိုက်သည်။ မှန်ထဲမှာ နီရဲစိုစွတ်နေတဲ့ မျက်ဝန်းတွေနဲ့ ကောင်မလေးတစ်ယောက်။

"ကျွန်မက Heaven ပါ မောင်၊ Heaven ပါ၊ မောင့်ဆီစာရေးနေတဲ့ Heaven လေ။ ကျွန်မ မလှဘူးလား မောင်၊ မင်းနိုရည်ထက် ကျွန်မ ပိုလှပါတယ်မောင်၊ ကျွန်မကို အခွင့်အရေးပေးပါ၊ မောင် ဒီအတိုင်းထွက်မသွားပါနဲ့၊ တောင်းပန်ပါတယ်"

မှန်ထဲမှ ချစ်စရာကောင်မလေးက သနားစဖွယ် မြည်ကြွေးနေသည်။





"မင်းနိုရည် ... နင့်ကို ငါမုန်းတယ်၊ သိပ်မုန်းတယ်၊ ဒီလောကမှာ ငါရှိနေသရွေ့ နင် ဘယ်တော့မှ မောင့်အနားမှာ မနေစေရဘူး၊ ငါတို့နှစ်ယောက်တည်းက တစ်ယောက်ပဲ မောင့်နားမှာ ရှိရမယ်၊ အဲဒီမိန်းမကလည်း ငါပဲဖြစ်ရမယ်၊ နင် မြဲမြဲမှတ်ထားလိုက်"

ခက်ထန်မာကျောသော မျက်နှာထား ပြောင်းသွားသော ကောင်မလေး၏နှုတ်မှ ကြမ်းတမ်းသောစကားတွေ ထွက်ကျလာသည်။ ပြီးမှ သူ့စကားကို ကျေနပ်သွားဟန်နှင့် တဟားဟား အော်ရယ်နေသည်။ အငိုမတိတ်သေးသော မျက်ဝန်းတို့နှင့်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



❋ ၄၃ ❋

ရှေ့မှာထိုင်နေသော ကြက်ဆံမြီးတစ်ချောင်းတည်းကျစ်ထားကာ သိပ်မလှသော်လည်း ယဉ်စနှင့် ချစ်စရာကောင်းသော မင်းနိုရည်ကို စနီး စူးစူးလေး ကြည့်နေသည်။ သူမသည်လည်း တာရာ့ရဲ့အသုံးချခံ မိန်းကလေးဖြစ်မှန်း မသိဖြစ်ခဲ့ဖူးတာ





ပဲ။ နောက်တစ်ခါ အသုံးချမခံရဖို့ မိန်းမချင်းဖြစ်တဲ့ စနီးမှာ တာဝန်အပြည့်ရှိသည်လေ။

"ငါ့ကို ဘာပြောချင်တာလဲ စနီးစု"

စနီးစုက သူမကို အရေးတကြီး ပြောစရာရှိသည်ဟု ချိန်း၍သာ လာရသည်။

တကယ်ဆို သေချာတွေးကြည့်ရင် သူမနဲ့ စနီးစု ပတ်သက်စရာ ဘာအကြောင်းမှမရှိပါ။ ဒါပေမဲ့ စနီးစုနဲ့ စံပြနဲ့က အခုထက်ထိ တတွဲတွဲရှိနေကြသေးတာဆိုတော့ မကောင်းတတ်၍ လက်ခံလိုက်ရခြင်းပင်။

"ရှင်နဲ့စံပြ ခေ့စပ်တော့မယ် ကြားတယ်"

"ဟုတ်တယ်၊ ရှေ့လထဲလောက် ဖြစ်မယ်၊ ဘာပြဿနာရှိလို့လဲ"

မင်းနိုရည်က ခပ်ပြတ်ပြတ် ပြန်မေးသည်။

"သိပ်မကြာခင်မှာ တာရာ ရှင့်ဆီရောက်လာလိမ့်မယ်၊ ရှင် သူ့ကိုလက်ခံပြီးတော့ စကားမပြောပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲ၊ ဘာကြောင့် ဒီစကားတွေ ငါ့ကို လာပြောနေရတာလဲ"

"အထင်မလွဲပါနဲ့ မင်းနိုရည်၊ ရှင့်အတွက် အန္တရာယ်ရှိနိုင်တာမို့ ကျွန်မ စေတနာထားပြီး လာပြောတာ"

"စိတ်ချပါ၊ အရင်က သူ့ကိုသိပ်ချစ်ခဲ့ပေမယ့် အခုအချိန်မှာ ငါ့ရင်ထဲမှာရော အတွေးထဲမှာပါ သူ မရှိတော့ပါဘူး၊ ငါ စံပြကိုချစ်တယ်၊ စံပြနဲ့ပဲ လက်ထပ်မှာ၊ တာရာ ငါ့ဆီလာမယ်လို့ နင် ဘာကြောင့် ပြောနိုင်တာလဲတော့ မသိဘူး စန်းစု၊ သူလာရင် ငါ လက်ခံစကားပြောမှာပါ၊ အခု နင့်ကိုပြောတဲ့စကားတွေလေ"

"မင်းနိုရည် ကျွန်မပြောတာ နားထောင်ပါဦး"

"တော်တော့ စန်းစု၊ နင့်ရဲ့အရေးမရ အဖတ်မရစကားတွေကို နားထောင်ဖို့ ငါ့မှာအချိန်မရှိဘူး၊ သူ ငါ့ဆီမလာစေချင်ရင် နင် ရအောင်တားထားလိုက်"





ဆောင့်ဆောင့်အောင့်အောင့်နဲ့ ထွက်သွားတဲ့ မင်းနိုရည်ကို စန်း တားလို့မရမှန်း နားလည်လိုက်သည်။ စန်း လုပ်စရာတစ်ခုပဲ ရှိတော့သည်။ ဒါက စံပြကို အခြေအနေ အကျိုးအကြောင်းပြောပြပြီး မင်းနိုရည်ကို စောင့်ကြည့်ဖို့ပေါ့။

"စံပြလား ... ကျွန်မပါ"

"အေး ... စန်း၊ အခုလေးတင်ပဲ တာရာ ငါ့ကိုဖုန်းဆက်တယ်၊ ပြီးခဲ့တဲ့ကိစ္စအတွက် တောင်းပန်ပါတယ်၊ သူ့ကိုခွင့်လွှတ်ပါတဲ့၊ သူ ရုတ်တရက်မို့ စိတ်မထိန်းနိုင်တာပါတဲ့၊ သူက ငါ့အတွက် အမြဲ သူငယ်ချင်းကောင်းပါပဲတဲ့"

"ဒါနဲ့ ရှင် ကျေနပ်လိုက်ရောလား စံပြ"

"အင်း ... ဒါမျိုးက ဖြစ်တတ်ပါတယ်၊ သူလည်း မင်းနို့အပေါ်မှာ သံယောဇဉ်ရှိခဲ့တာပဲ၊ နင့်ကိုတော့ သူ ဖုန်းမဆက်ရဲဘူးတဲ့"

"ဩော ... ကျွန်မကို သူက တော်တော်ကြောက်တယ်လား"

စန်းစုက ငေါ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကို ဘာပြောမလို့လဲ စနိုး"

"မင်နီရည့်ကို မျက်စိအောက်က အပျောက်မခံပါနဲ့၊ ကျွန်မ ဒါပဲပြောချင်တယ်"

မယုံကြမယ့်အတူတူ မပြောတော့တာပဲ ကောင်းသည်။

"ဘာဖြစ်လို့လဲ"

"အနှောင့်အယှက် ရှိနေလို့"

"ဘာလဲ၊ နင် ငါတို့အတွက် ဗေဒင်တွက်လာတာလား"

"ဟုတ်တယ်၊ သွေးထွက်အောင်မှန်တဲ့ ဗေဒင်တွက်လာတာ၊ မင်နီရည် ဘယ်သွားတယ်၊ ဘယ်လာတယ်ဆိုတာ ရှင် အမြဲသိအောင် လုပ်ထားပါ၊ နောက်မှ နောင်တမရနဲ့"

စနိုးစု စိတ်တိုတိုနှင့် ဖုန်းချလိုက်သည်။ တာရာထွေး ပစ်မှတ်က မင်နီရည် ဆိုတာ ဘယ်လိုသက်သေပြရမှာလဲ။ စနိုးစု ရင်တွေမောလာသည်။ ဒီလောက်နဲ့ပဲ တာရာ လက်လျှော့သွားပါစေလို့ ကျိတ်ပြီးဆုတောင်းနေမိသည်။





၄၄

ဒီနေ့ အိမ်မှာ မမလွှာတို့မိသားစု အလည်လာ၍ အားလုံး ပျော်နေကြသည်။ မမလွှာတို့က ယောက္ခထီးရဲ့အသစ် ဝယ်ထားတဲ့အိမ်မှာ နေကြတာဖြစ်ပြီး မင်နီတို့ အိမ်ကိုတစ်ပတ် ခြားတစ်ခါလောက် ပုံမှန်လာလည်နေကြ။ လာလည်တိုင်းလည်း အိမ်မှာ တစ်ခုမဟုတ်တစ်ခု လုပ်စားနေကြ။



www.burmeseclassic.com

www.burmeseclassic.com



"စံပြ မလာသေးပါလား"

မမလွှာက အိုးထဲက ကျက်ကာစ ဝက်အူပွပွနွေးနွေးကို ဓားနဲ့ပါးပါးလှီးရင်းက အိမ်ရှေ့ကို လှမ်းမျှော်နေသည်။

"လာမှာပေါ့ မမလွှာရဲ့၊ သူလား ဝက်သားတုတ်ထိုး လုပ်စားမယ် ပြောကတည်းက သွားရည်ကျနေတာ၊ မလာရင် ဇက်တောင် အဖြတ်ခံလိုက်ဦးမယ်"

"ဟိုမှာ မင်းနီ့တူ သူ့အဘိုးအဘွားတွေ ချွဲနေတာတွေ့လား"

"မမလွှာသားက လူလည်လေး၊ တွေ့သမျှလူကို လိုက်ချွဲနေတဲ့ ငချွဲကောင်"

မင်းနီက တူတော်မောင်ကို လှမ်းကြည့်ရင်း သဘောကျနေသည်။

"မင်းနီရေ ... ဖုန်းမြည်သံကြားတယ်"

မင်းနီက အချဉ်ရည်စပ်နေရာမှ အိပ်ခန်းထဲသို့ ပြေးသွားသည်။

ကြည့်လိုက်တော့ မင်းနီမသိတဲ့ ဖုန်းနံပါတ်တစ်ခု။





"ဟယ်လို"

"ဟယ်လို ... မင်းနီရည်နဲ့ ပြောချင်လို့ပါ"

"ဟုတ်ကဲ့ ... ပြောနေပါတယ်"

"ကို့အသံကို မမှတ်မိတော့ဘူးလား မင်းနီ"

မင်းနီ့ကိုယ်လေး တောင့်တင်းသွားသလိုပင်။

"ဖုန်းမချလိုက်ပါနဲ့နော်၊ ကို ပြောစရာရှိလို့ပါ"

"ဖုန်းမချပါဘူး စိတ်ချပါ၊ တာရာ ဘာပြောချင်တာလဲ၊ နားထောင်နေပါတယ်"

"စံပြနဲ့ စေ့စပ်တော့မယ် ကြားတယ်၊ ဝမ်းသာပါတယ်၊ မင်းနီ ကံကောင်းပါတယ်"

"အဲဒါပြောမလို့ ဆက်တာလား"

"မဟုတ်ပါဘူး၊ ကို လူတစ်ယောက်ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးချင်လို့ပါ"

"ဘာကိုပြောတာလဲ တာရာ"

"Heaven ဆိုတဲ့နာမည်ကို မင်းနီ ကြားဖူးလား"



www.burmeseclassic.com

www.burmeseclassic.com



သိပ်ကြားဖူးတာပေါ့။ စံပြဆီကို စာတွေရေးပို့နေတဲ့ကောင်မလေးရဲ့နာမည်ပဲ။ ဒါကို ပြီးခဲ့တဲ့ Valentine Day ကမှ သိလိုက်တာ။

စံပြ ပြောပုံအရ ဆံပင်ရှည်ရှည်နဲ့ အရမ်းချောတဲ့ ကောင်မလေးတဲ့။

"ကို့, မေးနေတာ မင်းနို ကြားလားဟင်"

"ဩော် ... အင်း ကြားဖူးပါတယ်၊ စံပြဆီကို စာတွေရေးနေတဲ့ ကောင်မလေးနာမည်ပဲ ဘာဖြစ်လို့လဲ"

"သူ အခု ကို့နဲ့ လာတွေ့တယ်"

"ဟင် ... ဘာအတွက်လဲ"

"မင်းနို့နဲ့ စကားနည်းနည်း ပြောချင်လို့တဲ့၊ စံပြကို မသိစေချင်ဘူးတဲ့၊ လာလေ ... လာပြောပါလား"

တာရာက သူ့ဘေးနားမှာရှိတဲ့ တစ်ယောက်ကို လှည့်ပြောနေသလိုလို ကြားနေရသည်။

"သူက ဘာဖြစ်လို့ မင်းနို့နဲ့ ပြောချင်ရတာလဲ"





"မသိဘူး ... သူ့မှာပြောစရာတွေ အများကြီးပဲတဲ့၊ မင်းနို့ကို ချိန်းပေးပါတဲ့၊ မင်းနို သူနဲ့ လာတွေ့နိုင်မလား"

မင်းနို တွေဝေသွားသည်။ သူက မင်းနို့ကို ဘာပြောမှာလဲ။ ပြီးတော့ တာရာ့ကိုရော ယုံသင့်သလား။

"စံပြကို ခေါ်လာလို့ရမလား"

"အဲဒါဆိုရင် Heaven ဘယ်လိုခံစားရမလဲ၊ မင်းနို ကိုယ်ချင်းစာမတတ်ဘူးလား"

တာရာ့လေသံက နည်းနည်းမာနေသလိုပင်။

"ရတယ်လေ၊ Heaven ... သူက မင်းနဲ့မတွေ့ချင်ဘူးလို့ ပြောတယ်၊ မင်းရဲ့နောက်ဆုံးဆန္ဒကို ငါမဖြည့်ဆည်းပေးနိုင်တဲ့အတွက် စိတ်မကောင်းပါဘူး"

သူက ဟိုဘက်ကို လှမ်းပြောနေတဲ့ပုံ။

"ခဏ ... ခဏ တာရာ၊ မင်းနို သူနဲ့တွေ့ပါ့မယ်၊ ဘယ်ကို လာခဲ့ရမလဲ၊ ဘယ်တော့လဲ၊ အခုလား၊ အင်း ... အင်း ... သဲပြု၊ တော်ကြာ ထွက်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကိုအိပ်ရာပေါ် ပြန်တင်ပြီး သူမ ဆုံးဖြတ်တာ မှားသွားလား ပြန်စဉ်းစားနေသည်။ မှားတော့မမှားလောက်ပါ။ စံပြကို နှစ်နဲ့ချီပြီး စာရေးနေတဲ့ ကောင်မလေးရဲ့ ရင်တွင်းစကားကို သူမ နားထောင်ကြည့်ချင်သည်။ ဒီထက်ပိုပြီး သိချင်တာက သူဟာ ကျောင်းကဘယ်သူဖြစ်နေမလဲ ဆိုတာပင်။

ကမန်းကတန်း ရေချိုး၊ အဝတ်အစားလဲလိုက်သည်။ ဟုတ်တာပေါ့ စံပြကို ဘယ်ခေါ်သွားလို့ ဖြစ်မလဲ။ Heaven အရမ်းခံစားရမှာပေါ့။ ဒါနဲ့ နေပါဦး သူက ဘာလို့ တာရာ့ဆီ သွားရတာလဲ။ အင်းလေ ... တာရာက စံပြနဲ့ သူငယ်ချင်းတွေဖြစ်နေတာကိုး။ မင်းနိုက သူမသံသယကို သူမဘာသာ ဖြေရှင်းနေသည်။ ဒီကိစ္စကို စံပြ သိလို့မဖြစ်၊ ပွဲပြီးသွားမှ ပြန်ပြောပြရမည်။





၄၅

သူငယ်ချင်းတစ်ယောက်နဲ့ အရေးတကြီးတွေ့စရာကိစ္စရှိသည်ဟု ဆိုကာ မင်းနို အိမ်ကထွက်ခဲ့သည်။ မမလွှာက တော့ ဝက်သားတုတ်ထိုး စားမိသွား၍ မျက်နှာရှုပုပ်ပြီး ကျန်ခဲ့သည်။ စံပြတို့အိမ်ရှေ့ရောက်တော့ ခြေလှမ်းခပ်သွက်သွက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လျှောက်ခဲ့သည်။ သူ တွေ့ရင် မင်နို့ကို စစ်လားဆေးလား လုပ်နေဦးမည်။

လမ်းထိပ်ရောက်တော့ တာရာ့ကားကို အဆင်သင့် တွေ့ရသည်။

"ရှေ့ကပဲတက်လိုက် မင်နို"

သူက ကားတံခါးကို ဖွင့်ပေးသည်။ မင်နိုက သေချာအောင် သူဖွင့်ပေးသော တံခါးမှ နောက်ခန်းကို လှမ်းကြည့်သည်။ Heaven တကယ်ပါတာလားလို့ပေါ့။

နောက်ခန်းမှာ ဦးထုပ်ဝိုင်းကြီးကြီးတစ်လုံး ဆောင်းထားသည့် ဆံပင်ရှည်ရှည်နဲ့မိန်းမကိုတွေ့မှ မင်နို ကားထဲဝင်ထိုင်လိုက်သည်။

"ဟင်"

မင်နို နောက်ခန်းကို သေချာလှည့်ကြည့်တော့မှ ရုပ်သေမျက်နှာတစ်ခုမှန်း သတိပြုမိလိုက်တာမို့ ချောက်ချားသွားသည်။





အရုပ်မတစ်ရုပ်ကို အဝတ်အစား အကျအန ဝတ်ပေးပြီး ဦးထုပ်ဆောင်းပေးထားမှန်း ချက်ချင်း သဘောပေါက်လိုက်သည်။

"ဒါ ... ဒါက ဘာသဘောလဲ တာရာတွေး"

တာရာ့ဘက်သို့ မျက်နှာအလှည့် တာရာရဲ့လက်ကိုင်ပဝါက သူမနှာခေါင်းမှာ နေရာအဆင်သင့်ယူပြီးဖြစ်သည်။ စိမ်းရွှေရွှေအနံ့တစ်ခုကို ရှူရှိုက်လိုက်ရပြီးချိန်တွင် မင်နို့မှာ အသိတစ်ခုမှ ရှိမနေတော့။

မင်နို ပြန်သတိရလာတော့ မင်နိုက ကုလားထိုင်တစ်လုံးပေါ်မှာ လက်တွေ ခြေတွေက လှုပ်မရတော့။ လက်ရော ခြေပါ ကြိုးတုတ်ပြီးသား။ အော်ဟစ်ဖို့ ကြိုးစားတော့လည်း အရာမရောက်။ မင်နို့ပါးစပ်ကို အဝတ်စစည်းပြီးသား။ မင်နို အလုပ်လုပ်နိုင်တာဆိုလို့ မျက်လုံးနှင့်နားပဲ ရှိတော့သည်။

မင်နို့ရှေ့က ခုံတစ်လုံးပေါ်မှာ မိန်းမတစ်ယောက် ထိုင်နေသည်။ ရှည်လျားသော ဆံပင်ပိုင်ဆိုင်ထားပြီး ပန်းနုရောင် ပိုးသားဂါဝန်ကို ဝတ်ဆင်ထားသည်။ သူ Heaven ပဲ။



www.burmeseclassic.com

www.burmeseclassic.com



"နိုးလာပြီလား မင်နို"

"ဟင် ... ဒီအသံ ... ဒီအသံက ..."

မင်နို စိတ်ထဲ ထူးဆန်းနေသည်။ ဒီအသံက ယောက်ျားသံ။ ယောက်ျားသံတောင်မှ မင်နို ကျက်ဖူးတဲ့အသံ။ သေသေချာချာ ကြည့်လိုက်တော့ ဒီမိန်းမရဲ့ပုန်းနုရောင်နှုတ်ခမ်းလေးက တစ်ယောက်ယောက်ရဲ့နှုတ်ခမ်းနဲ့ တူသလိုလို။ ပြီးတော့ ချွန်မြတဲ့နှာခေါင်းလေး ... အံမယ်လေး ... ဘုရား ... ဘုရား ... ဒါ တာရာပဲ။

"နင် ဘာတွေတွေးနေမလဲဆိုတာ ငါသိပါတယ်၊ ဟုတ်တယ် ... ငါက နင်တို့ တာရာထွေးလို့ သိထားကြတဲ့ Heaven ပဲ"

မင်နို ရောက်နေတာ ခနိမိုးထရံကာ အိမ်သေးသေးလေးတစ်လုံးထဲမှာ ပတ်ဝန်းကျင်က ဘာအသံဗလံမှလဲ မကြားရ။ မင်နို ဘယ်ရောက်နေတာလဲ။ သူ ဘာကြောင့် မင်နို့ကို ဒီကိုခေါ်လာရတာလဲ။





"ငါ မောင့်ကို မြင်မြင်ချင်း ချစ်ခဲ့တယ်၊ အရူးအမူးပဲ၊ ဒါပေမဲ့ အဲဒီအချိန်တုန်းက သူက နင့်နောက်ကို တကောက်ကောက်လိုက်ပြီး နင်မှနင် ဖြစ်နေတာလေ၊ ဒီတော့ ငါ ဘာလုပ်ရမှာလဲ၊ နင့်ကို ငါ ရအောင်လိုက်ရတာပေါ့၊ ဒါမှ မောင် နင့်အနားမှာ မရှိတော့မှာ"

မင်နို သူ့စကားတွေကို အံ့ဩလွန်း၍ အသက်တောင် ရှူမိရဲ့လားမသိ။

"မောင် နင့်နောက်ကို လုံးဝမလိုက်နိုင်အောင် ငါလုပ်ခဲ့တယ်၊ ဒီမှာ မင်နိုရည်၊ နင်လို ပုံဆိုးပန်းဆိုး မိန်းမမျိုးကို ငါ ကြိတ်မှိတ်သည်းခံပြီးတွဲခဲ့တာ မောင်ကြောင့်ပဲ သိလား၊ ဒီမှာကြည့်စမ်း ... ဒါ ငါရေးထားတဲ့ ဒိုင်ယာရီတွေ၊ နင် မောင်နဲ့ပတ်သက်ပြီး ဒီလိုမျိုးရေးဖူးလား"

သေချာသိလိုက်ပါပြီ။ မင်နို နှစ်နှစ်ကာကာချစ်ခဲ့တဲ့ တာရာထွေးဆိုတာ အခြောက်ကြီးမှန်း၊ ရိုးရိုးအခြောက်တောင် မဟုတ်။ ရူးနေတဲ့ စိတ္တဇအခြောက်။



www.burmeseclassic.com

www.burmeseclassic.com



"စန်းစု နောက်ကို မောင်ပါသွားမှာစိုးလို့ နင့်ကိုဖြတ်ပြီး စန်းစုနောက်ကို လိုက်ခဲ့တာ၊ အဲဒီကောင်မက နင့်ထက် ပိုဆိုးတယ်၊ ငါ့ကို ဆံပင်ညှပ်ဆိုင်မှာ သုံးနာရီလောက်ထိုင် စောင့်ခိုင်းလိုခိုင်း၊ လူကြားသူကြားထဲမှာ ပါဝါပြအမိန့်ပေး လိုပေး၊ ငါ အဲဒီကောင်မပါးကို ရိုက်ချင်လိုက်တာမှ လက်ကိုယားနေတာပဲ။ ဒါပေမဲ့ မောင် ငါ့ကို စိတ်မပျက် စေချင်ဘူး။ စန်းစုကိုမှ တကယ်ချစ်တာလို့ မောင့်ကို ငါ က ထင်စေချင်တာကိုး"

မင်းနို စန်းစုရဲ့သတိပေးစကားတွေကို ပြန်ကြား ယောင်နေမိသည်။ စန်းစုက တာရာ့အကြောင်းကို တစ်နည်းနည်း နဲ့ သိသွားတာဖြစ်မည်။ မင်းနို အကြီးအကျယ် နောင်တ,ရနေမိ သည်။

"အနမ်းတွေ ... ဟား ဟား ဟား ဟား၊ စန်းစုရော နင် ရော ငါ့အနမ်းတွေကို စွဲလမ်းကြမှာပဲ၊ မညာပါနဲ့။ ဒါပေမဲ့ ငါကတော့ နင်တို့ကိုနမ်းပြီးတိုင်း ရွံလွန်းလို့ နှုတ်ခမ်း





တွေကိုဆေး၊ ပလုတ်တွေကျင်းနဲ့ ဘယ်လောက်စိတ်သောက ရောက်ရတယ်မှတ်လဲ"

မင်းနိုရည် မျက်လုံးမှိတ်ထားလိုက်သည်။ သူမက တော့ ဒီအခြောက်မလက်ထဲတွင် ဘဝဆုံးရတော့မည်ထင်သည်။ ကယ်မည့်သူလည်း ပေါ်မည်မဟုတ်ပါ။ သူမ ဘယ်သွားတယ် ဆိုတာ ဘယ်သူမှ သိကြတာမှ မဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



## ၄၆

နေ့ခင်းနှစ်နာရီလောက် ပြန်ရောက်မည်ဟု ပြောသွားတဲ့ မင်နို၊ ညနေငါးနာရီထိုးတဲ့အထိ ပြန်ရောက်မလာ။ စိတ်ပူပြီး ဖုန်းဆက်တော့လည်း ဖုန်းက ပိတ်ထားသည်။ ဘယ်လိုမှ ဆက်မရ။ လက်လှမ်းမီသမျှ မင်နို့သူငယ်ချင်းတွေဆီ ဖုန်းဆက်တော့လည်း သူတို့နဲ့အတူ ရှိမနေပါဟု ဆိုသည်။





"ဘယ်လိုလဲ စံပြ၊ ဆက်လို့ရလား"

မမှလွှာက စိုးရိမ်တကြီးမေးသည်။

"မရဘူး၊ စက်ပိတ်ထားတယ်ပဲ ပြနေတယ်"

စံပြထင် ခေါင်းမီးတောက်နေသည်။ မင်နို့ အပြုအမူက ထူးဆန်းလွန်းနေသည် မဟုတ်လား။ သူ့ကို တစ်ခုခုပြောသွားဖို့ ကောင်းတာပေါ့။ ရုတ်တရက် တစ်စုံတစ်ခုက သူ့အတွေးထဲ ရောက်လာသည်။

တာရာ ... တာရာနဲ့များ သွားတွေ့တာလား။ Valentine နေ့က တာရာရဲ့ပျက်ထွက်နေသော မျက်နှာနဲ့ ပြင်းထန်သော ခံစားမှု၊ ပြီးတော့ စနိုးစုရဲ့ သတိပေးစကား။

"ဟာ ..."

သူ အသံထွက်ပြီး အော်လိုက်သည်။ တာရာ မင်နို့ကို နိုးပြေးသွားတာများလား။ သူ ကမန်းကတန်း တာရာ့ဖုန်းနံပါတ်ကို ခေါ်လိုက်သည်။ စက်ပိတ်ထားပါသည်တဲ့။ သူ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း လုပ်ရက်လိုက်တာ တာရာ"

သူ အံတင်းတင်း ကြိတ်ထားသည်။

"စံပြ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲဟင်"

မမလွှာ အမေးကို သူ ပြန်မဖြေမိ။ လူကြီးတွေ စိတ်ပူရအောင် သူ မလုပ်ချင်ပါ။ ဒီကိစ္စကို သူ သေချာအောင် စုံစမ်းပြီးမှ လုပ်စရာရှိတာ ဆက်လုပ်ရမည်။ အရင်ဆုံး စနိုးစုနဲ့ ဆက်သွယ်ရမည်။

"ဘာမှမဖြစ်ဘူး မမလွှာ၊ စိတ်အေးအေးထားပါ၊ သူ့ဖုန်းက ဘက်ထရီမရှိတော့လို့ ပိတ်ထားတာလည်း ဖြစ်ချင်ဖြစ်မှာပါ။ ကျွန်တော် သူ့ကိုသွားရှာလိုက်ဦးမယ်၊ အန်တီလှ မေးရင် ဖော့ပြောထားပါ မမလွှာ၊ အရမ်းစိတ်ပူနေရင် မကောင်းဘူးလေ"

"အေး ... အေး စံပြ မောင်လေး၊ မမ နားလည်ပြီ"

စံပြထင် အလျင်မြန်ဆုံး ခြေလှမ်းတွေနဲ့ မင်းနိုတို့ အိမ်က ထွက်လာခဲ့သည်။





"အေး ... စနိုး ငါပါ၊ နင်အခု ဘယ်မှာလဲ အိမ်မှာလား"

"အေး ... ရှင့်အသံက ဘာဖြစ်တာလဲ စံပြ"

စနိုးစု ရင်ထိတ်သွားသည်။

"မင်းနို ပျောက်နေတယ်၊ ဖုန်းဆက်လို့လည်း မရဘူး၊ သူ့အိမ်ကပြောတာတော့ သူ ဖုန်းပြောပြီးတော့ သူငယ်ချင်းတစ်ယောက်နဲ့ သွားတွေ့မယ်ပြောပြီး ထွက်သွားတာတဲ့"

"ဟင်"

စနိုး စိတ်တွေပူလာသည်။ သူမ ထင်သည့်အတိုင်း ဖြစ်များဖြစ်နေပြီလား။

"တာရာဆီ ငါဖုန်းခေါ်ကြည့်တော့လည်း မရဘူး၊ စနိုး ... နင် ဘာကြောင့် မင်းနို့ကို မျက်စိအောက်က အပျောက်မခံပါနဲ့လို့ ပြောခဲ့တာလဲ၊ နင် ကြိုသိထားလို့လား"

"မဖြစ်ဘူး စံပြ၊ ကိစ္စက ရှင်ထင်သလို မရိုးစင်းဘူး။ ဒီလိုလုပ် ... ရှင် တာရာတို့အိမ်ကိုသွားပါ၊ ကျွန်မလည်း အဲဒီကိုလာမယ်၊ အဲဒီမှာ ဆုံကြမယ်၊ နောက်မှ အကြောင်းစုံပြောမယ် စံပြ၊ မြန်မြန်ထွက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



စနိုးစု ပြောတဲ့အတိုင်း လိုက်လုပ်ဖို့ သူ ဆုံးဖြတ်လိုက်သည်။ နာရီကြည့်လိုက်တော့ ငါးနာရီခွဲပြီ။ တာရာ့အိမ်ရောက်တော့ ခြောက်နာရီ။

စနိုးစုက စံပြအရင် တာရာ့အိမ်မှာ ကြိုရောက်နေသည်။ တာရာ့အစ်မတွေ မျက်နှာက သိပ်မကောင်းကြ။ တာရာ့ဖုန်းကို သူတို့ကိုယ်တိုင် ခေါ်တော့လည်း ခေါ်မရ။ အထူးသဖြင့် စံပြရဲ့ကောင်မလေးပါ ပါသွားတာဆိုတော့ ဘာလုပ်လို့ လုပ်ရမှန်းမသိအောင် စိတ်ပူနေကြသည်။

"မမသိင်္ဂီ ... သူ ဒီရက်ထဲမှာ ထူးခြားမှုတစ်ခုခုရှိလား၊ သူ ဘယ်သွားမယ်လို့ထင်လဲဟင်"

သိင်္ဂီက တစ်ခုခုကို စဉ်းစားမိဟန်ဖြင့် ...

"မမအထင် ပြောရရင် တလောလေးက မမဝယ်ထားတဲ့ မှော်ဘီဘက်ကခြံကို သူ သွားတာဖြစ်မယ်။ အဲဒီမှာ သစ်ခွတွေစိုက်ဖို့ မမစီစဉ်ထားတာ၊ လောလောဆယ်တော့ အုတ်တံတိုင်းခတ်ပြီး အစောင့်တဲတစ်ခုပဲရှိတယ်၊ ဖြစ်နိုင်တယ်၊





သူက မမဝယ်ထားတဲ့ခြံကို တိတ်ဆိတ်လို့ဆိုပြီး သဘောကျနေတာ"

စနိုးနဲ့သူ တစ်ယောက်နဲ့တစ်ယောက် ကြည့်လိုက်ကြသည်။ နာရီကိုငုံ့ကြည့်လိုက်တော့ ခြောက်နာရီဆယ့်ငါးမိနစ်။ နေဝင်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



၅၇

တာရာက ထိုင်နေရာမှ ထလာသည်။ ပြီးတော့ အခန်းထောင့်က ဘက်ထရီမီးချောင်းကို ဖွင့်လိုက်သည်။

"နင့်ကို ငါ ဒီကို ဘာကြောင့်ခေါ်လာတာလဲ သိလား မင်းနိုရည်၊ ငါ မောင့်ကို ဘယ်လောက်ချစ်တဲ့အကြောင်း နင့်ကို ပြောချင်လို့၊ ပြီးတော့ ..."





တာရာက သူယူလာတဲ့ အိတ်အနက်ထဲက မောင်းချဓားတစ်ချောင်း ထုတ်လိုက်သည်။ ဓားရောင်က မီးရောင်အောက်မှာ လက်နေသည်။

သူက ရုန်းကန်နေသော မင်းနိုကိုကြည့်၍ လှောင်ပြုံးပြုံးကာ ...

"နင် ပင်ပန်းနေပြီ မင်းနိုရည်၊ နင် သက်သာအောင် နင့် ပါးစပ်က အဝတ်ကြိုးကို ငါ ဖြေပေးမယ်၊ ဒါပေမဲ့ အော်ဖို့ကြံရင်တော့ ငါ နင့်ကို ညှာမှာမဟုတ်ဘူး"

သူက မင်းနို့ပါးစပ်က အဝတ်ကြိုးကို ဖြေပေးသည်။ သူ့မျက်လုံးတွေက သွေးအေးအေးနဲ့ ရက်စက်မယ့် ကြောက်စရာ မျက်လုံးတွေ။

"နင် ရူးနေပြီ တာရာထွေး၊ ရူးသွားပြီ၊ နင် ငါ့ကိုသတ်လိုက်ရင်တောင် စံပြ နင့်ဆီရောက်လာမယ် ထင်လို့လား၊ နင့်ကို စံပြ သိပ်မုန်းသွားမှာ၊ ပြီးတော့ ငါ့ကိုသတ်မှုနဲ့ နင် ထောင်ကျမယ်၊ နင် ထောင်ကထွက်လာရင် လူတောမတိုးတဲ့ လူညွန့်တုံးတစ်ယောက် ဖြစ်သွားမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲဟာ ... ဖြန်း"

တာရာထွေးက မင်နို့မျက်နှာကို လက်ပြန်ရိုက်ချလိုက်သည်။

"အား"

မင်နို့ ပါးတစ်ခုလုံး ပူထူပြီး ကျဉ်တက်သွားသည်။

"ငါ့ဒေါသကိုမဆွနဲ့ မင်နီရည်၊ ငါက နင့်လို နလပိန်းတုံးမဟုတ်ဘူး၊ ငါ နင့်ကို မသတ်ပါဘူး၊ နင့်နာမည်ကိုပဲ သတ်မှာ၊ ဒီည နင် အိမ်ပြန်မရောက်ရင် ဘာဖြစ်မယ်ထင်သလဲ။ ပတ်ဝန်းကျင်က သတိမထားမိရင်တောင်မှ မောင့်မိဘတွေကတော့ သိမှာပဲ။ မနက်ဖြန် နင့်ကို ငါပြန်လွှတ်ပေးလိုက်မယ်။ ဒါပေမဲ့ နင်က နာမည်ပျက်သွားပြီ။ မောင် နင်နဲ့စေ့စပ်ပါဦးမလား၊ မောင်က စေ့စပ်မယ်ဆိုရင်တောင် မောင့်မိဘတွေက စေ့စပ်ပွဲကို လက်ခံပါ့မလား"

"နင် ယုတ်မာလှချည်လား တာရာထွေး"





"ထပ်စဉ်းစားကြည့်ရအောင်၊ နင် ပြန်ရောက်ရင် အားလုံးက ဝိုင်းမေးကြမယ်၊ ဘယ်ရောက်နေတာလဲလို့။ နင် ငါနဲ့အတူရှိတာကို ဖြေရဲမှာ မဟုတ်ဘူး၊ ဖြေခဲ့ရင် နင် ငါ့ကိုယူရမှာလေ၊ ဒီတော့ နင် လှည့်ပတ်ဖြေလိမ့်မယ်၊ နင့်ရဲ့ယုတ္တိမရှိတဲ့ စာတ်လမ်းတွေကို သူတို့ ယုံကြမှာမဟုတ်ဘူး၊ မောင်လည်း သံသယဝင်သွားလိမ့်မယ်၊ ဒါပေမဲ့ နင့်မှာ ရွေးစရာလမ်း မရှိဘူး"

မင်နီ မျက်ရည်တွေ စီးကျလာသည်။ စံပြကို အရမ်းသတိရနေမိသည်။ သူမ ဘာကြောင့် စံပြလို အားကိုးရတဲ့ ယောက်ျားတစ်ယောက်ကို မျက်လုံးထဲမထည့်ဘဲ ဒီအခြောက်နဲ့မှ ပတ်သက်ခဲ့ရတာလဲ။

လာကယ်ပါလား စံပြရယ်။

တာရာက မင်နီ ငိုနေတာကို အရသာခံပြီး ကြည့်နေသည်။ ထိုအခိုက် ခြံရှေ့မှကားသံကြားတော့ တာရာ့မျက်နှာ ညိုမှိုင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ တစ်ကွက်လေး မှားသွားတယ်၊ ထင်တဲ့အတိုင်း သူတို့လိုက်လာပြီ"

သူ ကြမ်းပြင်ပေါ်မှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။ သူ ဒိုင်ယာရီစာအုပ်တွေ ကောက်ယူလိုက်သည်။ ပြီးတော့ စာအုပ်တွေကြားထဲက ခါတ်ပုံအယ်လ်ဘမ်လေးကို လှန်ကြည့်နေသည်။ သူ့မျက်ဝန်းတွေမှာ မျက်ရည်တွေ ခိုသီးနေသည်။ မင်းနီကတော့ ရင်တထိတ်ထိတ်နှင့် သူ ဘယ်တော့ ဓားကိုယူပြီး သူမကိုထ,ထိုးမလဲလို့ ဘုရားတနေမိသည်။

"ပွဲက ပြီးသလောက် ဖြစ်သွားပြီ မင်းနီရည်၊ ငါ ကြိုတွက်ထားတဲ့ အဆိုးဆုံးအခြေအနေကို ရောက်လာပြီ"

မင်းနီကတော့ သူပြောတာတွေ နားထဲမဝင်၊ ကြောက်တာပဲ သိတော့သည်။

"တာရာ ... တာရာ ... တံခါးဖွင့်ပေး၊ ခြံတံခါးဖွင့်ပေး၊ အားလုံး အဆင်ပြေစေရပါ့မယ်၊ ငါ ကတိပေးတယ်"

စံပြအသံကို ကြားလိုက်ရ၍ မင်းနီ အရမ်းဝမ်းသာသွားသည်။





"အဆင်ပြေရပါစေမယ် ... တဲ့လား၊ ဘယ်လိုလုပ် ဖြစ်နိုင်မှာတဲ့လဲ၊ ဒီလောကမှာ နင်နဲ့ငါထဲက တစ်ယောက်မရှိမှ ဖြစ်မှာ မင်းနီရည်၊ အဲဒီလူက ဘယ်သူဖြစ်မယ်လို့ နင်ထင်လဲ"

တာရာထွေး ခပ်သဲ့သဲ့ရယ်ပြီး ဒိုင်ယာရီစာအုပ်တွေနဲ့ ဓာတ်ပုံအယ်လ်ဘမ်စာအုပ်လေးတွေကို အိတ်အနက်ထဲ ပြန်ထည့်နေသည်။

"သူ လာဖွင့်ပေးမှာ မဟုတ်ဘူး၊ ဒီတော့ ကျွန်တော် ခြံစည်းရိုးကို ကျော်ဝင်မှ ဖြစ်တော့မယ်။ မမတို့ ဒီကပဲ စောင့်နေကြပါ၊ မစိုးရိမ်ပါနဲ့၊ ကျွန်တော် သူနားဝင်အောင် ဖျောင်းဖျပါ့မယ်"

"စံပြ ... မမတို့မောင်လေးကို ဘာအထိအခိုက်မှ မဖြစ်စေချင်ဘူးနော်"

မမနန္ဒီက သူ့လက်မောင်းကို ဆွဲကိုင်ပြီးပြောသည်။

"စိတ်ချပါ မမ"



www.burmeseclassic.com

www.burmeseclassic.com



စနိုးကို သူ တစ်ချက်ကြည့်လိုက်သည်။

"နင် သတိထားပါ စံပြ"

သူ ခေါင်းအသာညိတ်ရင်း ခြံစည်းရိုးသံပန်းတံခါး ဆင့်တန်းလေးတွေကို နင်းပြီးတက်သွားကာ အုတ်တိုင်ပေါ်ခြေချပြီး ခြံထဲကို ခုန်ချလိုက်သည်။ ခြံစောင့်ကို တစ်နည်းနည်းနဲ့ တာရာ ပ,ထုတ်လိုက်တာ သေချာသည်။

သူ တဲနားကိုကပ်ပြီး ထရံပေါက်က ချောင်းကြည့်လိုက်သည်။ ကြိုးတုပ်ခံထားရသော မင်နို့ကို တွေ့ရသည်။ ပြီးတော့ ဆံပင်အရှည်နှင့် မိန်းမတစ်ယောက်၏ နောက်ကျော။ သူ လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။ စနိုး သူ့ကိုပြောပြတုန်းက သူ့နားတောင် သူ မယုံနိုင်ခဲ့။ တာရာ ... မင်း ဘာကြောင့် ဒီလိုဖြစ်ရတာလဲ။

အိမ်တံခါးကို သူ ပုတ်လိုက်သည်။ တာရာက ဆတ်ခနဲဖြစ်သွားကာ ဓားကိုလှမ်းယူလိုက်သည်။

"တာရာ ... ငါပါ၊ ငါ့ကို တံခါးဖွင့်ပေးပါဦး"





တာရာတွေးက တံခါးနားသို့ သတိကြီးကြီးနဲ့ ကပ်သွားပြီး တံခါးချက်ကို ဖွင့်လိုက်သည်။ ချက်ချင်းဆိုသလိုပင် မင်နို့နားသို့ အပြေးအလွှားရောက်လာပြီး မင်နို့ လည်ပင်းပေါ်မှာ ဓားတေ့ထားလိုက်သည်။

"တာရာ ... မင်နို့ကို လွှတ်ပေးလိုက်ပါကွာ၊ ငါ တောင်းပန်ပါတယ်"

သူ တံခါးကို သာသာလေးဖွင့်ဝင်လာတော့ တာရာ မင်နို့ကို ဓားနဲ့ထောက်ထားတာ တွေ့တော့ တော်တော်တုန်လှုပ်သွားသည်။

တာရာက သူ့ကို ကြေကွဲရိပ်တွေ သမ်းနေသော မျက်လုံးတို့နှင့် လှမ်းကြည့်နေသည်။

"အနားကို ကပ်မလာနဲ့ မောင်၊ ရှေ့ကို တစ်လှမ်းထပ်တိုးလိုက်တာနဲ့ မင်နိုရည် သေပြီ"

စံပြ ရှေ့ကိုထပ်တိုးရဲတော့။ တာရာကြည့်ရတာ တကယ်လုပ်မည့်ပုံ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာလိုချင်တာလဲ၊ ဘာလုပ်ချင်တာလဲ တာရာ၊ ငါ့ကိုပြောပါ"

တာရာက ခေါင်းခါလိုက်သည်။ သူ့မျက်လုံးတွေက မျှော်လင့်ချက် ကင်းမဲ့နေတဲ့ပုံ။

"ကျွန်မ မောင့်အနားမှာ ထာဝရနေချင်တယ်၊ ဒါပေမဲ့ မောင် လိုက်လျောပေးနိုင်မှာ မဟုတ်ဘူး၊ မောင် မင်နိုရည်နဲ့လက်ထပ်ရင် ကျွန်မ သေလိမ့်မယ်"

"မဟုတ်သေးပါဘူး တာရာ"

"ကျွန်မ တာရာ မဟုတ်ဘူး၊ Heaven"

"အေး ... ဟုတ်ပါပြီ Heaven၊ ငါ မင်နိုနဲ့ အခုလက်ထပ်တော့မှာမှ မဟုတ်တာ"

"ဒါပေမဲ့ တစ်နေ့ မောင်လက်ထပ်မယ့်သူက ဒီမိန်းမပဲ မဟုတ်လား၊ ဒီတော့ မောင် ရွေးပါ၊ ကျွန်မလား ... မင်နိုရည်လား၊ ကျွန်မတို့နှစ်ယောက်ထဲက တစ်ယောက်ပဲ၊ မောင်ရွေးခွင့်ရှိမယ်၊ ဒီနေ့ ဒီနေရာမှာ တစ်ယောက်ပဲ အသက်ရှင်တာ မောင် မြင်ရမယ်"





စံပြုထင် ဓာခွျးတွေ ပြန်လာသည်။ မင်နို့ လည်ပင်းမှာ ဓားအသွားရှနေ၍ သွေးစို့နေသည်။ တဲအနောက်ဘက်က တရှပ်ရှပ်ခြေသံကြောင့် တာရာ တဲနောက်ကို လှည့်ကြည့်လိုက်သည်။

စံပြုထင်က ဒီအခွင့်အရေးကို လက်လွှတ်မခံဘဲ လွှားခနဲ ခုန်ဝင်ပြီး တာရာ့လက်ကိုဆွဲလှန်ချိုး၍ ဓားကိုယူကာ တဲထောင့်တစ်နေရာသို့ လွှတ်ပစ်လိုက်သည်။

တာရာက ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။ သူ့မျက်ဝန်းထဲမှာ နာကျင်မှုက အပြည့်နှင့်။ စနိုးစုက တဲထဲပြေးဝင်လာပြီး မင်နိုရည်ကို ချည်ထားတဲ့ကြိုးတွေကို ဖြေပေးလေသည်။ သူတို့နှစ်ယောက် မင်နို့ဆီ အာရုံရောက်နေတုန်း တာရာက ခုံလေးတစ်ခုပေါ်တွင် တင်ထားသော တစ်ဝက်သာသာဝိုင်ပုလင်းကိုယူပြီး သောက်နေသည်။ သူ့ကြည့်ရတာ စိတ်အေးလက်အေးပုံမျိုး။



www.burmeseclassic.com

www.burmeseclassic.com



စံပြုထင် သက်မကင်း ဖြစ်သွားသည်။ ဒါ ရိုးရိုး ဝိုင်မှ ဟုတ်ရဲ့လား။

"ဟော့ကောင် တာရာ၊ မင်း ဘာသောက်တာလဲ၊ ဘာသောက် လိုက်တာလဲ"

သူ တာရာ့ဘေးနားကို ချက်ချင်းပြေးသွားသည်။

"ဝိုင်လေ ... မောင် မမြင်ဘူးလား၊ ကျွန်မ စပျစ်ဝိုင်ကြိုက် တာ မောင်သိတာပဲ၊ ဒါပေမဲ့ အရမ်းပူတာပဲ"

"ဘာ ... ဘာ ... တာရာ၊ မင်း မလုပ်သင့်ဘူးကွာ၊ မင်း"

စံပြုထင် အလန့်တကြား ထ,အော်သည်။

တာရာ့မျက်နှာ ရှုံ့မဲ့နေသည်။ ပြီးတော့ သွေးတွေ ပွက်ခနဲ အန်လိုက်သည်။

"တာ ... တာရာ"

စံပြုထင် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားသည်။

"စနိုး ... သော့ရှာ၊ မမတို့ကို တံခါးသွားဖွင့်ပေး။ တာရာ့ ကို ဆေးရုံအမြန်ပို့ရမယ်"





"မရတော့ဘူး မောင် ... မရတော့ပါဘူး၊ ကျွန်မ အရမ်း အေးလာတယ် မောင်၊ မောင့်မျက်နှာကိုလည်း ခပ်ဝါးဝါးပဲ မြင်ရတော့တယ်၊ ကျွန်မကို ဖက်ထားပေးပါလားဟင်"

စံပြုထင် မျက်ရည်တွေ ဖြိုကျလာသည်။ ပြီးတော့ တာရာ့ကို ခပ်တင်းတင်း ပွေ့ဖက်ထားလိုက်သည်။

"ကျွန်မ မောင့်ကို အရမ်းချစ်တယ်"

တာရာ့အသံက တိုးလွန်းအားကြီးလို့ သူ မနည်း နားထောင်နေရသည်။

"မင်းကိုလည်း ငါ ချစ်ပါတယ်၊ အရမ်းချစ်တယ်၊ တကယ် ချစ်တယ်"

နှုတ်ခမ်းတွေ ပြာတက်လာတဲ့ တာရာ့ကို သူ အထပ်ထပ်အခါခါ ပြောနေမိသည်။ တာရာ့နှုတ်ခမ်းတွေက ပြုံးနေ သည်။ ပြီးတော့ သူ့ရင်ခွင်ထဲမှာ တစ်ချက်လူးလွန့်ပြီး တာရာ့ ကိုယ်လေး ငြိမ်သက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... တာရာ ... တာရာ၊ ငါပြောလို့ မပြီးသေးဘူးလေ၊ မင်း ထွက်မသွားပါနဲ့ တာရာ၊ ငါ တောင်းပန်ပါတယ်"

စံပြထင် တာရာ့ကိုလှုပ်ပြီး တအားကျုံးအော်ဟစ်ပြီး ငိုကြွေးလိုက်သည်။ တာရာ့နှုတ်ခမ်းတွေက ပြုံးယောင်သမ်းနေဆဲ။

ငါ ဘယ်လိုဖြေသိမ့်ရမလဲ တာရာ။ မင်းကို ငါ ဘယ်လောက် သံယောဇဉ်ရှိခဲ့လဲ မင်း မသိလို့လား။ ငါတို့ထာဝရ ခင်သွားလို့ရတာပဲ တာရာ။ ဘာကြောင့် မင်း ငါ့ကို တစ်သက်လုံးဖြေလို့မရမယ့် နာကျင်မှုကို ပေးခဲ့တာလဲ။ မင်း မင်နို့ကိုချစ်လို့ ငါ့လက်ထဲက လုသွားရင်တောင် ငါက ခွင့်လွှတ်ဖို့ စဉ်းစားထားတာ။

တာရာ့သားနားမှာ အားလုံးဝိုင်းပြီး ငိုကြွေးနေကြသည်။ တာရာ့အစ်မတွေက ရင်ဘတ်ထုတဲ့သူကထု၊ မေ့လဲတဲ့သူက မေ့လဲမို့ စနီးရော မင်နီပါ မနည်းထိန်းနေရသည်။ စံပြကတော့ တာရာရဲ့အသက်ကင်းမဲ့နေတဲ့ခန္ဓာကို ရင်ခွင်ထဲမှာ ဖက်ထားဆဲ။ တာရာ့နဖူးကို သူ ခပ်ဖွဖွလေး ငုံ့နမ်းလိုက်သည်။





"နောက်ဘဝဆိုတာ ရှိခဲ့ရင် ငါတို့ ပြန်ဆုံကြမယ် တာရာ၊ ငါပြောတာ ကြားလား"

သူ အရူးတစ်ယောက်လို တတွတ်တွတ်ပြောရင်း တာရာ့ဆံပင်လေးတွေကို သပ်ပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



❋ ၄၈ ❋

စာကြည့်စားပွဲအံဆွဲလေးကို စံပြထင် သာသာလေး ဆွဲဖွင့်လိုက်သည်။ အထဲမှာ သူ့ကိုဆီးကြိုနှုတ်ဆက်နေတာက Heaven ဆိုကစာတွေနဲ့ Heaven နှလုံးသွေးနဲ့ ရေးထားခဲ့တဲ့ ဒိုင်ယာရီစာအုပ်လေး။ ဒိုင်ယာရီစာအုပ်လေးထဲက အကြောင်းအရာ



BURMESE CLASSIC .com



တွေကို သူ အလွတ်နီးပါးရနေပြားလည်း တစ်ရွက်ချင်းလှန်ဖတ်နေမိပြီး ဖတ်ပြီးသမျှ- စာမျက်နှာတိုင်းပေါ်မှာ မျက်ရည်စက်နဲ့ တံဆိပ်ခတ်မိဆဲ။

သူ့ပခုံးကို လက်ကလေးတစ်စုံ ညင်သာစွာထိတွေ့လာသည်။ ပြည့်လျှံနေသော မျက်ရည်မျက်ဝန်းဖြင့် သူလှည့်ကြည့်လိုက်တော့ သူ့ကို ကရုဏာသက်ဟန် စိုက်ကြည့်နေတဲ့ ချစ်ဇနီးလေး မင်းနီရည်။

"နင် သူ့ကို သတိရနေပြန်ပြီလား စံပြ"

"ဟုတ်တယ် မင်းနီ၊ တကယ်တော့ ငါ ဒါတွေကို သိမ်းမထားသင့်တော့ပါဘူး၊ ဖျက်ဆီးပစ်လိုက်သင့်ပြီ"

"ဟင့်အင်း ... စံပြ မလုပ်ပါနဲ့၊ ဒါတွေဖျက်ဆီးပစ်လည်း သူက နင့်မှတ်ဉာဏ်ထဲကရော နှလုံးသားထဲကပါ ပျောက်ကွယ်သွားမှာမှ မဟုတ်တာ"

စံပြပါးပြင်ပေါ်က မျက်ရည်တွေကို မင်းနီ တယုတယ သုတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စံပြ ... ငါတို့တွေ သူ့ကိုရည်စူးလှူဒါန်းခဲ့တဲ့ ကုသိုလ်တွေ သူ အမျှရမှာပါ၊ အခုလောက်ဆို သူလည်း ကောင်းမွန်တဲ့ဘုံဘဝကို ရောက်လောက်ပါပြီ"

ဖွင့်ထားတဲ့တံခါးကနေ ညှင်းသွဲ့သွဲ့ လေပြည်လေးတိုးဝင်လာသည်။

အဖျားပိုင်းမှာ စုချည်ထားသော ကန့်လန့်ကာစန်းဆီးလေး မသိမသာ လှုပ်ခတ်သွားသည်။ မင်နီရည်က ပြတင်းတံခါးရှိရာလျှောက်လှမ်းသွားပြီး အပြင်ဘက်က အမှောင်ထုကို ရည်ရွယ်ချက်မရှိ ငေးကြည့်နေသည်။

ကြေကွဲရပါတယ် ကို။ ကို သေအောင်မုန်းခဲ့တဲ့အတွက် မင်နီ ဝမ်းနည်းကြေကွဲရပါတယ်။ လွမ်းပါတယ် ကို။ ဒဏ်ရာဆိုတာ သွေးအေးမှ ပိုနာကျင်ရသလို၊ ပြန်မလာနိုင်တဲ့ အဝေးဆုံးကို ကို ထွက်သွားတော့မှ ကို ဘာကြီးပဲဖြစ်ဖြစ် အပြစ်မမြင်နိုင်ဘဲ သိပ်ချစ်မိခဲ့တာ သိလိုက်ရပြီး ကို့ကိုသိပ်လွမ်းရပါတယ်။





စံပြလို အပြင်မှာ မျက်ရည်ကျပြဖို့ မသင့်တော်တာမို့ ရင်ထဲမှာပဲ ကျိတ်ငိုနေမိတယ်။ အထူးသဖြင့် ကို့နှစ်ပတ်လည်နေ့ ရောက်ရင်ပေါ့။ မနက်ဖြန်ဆို ကို့ထွက်သွားခဲ့တာ ငါးနှစ်တင်းတင်း ပြည့်ခဲ့ပြီလေ။ စံပြရော မင်နီပါ ကို့ကို ရင်နင့်အောင်လွမ်းနေဆဲပါ။ အချိန်ကာလတစ်ခုက တိုက်စားသွားခဲ့ရင်တောင် ကို့ပုံရိပ်က စံပြရဲ့နှလုံးသားမှာရော မင်နီ့ရဲ့အသည်းကြားမှာပါ ထင်ကျန်နေဦးမှာပါ။

"မင်နီ စိတ်ဆိုးသွားတာလားဟင်"

စံပြထင်က မင်နီရည့် နောက်နားရောက်လာပြီး ခပ်တိုးတိုးဆိုသည်။ မင်နီက သူ့ဘက်သို့လှည့်၍ အသာအယာပြုံးပြကာ ...

"ဒါစိတ်ဆိုးရမယ့်ကိစ္စမှ မဟုတ်တာပဲ စံပြ"

"မင်နီ အိပ်မပျော်ဘူးလားဟင်၊ ငါ့ကြောင့် စိတ်အနှောင့်အယှက်မဖြစ်တာ သေချာပါတယ်နော်"

"ဟင့်အင်း ... မဖြစ်ပါဘူး၊ စံပြအိပ်တော့လေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်နိုလည်း ပြန်အိပ်တော့လေ၊ အိပ်ရေးဝဝအိပ်မှ အားရှိမှာ မဟုတ်လား၊ တို့သားသားလေးအတွက် ဂရုစိုက်ရမယ့် ကာလ မဟုတ်လား"

စူဖောင်းဖောင်း မင်နို့ဝမ်းဗိုက်ကို စံပြကခပ်ဖွဖွ သပ်ရင်းဆိုသည်။ မင်နိုက သူ့မအပေါ် အစစအရာရာ ဂရုစိုက်ကြည့်နေသော ခင်ပွန်းကို စိုလက်တောက်ပသော မျက်ဝန်းတို့နှင့် မော့ကြည့်သည်။ ပြီးတော့ နူးညံ့သော အပြုံးတစ်ပွင့်ခြွေရင်း ခေါင်းလေး အသာညိတ်ပြလိုက်သည်။

အသင်

၁၃-၄-၂၀၁၂

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉–လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com